# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ပဉ္စမပုံမှန်အစည်းအဝေး
# (၄၀) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၄၀) ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၄ |
| ၆ | (က) စဉ့်ကိုင်မြို့နယ်၊ ရွှေလုံဗိုလ်(ကန်အောက်) ကျေးရွာတွင် တိုက်နယ်ဆေးရုံအသစ် ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၅ |
| ၇ | (ခ) ဝက်လက်မြို့နယ် ပြည်သူ့ဆေးရုံကို (၂၅) ခုတင်ဆံ့မှ ခုတင်(၅၀) ဆံ့ ဆေးရုံအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၁ |
| ၈ | (ဂ) နိုင်ငံတော်စီမံကိန်း လုပ်ငန်းများဖြစ်သည့် ပြည်ထောင်စုဘတ်ဂျက်မှ ချထားပေးသော လုပ်ငန်းများတွင် လုပ်ပိုင်ခွင့်ရကုမ္ပဏီများမှ စာချုပ်ပါအာမခံချက်များ၊ စည်းကမ်း၊ စည်းမျဉ်း၊ စံသတ်မှတ်ချက် မလိုက်နာမှုအပေါ် မည်သို့အရေးယူမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၂ |
| ၉ | (ဃ) တိုင်းရင်းဆေးဝါး မှတ်ပုံတင်နှင့် ထုတ်လုပ်ခွင့်လိုင်စင်များ လျှောက်ထားရာတွင် မလိုလားအပ်သော အဆင့်များကို ဖြေလျှော့ပေးရန်နှင့် တိုင်းရင်းဆေးပညာ ဦးစီးဌာန၏ (၃/၂၀၁၇) အမိန့်ညွှန်ကြားချက်နှင့် ဆက်စပ်ပတ်သက်သော အမိန့်ညွှန်ကြားချက်၊ စည်းကမ်းချက်များကို ပြန်လည်ရုပ်သိမ်း၍ ညှိနှိုင်း ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၈ |
| ၁၀ | (င) ပေါက်တောမြို့နယ် အရှေ့မြောက်ဘက်ရှိ သပြေကန် ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၅ |

| | | |
|---|---|---|
| ၁၁ | (စ) ပဲခူးမြို့နယ်၊ ဓောင်းတူတိုက်နယ်ဆေးရုံ ဝန်ထမ်းအိမ်ရာများအား ပြုပြင်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၂၈ |
| ၁၂ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်း ခံရသူများအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း | ၃၁ |
| ၁၃ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော မြန်မာနိုင်ငံ လင်မယားကွာရှင်းရေးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း | ၃၂ |
| ၁၄ | ဦးမြင့်လွင်၊ တွံတေးမဲဆန္ဒနယ်က တင်သွင်းသည့် မြို့နယ်တိုင်းတွင် အစိုးရနှင့် အရပ်ဘက် အဖွဲ့အစည်းများ၊ ပြည်သူများ ပူးပေါင်းပါဝင်သော စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီများ ဖွဲ့စည်းထူထောင် နိုင်ရေးအတွက် လိုအပ်သော ဦးဆောင်လမ်းညွှန် ကူညီပံ့ပိုးမှုများ ချမှတ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်း အဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆက်လက် ဆွေးနွေးခြင်း | ၃၄ |
| ၁၅ | ဦးမြင့်လွင်၊ တွံတေးမဲဆန္ဒနယ်က တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၅၉ |
| ၁၆ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၁) ရက် မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၄၁) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၆၈ |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး

# (၄၀)ရက်မြောက်နေ့ အစီအစဉ်

# [ ၇–၈–၂၀၁၇ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဒေါက်တာဒေါ်ကြည်မို့မို့လွင်၊ စဉ့်ကိုင် မဲဆန္ဒနယ်၏ **စဉ့်ကိုင်မြို့နယ်၊ ရွှေလုံဖိုလ်(ကန်အောက်)ကျေးရွာတွင် တိုက်နယ်ဆေးရုံအသစ် ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးမြင့်သိန်း၊ ဝက်လက် မဲဆန္ဒနယ်၏ **ဝက်လက်မြို့နယ် ပြည်သူ့ဆေးရုံကို (၂၅)ခုတင်ဆံ့မှ ခုတင်(၅၀)ဆံ့ ဆေးရုံအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါ်သန္တာ၊ အိမ်မဲ မဲဆန္ဒနယ်၏ **နိုင်ငံတော်စီမံကိန်းလုပ်ငန်းများဖြစ်သည့် ပြည်ထောင်စုဘတ်ဂျက်မှ ချထားပေးခဲ့သော လုပ်ငန်းများတွင် လုပ်ပိုင်ခွင့်ရ ကုမ္ပဏီများမှ စာချုပ်ပါအာမခံချက်များ၊ စည်းကမ်း၊ စည်းမျဉ်း၊ စံသတ်မှတ်ချက် မလိုက်နာမှုအပေါ် မည်သို့ အရေးယူမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၏ **တိုင်းရင်းဆေးဝါး မှတ်ပုံတင်နှင့် ထုတ်လုပ်ခွင့်လိုင်စင်များ လျှောက်ထားရာတွင် မလိုလားအပ်သော အဆင့်များကို ဖြေလျှော့ပေးရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာန၏ (၃/၂၀၁၇)အမိန့်ညွှန်ကြားချက်နှင့် ဆက်စပ်ပတ်သက်သော အမိန့်ညွှန်ကြားချက်၊ စည်းကမ်းချက်များကို ပြန်လည်ရုပ်သိမ်း၍ ညှိနှိုင်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးအောင်ကျော်ဇံ၊ ပေါက်တော မဲဆန္ဒနယ်၏ **ပေါက်တောမြို့နယ် အရှေ့မြောက်ဘက်ရှိ သပြေကန်ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါက်တာဒေါ်ရွှေပုံ၊ ပဲခူး မဲဆန္ဒနယ်၏ **ပဲခူးမြို့နယ်၊ ဇောင်းတူ တိုက်နယ်ဆေးရုံ ဝန်ထမ်းအိမ်ရာများအား ပြုပြင်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့သော **"အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့သော **"မြန်မာနိုင်ငံ လင်မယားကွာရှင်းရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၈။ ဦးမြင့်လွင်၊ တွံတေး မဲဆန္ဒနယ်က တင်သွင်းသည့် **"မြို့နယ်တိုင်းတွင် အစိုးရနှင့် အရပ်ဘက် အဖွဲ့အစည်းများ ပြည်သူများ ပူးပေါင်းပါဝင်သော စာကြည့်တိုက် ဖွံ့ဖြိုး တိုးတက်ရေးကော်မတီများ ဖွဲ့စည်းထူထောင်နိုင်ရေးအတွက်**

**လိုအပ်သော ဦးဆောင်လမ်းညွှန် ကူညီပံ့ပိုးမှုများ ချမှတ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက် ဆွေးနွေးခြင်း–

(က) ဦးလွင်ကိုလတ်၊ သန်လျင် မဲဆန္ဒနယ်၊

(ခ) ဦးမျိုးဇော်အောင်၊ ကောလင်း မဲဆန္ဒနယ်၊

(ဂ) ဦးတင်လှ၊ ဓနုဖြူ မဲဆန္ဒနယ်၊

(ဃ) ဦးရည်မွန်(ခ)မောင်တင်သစ်၊ ပုဗ္ဗသီရိ မဲဆန္ဒနယ်၊

(င) ဦးငြိမ်းသစ်(ခ)ဦးသောင်းထွန်း၊ မဟာအောင်မြေ မဲဆန္ဒနယ်၊

(စ) ဦးကံမြင့်၊ သရက် မဲဆန္ဒနယ်၊

(ဆ) ဦးမင်းသိန်း၊ တောင်တွင်းကြီး မဲဆန္ဒနယ်၊

(ဇ) ဦးလှထွန်းအောင်၊ မလှိုင် မဲဆန္ဒနယ်၊

(ဈ) ဦးနေလင်းအောင်၊ မင်းတပ် မဲဆန္ဒနယ်၊

(ည) ဦးမျိုးနိုင်၊ ချမ်းအေးသာစံ မဲဆန္ဒနယ်၊

၉။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမ ပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၄၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး
## (၄၀)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်နေ့
## (၂၀၁၇ ခုနှစ်၊ ဩဂုတ် ၇ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့ကို နံနက် ၁၀း၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၁၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၅ ဦးရှိတဲ့အနက် ၃၇၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၅.၂၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ သြဂုတ်လ ၇ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန် ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦး ရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၇၀ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၄၅ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင် အစည်းအဝေးပြီးဆုံးသည်အထိ၊

(၂) ရေတာရှည်မဲဆန္ဒနယ်မှ ဦးကြည်မိုးနိုင် ခွင့် ၅ ရက်၊

(၃) အုတ်ဖိုမဲဆန္ဒနယ်မှ ဦးဇော်မင်း ခွင့် ၅ ရက်၊

(၄) ရေးမဲဆန္ဒနယ်မှ ဒေါက်တာအောင်ထွန်းခိုင်(ခ)ချိန်ဝင်း ခွင့် ၁ ရက်၊

(၅) မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု(ခ)တင်နုအောင် ခွင့် ၅ ရက်၊

(၆) သံတွဲမဲဆန္ဒနယ်မှ ဦးမင်းကြည် ခွင့် ၁၀ ရက်၊

(၇) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၂ ရက်၊

(၈) နမ့်ခမ်းမဲဆန္ဒနယ်မှ ဦးထွန်းကျော် ခွင့် ၃ ရက်၊

(၉) သာပေါင်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၁ ရက်၊

(၁၀) အင်္ဂပူမဲဆန္ဒနယ်မှ ဦးအေးဝင်း ခွင့် ၅ ရက်၊

(၁၁) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၈ ရက်၊

(၁၂) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း အစည်းအဝေးပြီးဆုံးသည်အထိ၊

(၁၃) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမွန်း အစည်းအဝေးပြီးဆုံးသည်အထိ၊

(၁၄) ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း ခွင့် ၁ ရက်၊

(၁၅) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၅ ရက်၊

(၁၆) ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင် ခွင့် ၂ ရက်၊

(၁၇) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၂ ရက်၊

(၁၈) မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး ခွင့် ၁ ရက်၊

(၁၉) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၅ ရက်၊

(၂၀) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၁ ရက်၊

(၂၁) စဉ့်ကူးမဲဆန္ဒနယ်မှ ဒေါက်တာဇော်ဝင်းမြင့် ခွင့် ၁ ရက်၊

(၂၂) မြန်အောင်မဲဆန္ဒနယ်မှ ဦးခင်မောင်လတ် ခွင့် ၅ ရက်၊

(၂၃) အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံး ခွင့် ၃ ရက်၊

(၂၄) ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ခွင့် ၁ ရက်၊

(၂၅) မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်မေဝင်းမြင့် ခွင့် ၁ ရက်၊

(၂၆) ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း ခွင့် ၁ ရက်၊

(၂၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်အောင်သီဟ ခွင့် ၅ ရက်၊

(၂၈) မံစီမဲဆန္ဒနယ်မှ ဦးချင်းဖေလင်း ခွင့် ၅ ရက်၊

(၂၉) ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင် ခွင့် ၁ ရက်၊

**မူကြမ်း**

(၃၀) လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ ခွင့် ၂ ရက်၊

(၃၁) ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးစံခင် ခွင့် ၂ ရက်၊

(၃၂) မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း ခွင့် ၁ ရက်၊

(၃၃) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးအောင်သောင်းရွှေ ခွင့် ၅ ရက်၊

(၃၄) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၁ ရက်၊

(၃၅) ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးရွှေလှကြိုင် ခွင့် ၂ ရက်၊

(၃၆) ကျုံပျော်မဲဆန္ဒနယ်မှ ဦးစိုးအောင်နိုင် ခွင့် ၂ ရက်၊

(၃၇) ငပုတောမဲဆန္ဒနယ်မှ ဦးသန်းအောင် ခွင့် ၁ ရက်၊

(၃၈) ပုသိမ်မဲဆန္ဒနယ်မှ ဦးဝေလှိုင်ထွန်း အစည်းအဝေးပြီးဆုံးသည်အထိ၊

(၃၉) ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ရှားမီး ခွင့် ၅ ရက်၊

(၄၀) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး ခွင့် ၄ ရက်၊

(၄၁) ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးခင်မောင်စိုး ခွင့် ၁ ရက်၊

(၄၂) မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ ခွင့် ၁ ရက်၊

(၄၃) လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး ခွင့် ၁ ရက်၊

(၄၄) ငွမဲဆန္ဒနယ်မှ ဦးမြင့်ဝေ ခွင့် ၅ ရက်နှင့်

(၄၅) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၉ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၄၅ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၆၄ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၉ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၄၅ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၆၄ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့

အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း စတင်ဆောင်ရွက်ပါမယ်။

**စဉ့်ကိုင်မြို့နယ်၊ ရွှေလှံဗိုလ်(ကန်အောက်)ကျေးရွာတွင် တိုက်နယ်ဆေးရုံအသစ် ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ကြည်မိုမိုလွင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ကြည်မိုမိုလွင်(စဉ့်ကိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကံကောင်းခြင်းများစွာ ပိုင်ဆိုင်နိုင်ပါစေ။ ကျွန်မကတော့ စဉ့်ကိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ကြည်မိုမိုလွင်ပါ။ စဉ့်ကိုင်မြို့နယ် ရွှေလှံဗိုလ်(ကန်အောက်)ကျေးရွာမှာ တိုက်နယ်ဆေးရုံအသစ် ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းသွားမှာဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပေးပါရှင်။ ဥက္ကဋ္ဌကြီးရှင့်။ စဉ့်ကိုင်မြို့နယ်ဟာ ၁၇၃.၁၈ စတုရန်းမိုင် ကျယ်ဝန်းပြီးတော့ လူဦးရေ ၁၅၀၀၀၀ ခန့်နေထိုင်ပါတယ်။ မြို့ပေါ် ငါးရပ်ကွက်နဲ့ ကျေးရွာပေါင်း ၁၆၃ ရွာနဲ့ ဖွဲ့စည်းထားပါတယ်။ အာဆီယံဟိုင်းဝေးလမ်းဖြစ်တဲ့ ရန်ကုန်-မန္တလေးလမ်းဟောင်းဟာ တောင်နှင့်မြောက် ဖြတ်သန်းသွားတဲ့အတွက် မြို့နယ်ကို အရှေ့ခြမ်းနှင့်အနောက်ခြမ်း ပိုင်းခြားထားသလို ဖြစ်နေပါတယ်။ အနောက်ဘက်ခြမ်းဟာ လူနေထူထပ်ပြီး မြို့ပေါ်ရပ်ကွက်များရှိပါတယ်။ ကျေးရွာများနှင့်လည်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပါတယ်။ မြို့နယ်အရှေ့ဘက်ခြမ်းမှာတော့ တောင်တန်းများ၊ အင်းအိုင်များပေါများပြီးတော့ ကျေးရွာများမှာ လေးကိုင်းသဏ္ဍာန်ပြန့်ကျဲနေပြီးတော့ သွားလာရခက်ခဲ

ပါတယ်။ စဥ့်ကိုင်တစ်မြို့နယ်လုံးမှာ စဥ့်ကိုင်မြို့နယ်ဆေးရုံတစ်ခုနဲ့ ပလိပ်တိုက်နယ်ဆေးရုံတစ်ခုသာ ပါရှိပါတယ်။ အဲဒီဆေးရုံနှစ်ခုလုံးဟာလည်း မြို့နယ်ရဲ့အနောက်ဘက်ခြမ်းမှာပဲရှိပါတယ်။ ဒါ့ကြောင့် မြို့နယ်အရှေ့ဘက်ခြမ်းကကျေးရွာများမှ ပြည်သူတွေဟာ ဆေးရုံတက်ရောက်ကုသဖို့လိုရင် ခရိုင်ပတ်လမ်းကနေတစ်ဆင့် ၁၆ မိုင်ကျော်ဝေးတဲ့စဥ့်ကိုင်ဆေးရုံသို့လည်းကောင်း၊ ၃၅ မိုင်ကျော်ဝေးတဲ့ ကျောက်ဆည်ဆေးရုံသို့လည်းကောင်း ဝေးလံခက်ခဲစွာသွားရောက်ကြရပါတယ်။ ကျေးရွာချင်းဆက်လမ်းတွေဟာလည်း မြေလမ်း၊ ဂျင်းလမ်းတွေဖြစ်လို့ မိုးရာသီမှာ ဒုတ်ထိုးရွံ့ခွာဖို့ ဒုတ်တစ်ချောင်းဆောင်ထားရတဲ့လမ်းတွေ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဆေးရုံကုသမှုကိုလိုအပ်တဲ့မွေးလူနာ၊ မြွေကိုက်လူနာနဲ့တခြားအရေးပေါ်လူနာများကို အချိန်မီဆေးရုံမပို့နိုင်တဲ့အတွက် မသေသင့်ဘဲ အသက်ဆုံးရှုံးရခြင်းများ ရင်ဆိုင်ကြုံတွေ့နေရပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲ လျှပ်စစ်မီးကမရှိ ဒုတ္ထဝတီမြစ်ကလည်း တစ်ဖက်မှာပိတ်နေခဲ့တဲ့အတွက် ယခင်အစိုးရအဆက်ဆက်လက်ထက်မှာ စဥ့်ကိုင်မြို့နယ်အရှေ့ဘက်ခြမ်းက ပြည်သူတို့ရဲ့တိုက်နယ်ဆေးရုံအိပ်မက်တစ်ခုဟာ မက်ခွင့်မရခဲ့ပါဘူး။ ယခုပြည်သူ့အစိုးရသစ်လက်ထက်မှာ ဒုတ္ထဝတီမြစ်ကူးတံတား ရွှေဆာရံကို ၃၁-၃-၂၀၁၇ ရက်နေ့က ဖွင့်လှစ်ပေးနိုင်ခဲ့တဲ့အတွက် ဒေသခံပြည်သူများက အလွန်ကျေးဇူးတင်ဝမ်းမြောက်ခဲ့ကြပါတယ်။ တိုက်နယ်ဆေးရုံမျှော်လင့်ချက်ဟာ တဖန်ပြန်လည်ရှင်သန်လာပြီးတော့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ပြည်သူ့အသံနားထောင်ပွဲမှာ ရွာပေါင်း ၂၀ ကျော်က ရွာသူရွာသားတွေဟာ ဆေးရုံတစ်ခုဖွင့်လှစ်ပေးပါရန် တောင်းဆိုခဲ့ကြပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ပြည်သူ့အစိုးရကိုချစ်သော ပြည်သူများပီပီ တာဝန်ခွဲဝေယူတဲ့အနေနဲ့ ရွှေလှံ့ဗိုလ်(ကန်အောက်)ကျေးရွာမှာ တောင်သူဦးရင်သွေးမိသားစုမှလည်း တိုက်နယ်ဆေးရုံတည်ဆောက်နိုင်ရန် ရည်မှန်းပြီးတော့ ကန်အောက်ကျေးရွာအနီး ခရိုင်ပတ်လမ်းဘေးမှာ မြေဧရိယာ ၄.၀၂ ဧကကို လှူဒါန်း ထားပြီးဖြစ်ပါတယ်။ တံတားဖွင့်ပွဲအပြီး မြေတန်ဖိုးတွေ တစ်ဧကေ သိန်းရာချီဈေးတက်လာပေမဲ့ ကိုယ့်ဒေသခံပြည်သူတွေအတွက် ကျန်းမာရေးစောင့်ရှောက်မှုရရှိစေရန် စေတနာမေတ္တာအပြည့်နဲ့ သာမန်တောင်သူဦးကြီးတစ်ယောက်က လှူဒါန်းခဲ့တာကို ကြည့်ချင်းအားဖြင့် ကျွန်မမဲဆန္ဒရှင်ပြည်သူတွေဟာ တိုက်နယ်ဆေးရုံတစ်ခုရရှိဖို့ ဘယ်လောက်တောင် မျှော်လင့်ချက်ကြီးမားနေလဲဆိုတာ ခန့်မှန်းသိရှိနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ရွှေလှံ့ဗိုလ်(ကန်အောက်)ကျေးရွာမှာ တိုက်နယ်ဆေးရုံတစ်ခု ဖွင့်လှစ်ပေးနိုင်မယ်ဆိုရင် စဥ့်ကိုင်မြို့နယ်အတွင်းမှ ရွာပေါင်း ၄၀ ကျော်ခန့်က ပြည်သူတွေကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်တဲ့အပြင် ပုသိမ်ကြီးမြို့နယ်၊ ရွှေဆာရံဘုရား ပတ်ဝန်းကျင်ကျေးရွာများမှလည်း ဒုတ္ထဝတီတံတားအသစ်ကြီးကို ဖြတ်ပြီးတော့ အလွယ်တကူ လာရောက်ကုသမှုခံယူနိုင်မှာဖြစ်ပါတယ်။ ယခင် မိုင် ၄၀ ကျော်ဝေးတဲ့ကျောက်ဆည်ဆေးရုံထိ သွားရောက်ကုသနေရတဲ့ ကျောက်ဆည်မြို့နယ်ရဲ့ရွာရေအားလျှပ်စစ်စီမံကိန်းမှဝန်ထမ်းများ၊ မိသားစုများ၊ ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများအတွက်လည်း လွန်စွာအဆင်ပြေသွားမှာ ဖြစ်ပါတယ်။ ဒုတ္ထဝတီတံတားကနေပြီးတော့ ပုသိမ်ကြီးမြို့နယ်ထဲက ကျောက်မီးဆေးရုံကို ၁၂ မိုင်ခန့်ဝေးပါတယ်။ စဥ့်ကိုင်မြို့နယ်ကျေးရွာက ပြည်သူတွေဟာ ဒုတ္ထဝတီတံတားကို ရောက်အောင်ဆိုရင် အနည်းဆုံးလေးမိုင်ကနေ ၁၀ မိုင်ထိ မြေလမ်းကသာလာရမှာဖြစ်တဲ့အတွက် ဒီရွှေလှံ့ဗိုလ်တိုက်နယ်ဆေးရုံကိုသာ ဖွင့်လှစ်မပေးနိုင်ဘူးဆိုရင် ကျောက်မီးဆေးရုံအထိ မိုင် ၂၀ လောက် ခက်ခဲစွာသွားရောက်ကုသနေရဦးမှာဖြစ်တယ်ဆိုတာကို တစ်ပါတည်းတင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မမဲဆန္ဒနယ်အရှေ့ဘက်ခြမ်းက ပြည်သူတွေဟာ သူတို့အတွက်အမှန်တကယ်လိုအပ်နေတဲ့ တိုက်နယ်ဆေးရုံတစ်ခုရရှိရေးအိပ်မက်ကို ပြည်သူ့အစိုးရက အကောင်အထည်ဖော်ပေးလိမ့်မယ်လို့လည်း ယုံကြည်မျှော်လင့်နေကြပါတယ်။ အမှန်တကယ်လည်းလိုအပ်နေတယ်။ ဖွင့်လှစ်ပေးမယ်ဆိုရင်လည်း စာရွက်ပေါ်မှာတွက်ချက်လို့ရတာထက် လက်တွေ့မြေပြင်ပေါ်မှာပိုပြီးတော့ အကျိုးပြုနိုင်မှာသေချာတဲ့အတွက် စဥ့်ကိုင်မြို့နယ်၊ ရွှေလှံ့ဗိုလ်(ကန်အောက်)ကျေးရွာတွင်တိုက်နယ်ဆေးရုံအသစ်ဖွင့်လှစ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင်စတင်တည်ဆောက်ပေးမည်ကို သိရှိလိုပါသဖြင့် မဲဆန္ဒရှင်ပြည်သူများရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြောင်းပထမဦးစွာ ဆုမွန်ကောင်းတောင်းအပ်

ပါတယ်။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဒေါ်ကြည်မိုမိုလွင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်သော မီးသွေးဘုတ်ကျေးရွာ အုပ်စု၊ ရွှေလှံ့ဗိုလ်(ကန်အောက်)ကျေးရွာတွင် တိုက်နယ်ဆေးရုံအသစ် ဖွင့်လှစ်ပေးရန်ကိစ္စနှင့် ရှင်းပြ မှာ ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ် လူဦးရေ ၁၅၀၀၀၀ ခန့်ရှိပြီး ခုတင် ၅၀ ဆံ့ စဉ့်ကိုင်မြို့နယ် ပြည်သူ့ဆေးရုံ၊ ခုတင် ၅၀ ဆံ့ စဉ့်ကိုင်မျက်စိအထူးကုဆေးရုံ၊ ပုလိပ်တိုက်နယ်ဆေးရုံ စုစုပေါင်း ဆေးရုံသုံးရုံဖွင့်လှစ်ထားပြီးဖြစ်ပါတယ်။ ရွှေလှံ့ဗိုလ်(ကန်အောက်)ကျေးရွာသည် စဉ့်ကိုင်မြို့ အရှေ့ဘက်ခြမ်းတွင်တည်ရှိပြီး ပြင်ဦးလွင်-ကျောက်ဆည်ခရိုင်ချင်းဆက်လမ်းမကြီးပေါ်တွင် တည်ရှိ ပါသည်။ ရွှေလှံ့ဗိုလ်(ကန်အောက်)ကျေးရွာတွင် ရဘိုကျေးလက်ကျန်းမာရေးဌာန၊ နတ်ရေကန် ကျေးလက်ကျန်းမာရေးဌာနခွဲအောက်တွင် တည်ရှိသော ကျေးရွာတစ်ရွာသာဖြစ်ပါတယ်။ ဒီနေရာမှာ ရဘိုကျေးလက်ကျန်းမာရေးဌာနက ရွာ ၂၉ ရွာကိုတာဝန်ယူထားပါတယ်။ လူဦးရေ ၂၄၀၀၀ ပါ။ နတ်ရေကန်ကျေးလက်ကျန်းမာရေးဌာနခွဲအောက်မှာ ကိုးရွာကိုတာဝန်ယူထားပါတယ်။ ရွှေလှံ့ဗိုလ် (ကန်အောက်)ကျေးရွာကတော့ ရွာတစ်ရွာသာလျှင်ဖြစ်ပြီး လူဦးရေအားဖြင့် ၇၆၉ ဦးရှိပြီး၊ အိမ်ခြေ ၁၄၇ အိမ်ရှိပါတယ်။ ရွှေလှံ့ဗိုလ်(ကန်အောက်)ကျေးရွာသည် စဉ့်ကိုင်မြို့နယ်နှင့် ခုတင် ၅၀ ဆံ့ ဆေးရုံ နဲ့ ၁၆ မိုင်ခန့်ဝေးပြီးတော့ သွားလာရန်အခက်အခဲရှိတယ်ဆိုတာကို ကျွန်တော်တို့ သိရှိရပါတယ်။ အလားတူစွာ ပုသိမ်ကြီးမြို့နယ်ဆေးရုံနှင့်လည်း ၁၆ မိုင်ကွာဝေးပြီး သွားလာတာခက်ခဲတာတော့ သိရ ပါတယ်။ သို့သော် ရဘိုကျေးလက်ကျန်းမာရေးဌာနတွင် ကျေးရွာ ၂၉ ရွာ၊ လူဦးရေ ၂၄၀၀၀ နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများပါ ထည့်သွင်းစဉ်းစားမည်ဆိုလို့ရှိရင်တော့ အကျိုးပြုနိုင်မည့်လူဦးရေ ၃၅၀၀၀ ခန့်ရှိပါတယ်။ သို့သော် ဒီနေရာမှာ ကျွန်တော်တစ်ချက်တင်ပြလိုတာကတော့ ကျွန်တော့်ကို တင်ပြထားချက်က ပုသိမ်ကြီးမြို့နယ် ကျောက်မီးတိုက်နယ်ဆေးရုံနဲ့ ၈ မိုင်ပဲ ဝေးတယ်လို့ ကျွန်တော့်ကို ပြောထားပါတယ်။ ကျွန်တော်တို့ဌာနက ဒီမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတာတော့ မိုင် ၂၀ ဝေးတယ်လို့ ပြောပါတယ်။ အဲဒါကိုတော့ ကျွန်တော်တို့က ပြန်ပြီးတော့ ဆန်းစစ် ဖို့လိုပါတယ်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် နှစ်စဉ်ပျမ်းမျှခြင်းအားဖြင့် တိုက်နယ်ဆေးရုံ ၄၀ ခန့်သာ ရန်ပုံငွေရရှိပြီး ဘဏ္ဍာရေးနှစ်အတွက် လျာထားမှုရှိပြီးတော့ အခု ဒီနှစ်အတွက်ကတော့ လျာထားမှုပြည့်ဝနေပါတယ်။ အဲဒီတော့ တိုက်နယ်ဆေးရုံတစ်ခုကို ဆောက်မယ်ဆိုရင် ကျွန်တော်တို့မှာ စံနှုန်းခြောက်ချက်ရှိပါတယ်။ အဲဒီတော့ ဒီခြောက်ချက်မှာ စံနှုန်းက နှစ်ချက်ပဲမိပါတယ်။ ပထမ

တစ်ချက်ဖြစ်သော အကယ်၍ တိုက်နယ်ဆေးရုံလုပ်မယ်ဆိုရင် အဲဒီမှာ ကျေးလက်ကျန်းမာရေးဌာန ရှိပြီးသားဖြစ်ရမယ်။ အခုဟာက ဖွင့်လှစ်ထားခြင်းမရှိသေးသော ကျေးရွာဖြစ်ပါတယ်။ နောက်တစ်ခု အနီးဆုံးမြို့နယ်ဆေးရုံနဲ့လည်း ၁၀ မိုင်ခန့်ပဲ ဝေးရမယ်။ သို့မဟုတ် တိုက်နယ်ဆေးရုံနဲ့လည်း ၁၀ မိုင်ခန့်ပဲဝေးတဲ့နေရာဖြစ်ရမယ်။ အခု ကျွန်တော့်ကို ဒီမှာ တင်ပြချက်အရဆိုရင် ကျောက်မီးဆေးရုံနဲ့ ကတော့ ၈ မိုင်ပဲဖြစ်တဲ့အတွက် ဒီစံညွှန်းကိုမကိုက်ညီဘူးဖြစ်ပါတယ်။ အကယ်၍သာ မိုင် ၂၀ ဆိုလို့ ရှိရင်တော့ ကျွန်တော်တို့ တစ်နည်းတစ်လမ်းအားဖြင့် စဉ်းစားဖို့ လိုပါမယ်။ ထို့အပြင် အိမ်ခြေနှင့် အိမ်ထောင်ဦးရေများပြားပြီး လူဦးရေသိပ်သည်းမှု (Population Density) ကလည်း မြင့်ရမယ်။ ဒီမှာ ကျေးရွာလူဦးရေက ၇၆၉ ဦးပဲရှိပါတယ်။ ပြည့်မီတာကတော့ နှစ်ချက်ရှိပါတယ်။ လုံခြုံရေးကောင်းပါ တယ်။ မြေဧက ၄ ဧက ဒါကတော့ ရှိပါတယ်။ နောက်တစ်ချက်က ဒီမှာ တိုက်နယ်ဆေးရုံဆောက်မယ် ဆိုရင် လမ်းပန်းဆက်သွယ်ရေးအရ မြို့နယ်ဆေးရုံများသို့ လာရောက်ရန်ခက်ခဲသောနယ်မြေမှ လူနာ များ အလွယ်တကူလာရောက်နိုင်တဲ့နေရာဖြစ်မယ်။ ဒီမှာလည်း စံညွှန်းနဲ့မကိုက်ဘူးဖြစ်နေပါတယ်။ သို့သော်လည်း အကယ်၍ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့အတိုင်း မိုင် ၂၀ ဝေးတယ်ဆိုလို့ ရှိရင်တော့ ကျွန်တော်တို့က တစ်နည်းတစ်ဖုံစဉ်းစားဖို့ လိုမယ်ဖြစ်ပါတယ်။ စဉ်းစားဖို့ကိုလည်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာဖြစ်ပါတယ်။ လောလောဆယ်ကတော့ ဒီစံညွှန်းများနှင့် ကိုက်ညီမှုမရှိသေးတဲ့ အတွက် ရွှေလုံ့ဇိုလ်(ကန်အောက်)ကျေးရွာတွင် တိုက်နယ်ဆေးရုံဖွင့်လှစ်ရန် အစီအစဉ်မရှိသေးပါ ကြောင်း။ သို့သော် ၎င်းနှင့်အနီးကပ်ရှိသော နတ်ရေကန်ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ရဘို ကျေးလက်ကျန်းမာရေးဌာနမှာတော့ လူအင်အား၊ ပစ္စည်းအင်အားကို လုံးဝအပြည့်ဖြည့်တဲ့အပြင် ဒီမှာ ထမ်းဆောင်နေတဲ့ ကျန်းမာရေးမှူးနှင့် သားဖွားဆရာမ၊ Lady Health Visitor (အမျိုးသမီး ကျန်းမာရေးဆရာမ)တို့ကိုတော့ အထူးအစီအစဉ်အနေနဲ့ စွမ်းရည်မြှင့်သင်တန်းကို ကျွန်တော်တို့ အမြန်ဆုံးခေါ်ပြီးတော့ ပေးဖို့ရှိပါတယ်။ အဲဒီတော့ ဆိုလိုတာကတော့ လောလောဆယ်တော့ ဒီနှစ်မှာ တော့ ပေးလို့မရသေးပါဘူး။ နောက်နှစ်မှာတော့ စဉ်းစားပေးမယ်ဖြစ်ကြောင်း လေးစားစွာ တင်ပြအပ် ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာဒေါ်ကြည်မိုမိုလွင်(စဉ့်ကိုင်မဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်းလေးမေးခွင့်ပြု ပါရှင်။ ဝန်ကြီးပြောသလိုပါပဲ။ ရွှေဘိုမဟုတ်ပါဘူးရှင့်။ ရဘိုပါရှင့်။ ရဘိုကျေးလက်ကျန်းမာရေးဌာနမှာ ကျွန်မတို့က ဘာဖြစ်လို့ တိုက်နယ်ဆေးရုံကို မလုပ်တာလဲဆိုတော့ ရဘိုကျတော့ ခရိုင်ပတ်လမ်းနဲ့လည်း

ဝေးပါတယ်။ ခရိုင်ပတ်လမ်းကနေပြီးတော့ ရဘိုဆိုရင် ၃ မိုင်၊ ၄ မိုင်လောက်ဝင်ရပါတယ်ရှင်။ အနီးနဲ့ ပြထားတာက ခရိုင်ပတ်လမ်းဖြစ်ပါတယ်။ ကျွန်မတို့ အရှေ့ဘက်ခြမ်းကရွာတွေက လေးကိုင်းသဏ္ဌာန် ဖြစ်နေပါတယ်။ ပြန့်ကျဲနေတယ်။ အဲဒီတော့ အဲဒီရွာတွေကနေပြီးတော့ မြေလမ်းတွေကနေပြီး ခရိုင်ပတ်လမ်းပေါ်ကိုတက်ရတာပါ။ အဲဒီခရိုင်ပတ်လမ်းပေါ်ကိုရောက်ပြီဆိုပြီးတော့မှ သူတို့ရဲ့ ဆက်သွယ်ရေးက ကောင်းတာဖြစ်ပါတယ်ရှင့်။ အဲဒါကြောင့်မို့လို့ ကျွန်မတို့က နဂိုကျေးလက်ကျန်းမာ ရေးဌာနမရှိသေးတဲ့ ကန်အောက်ကိုရွေးခြင်းဆိုတာက ဒီရွာတွေအကုန်လုံးဆက်သွယ်ရလွယ်ကူ အောင်လို့ တိုင်ပင်ပြီးတော့ ရွေးခြင်းဖြစ်ပါတယ်ရှင်။ ပြီးရင် ကျောက်မီးနဲ့ ၈ မိုင်ဆိုတာကတော့ တကယ်လို့ တိုက်နယ်ဆေးရုံဖွင့်မယ်ဆိုရင်တော့ ကျောက်မီးနဲ့ ၈ မိုင်ဖြစ်ပါလိမ့်မယ်။ သို့သော် ကန်အောက်တိုက်နယ်ဆေးရုံကိုလာမယ်ဆိုရင် ဒီမှာ မြားပြထားတဲ့ရွာတွေကနေဆိုရင် ဒီဆေးရုံကို ရောက်ဖို့ဆိုရင် ၄ မိုင်ကနေ ၈ မိုင်လောက်ဝေးပါတယ်ရှင့်။ အဲဒီအခါကျတော့ ရွာတွေကနေပြီးတော့ ဆေးရုံကိုကူးရမှာဖြစ်တဲ့အတွက် ကျောက်မီးအထိဆိုလို့ရှိရင်တော့ မိုင် ၂၀ နီးပါး ၁၆ မိုင်ရဲ့အထက်မှာ ရှိပါတယ်ရှင့်။ အဲဒါကိုလည်း ကျွန်မ တင်ပြလိုပါတယ်။ ကျွန်မတို့ မြေပြင်ကို သေချာကွင်းဆင်းပြီးတော့ မှ တကယ်လိုအပ်တယ်ထင်လို့ ကျွန်မတို့အနေနဲ့ ဒါ ပြည်သူတွေရဲ့ကိုယ်စားတောင်းတာပါ။ ပြီးရင် ကျွန်မတို့မှာ မနှစ်ကဆိုလို့ရှိရင်လည်း သစ်ခေါက်ကျန်းမာရေးဌာန ဘတ်ဂျက်ကျပြီးတော့မှ မြေအငြင်းပွားမှုဖြစ်တဲ့အတွက် ကျွန်မတို့မြို့နယ်အနေနဲ့ ဆုံးရှုံးသွားရပါတယ်။ အခု ဒီဟာဆိုလို့ရှိရင် တကယ်မြေဧကတွေလည်း လှူထားပြီးသားဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်မရဲ့မဲဆန္ဒနယ် ပြည်သူ တွေရဲ့ မျှော်လင့်ချက်လေးကို ဖြည့်ဆည်းပေးနိုင်ဖို့ နောက်နှစ်ဘတ်ဂျက်တွေမဟုတ်ဘူးဆိုရင်လည်း ဘယ်နှစ်မှာ ဖြည့်ဆည်းပေးနိုင်မလဲဆိုတာလေးကို တစ်ဆက်တစ်စပ်တည်း မေးခွင့်ပြုပါရှင်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒါကို ကျွန်တော်တို့ဘက်က မန္တလေး တိုင်းဒေသကြီး ဦးစီးမှူး ဒေါက်တာသန်းသန်းမြင့်ကို ကိုယ်တိုင်ကွင်းဆင်းပြီး သွားကြည့်မယ် ဖြစ်ပါတယ်။ ကွင်းဆင်းပြီး ကြည့်လို့ တကယ်လိုအပ်မယ်ဆိုလို့ရှိရင် ဒီနှစ်တော့ ထည့်လို့မရတော့ ပါဘူး။ ဒီနှစ်က ပြည့်သွားတာဖြစ်တဲ့အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ကျွန်တော်တို့ စပြီးတော့ Process စလုပ်ပေးမှာပါ။ တကယ်လိုလို့ရှိရင်တော့ ကျွန်တော်တို့ ပေးရမယ့်တာဝန်က ကျွန်တော်တို့

လုံးဝတာဝန်ရှိပါတယ်။ ကျွန်တော် ကွင်းဆင်းဖို့အတွက်ကို အမြန်ဆုံးလုပ်ပေးပါ့မယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဝက်လက်မြို့နယ် ပြည်သူ့ဆေးရုံကို (၂၅)ခုတင်ဆံ့မှ ခုတင်(၅၀)ဆံ့ဆေးရုံအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဝက်လက်မဲဆန္ဒနယ်မှ ဦးမြင့်သိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်သိန်း(ဝက်လက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သိန်း ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့အကြောင်းအရာကတော့ စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ပြည်သူ့ဆေးရုံအား အဆင့်တိုးမြှင့်ပေးရေးနှင့်စပ်လျဉ်းပြီးတော့ မေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းရမယ့် အကြောင်းအရင်းကတော့ ကျွန်တော်တို့မြို့နယ်မှာ ရပ်ကွက်ကျေးရွာအုပ်စု ၇၂ အုပ်စု၊ ကျေးရွာပေါင်း ၂၃၀ နှင့် လူဦးရေပေါင်း ၂၂၀၀၀၀ ကျော်ရှိပါတယ်။ အရှေ့အနောက် ၂၇ မိုင်၊ တောင်မြောက်က ၁၉ မိုင်ရှိပြီးတော့ စတုရန်းမိုင်ပေါင်း ၅၁၄.၅၈ မိုင်ကျယ်ဝန်းပါတယ်။ အများစုဟာ တောင်သူလယ်သမားများဖြစ်ပြီးတော့ စပါးနှင့်သီးနှံမျိုးစုံကို စိုက်ပျိုးကြပါတယ်။ ကျွန်တော်တို့မြို့နယ်မှာ ကျေးလက်ကျန်းမာရေးဌာနခွဲက ၄၄ ခု၊ ကျေးလက်ကျန်းမာရေးဌာနရှစ်ခု၊ တိုက်နယ်ဆေးရုံက သုံးခုနှင့် (၂၅)ခုတင်ဆံ့ဆေးရုံတစ်ရုံရှိပါတယ်။ လူဦးရေများပြားသဖြင့် ဆေးရုံမှာလူနာများအမြဲတမ်း ပြည့်ကြပ်ပြီးတော့နေပါတယ်။ မန္တလေးမြို့နှင့် ၆၅ မိုင်၊ ရွှေဘိုမြို့နှင့် ၂၂ မိုင်ဝေးသောကြောင့် ဆင်းရဲတဲ့ တောင်သူလယ်သမားများနှင့်အလုပ်သမားများသည် မြို့နယ်ပြည်သူ့ဆေးရုံကိုသာ အားကိုးကြရပါတယ်။ အဆောက်အဦနှစ်ခု တိုးချဲ့ဆောက်လုပ်ပေးထားသော်လည်း လုံလောက်မှုမရှိသေးပါဘူး။ ဒါကြောင့်မို့ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ဝက်လက်မြို့နယ် ပြည်သူ့ဆေးရုံအား (၂၅) ခုတင်ဆံ့ဆေးရုံမှ ခုတင်(၅၀)ဆံ့ဆေးရုံအဖြစ်သို့ တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါကမည်သည့်အချိန်မှာ စတင်အကောင်အထည်ဖော်ပေးမည်ကို သိရှိလိုပါ၍ ပြည်သူလူထုရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သိန်း၏ မေးခွန်းဖြစ်သော ဝက်လက်မြို့နယ် ပြည်သူ့ဆေးရုံးကို (၂၅)ခုတင်ဆံ့မှ ခုတင်(၅၀)ဆံ့ ဆေးရုံအဖြစ်သို့ တိုးမြှင့်ပေးရန်ကိစ္စနှင့် တင်ပြမှာဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် လူဦးရေ နှစ်သိန်းခန့်နေထိုင်လျက်ရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် (၂၅)ခုတင်ဆံ့မြို့နယ်ဆေးရုံတစ်ရုံ၊ မင်းကျီတိုက်နယ်ဆေးရုံ၊ ရှိမ္ဗကားတိုက်နယ်ဆေးရုံနှင့် ရွှေပန်းကုံးတိုက်နယ်ဆေးရုံ စုစုပေါင်းဆေးရုံ လေးရုံဖွင့်လှစ်ထားပြီး ဖြစ်ပါတယ်။ ဝက်လက်ဆေးရုံအား (၂၅) ခုတင်မှ ခုတင်(၅၀)ဆံ့သို့ တိုးမြှင့်ရန် ဇွန်လ ၂၁ ရက် ၂၀၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံကိန်းနှင့်ဖွံ့ဖြိုးပုံစိစစ်ရေးအဖွဲ့၏ (၃/၂၀၁၇)ကြိမ်မြောက်အစည်းအဝေးမှ သဘောတူညီပြီး ဖြစ်ပါတယ်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း သာမန်အသုံးစရိတ်မှ ကျခံသုံးစွဲနိုင်ရန်ညှိနှိုင်းထားပါတယ်။ ခုတင်(၅၀)ဆံ့ဆေးရုံအဖြစ် တိုးမြှင့်ခွင့်ရရှိပါက အဆောက်အဦ၊ စက်နှင့်စက်ပစ္စည်းထပ်မံလိုအပ်ငွေများအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ဇူလိုင် ၂၄ ရက်နေ့ ၂၀၁၇ ရက်စွဲဖြင့် စာဖြင့်တင်ပြထားပြီးဖြစ်ပါကြောင်းနှင့် သဘောတူညီမှုရရှိပါက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ဖွံ့ဖြိုးပုံခွင့်ပြုမိန့် ထုတ်ပြန်သွားမည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**နိုင်ငံတော်စီမံကိန်းလုပ်ငန်းများဖြစ်သည့် ပြည်ထောင်စုဘတ်ဂျက်မှ ချထားပေးသော လုပ်ငန်းများတွင် လုပ်ပိုင်ခွင့်ရကုမ္ပဏီများမှ စာချုပ်ပါအာမခံချက်များ၊ စည်းကမ်း၊ စည်းမျဉ်း၊ စံသတ်မှတ်ချက်မလိုက်နာမှုအပေါ် မည်သို့အရေးယူမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အိမ်မဲမဲဆန္ဒနယ်မှ ဒေါ်သန္တာ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်သန္တာ(အိမ်မဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ဧရာဝတီ

တိုင်းဒေသကြီး၊ အိမ်မဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာ ဖြစ်ပါတယ်။ ကျွန်မ မေးမြန်းမည့်မေးခွန်းကတော့ နိုင်ငံတော်စီမံကိန်းလုပ်ငန်းများဖြစ်တဲ့ ပြည်ထောင်စုဘတ်ဂျက်က ချထားပေးတဲ့လုပ်ငန်းတွေမှာ လုပ်ပိုင်ခွင့်ရတဲ့ကုမ္ပဏီဟာ စာချုပ်ပါအာမခံချက်များ၊ စည်းကမ်းများ၊ စည်းမျဉ်းစံသတ်မှတ်ချက်မလိုက်နာမှုအပေါ် မည်ကဲ့သို့အရေးယူမည်လဲဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၃ ပုဒ်မခွဲ(က)အရ ပြည်ထောင်စုရဲ့ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြစေပြီးတော့ ပုဒ်မခွဲ(ဃ)အရ ပြည်ထောင်စု လွှတ်တော်ကပြဋ္ဌာန်းတဲ့ ပြည်ထောင်စုရဲ့ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါအတိုင်း ပြည်ထောင်စု အစိုးရအဖွဲ့က လိုသလိုဆောင်ရွက်ရသည်လို့ ပြဋ္ဌာန်းထားတာနှင့်အညီ ပြည်ထောင်စုဘတ်ဂျက်ပါ ငွေလုံးငွေရင်းမှာပါဝင်တဲ့ စီမံကိန်းလုပ်ငန်းတွေဖြစ်တဲ့ အဓိက ကျောင်း၊ လမ်း၊ တံတား၊ ဆေးရုံနှင့် အခြား မီးလင်းရေးအပါအဝင်လုပ်ငန်းတွေကို ပွင့်လင်းမြင်သာစွာ တင်ဒါခေါ်ယူပြီး Contract စာချုပ် ချုပ်ဆိုပြီး စာချုပ်ပါစည်းကမ်း၊ စည်းမျဉ်း၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ လုပ်ကိုင်စေရပါတယ်။ အထက်မှာဆိုခဲ့သလို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၃ ပုဒ်မခွဲ(ဃ)အရ ပြည်ထောင်စုအစိုးရအဖွဲ့က လိုသလို ဆောင်ရွက်ရမယ်ဆိုတဲ့နေရာမှာ နိုင်ငံတော်သမ္မတရုံးညွှန်ကြားချက်အမှတ်(၁/၂၀၁၃) ၂၀၁၃ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့က ထုတ်ပြန်ကြေညာထားတဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်း များ လုပ်ကိုင်ခွင့်ပြုရာတွင် လိုက်နာရမည့် တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တိတိကျကျ လိုက်နာ ရမည်လို့ညွှန်ကြားထားပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့ မဲဆန္ဒနယ် ဧရာဝတီတိုင်း ဒေသကြီး၊ အိမ်မဲမြို့နယ် ရွာသစ်ကျေးရွာမှာရှိတဲ့ တိုက်နယ်ဆေးရုံအဟောင်းတစ်လုံး ရှိပါတယ်။ ဒါပေမဲ့ တိုက်နယ်ဆေးရုံအသစ်က ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာခွင့်ပြုခဲ့ပြီးတော့ ၃၀-၄-၂၀၁၃ ရက်နေ့မှာ ကုမ္ပဏီတစ်ခုကနေ စတင်ဆောက်လုပ်ခဲ့တာ ယခုထိပြီးပြတ်နိုင်ခြင်းမရှိသေးပါဘူးရှင်။ ရွာသစ် ကျေးရွာဟာ အိမ်မဲ၊ မြောင်းမြ-ရန်ကုန်ကားလမ်းမကြီးပေါ်မှာတည်ရှိပြီး လူဦးရေအင်မတန်မှ ထူထပ် ပါတယ်။ သူ့ကိုအားကိုးတဲ့ကျေးရွာတွေကလည်း အများကြီးရှိတဲ့အတွက် သူဟာတိုက်နယ်ဆေးရုံ အဟောင်းလေးနဲ့ မလုံလောက်လို့ ဆေးရုံအသစ်တစ်ဆောင်ဆောက်လုပ်ခွင့်ကျခဲ့တာပါ။ ယနေ့ထက်ထိ လည်းပြီးပြတ်နိုင်မှု မရှိသေးတဲ့အပြင် ဌာနကပဲ ပြင်ဆင်ပြီးတော့ ဖြည့်စွက်ပြင်ဆင်ပြီးအသုံးပြုနေရဆဲ ဖြစ်ပါတယ်။ ကျေးရွာမှာရှိတဲ့ ပြည်သူလူထုတွေအနေနဲ့လည်း ဒီဆေးရုံကြီးပြီးပြတ်မှုမရှိသေးတဲ့အပေါ် မှာ စိုးရိမ်စိတ်နဲ့ ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်တွေစဖြစ်လာတဲ့အခါမှာ ကျွန်မတို့ကို စပြီးတင်ပြ

တောင်းဆိုခဲ့ကြပါတယ်။ ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်တာဝန် စပြီးထမ်းဆောင်ချင်းချင်းမှာ သက်ဆိုင်ရာဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကအပါအဝင် ဒီဆေးရုံကိစ္စနဲ့ပတ်သက်ပြီး အကြိမ်ကြိမ်အစည်းအဝေးတွေလုပ်ခဲ့တယ်။ အကြိမ်ကြိမ်အကြောင်းကြားစာတွေ ပို့ခဲ့ပါတယ်။ သို့သော် အကြောင်းပြန်ကြားခြင်း မရှိတဲ့အတွက် ဒီမေးခွန်းကို မေးမြန်းရခြင်းလည်း ဖြစ်ပါတယ်။

Power Point အသုံးပြုခွင့် ပြုပါရှင်။ ဒါဟာအခုလက်ရှိဆောက်ထားတဲ့ ဆေးရုံရဲ့ အဝင်တံခါးတွေက အဲဒီလောက်ပဲပြီးသေးပါတယ်။ လမ်းတွေနဲ့ ဒီတံခါးမကြီးတွေလည်း မပြီးသေးပါဘူးရှင်။ ဒါက ဆေးရုံအဝင်ဝ ဖြစ်ပါတယ်။ ဒါကတော့ အတော်ဆိုးဆိုးရွားရွားဖြစ်ပါတယ်ရှင်။ ဒါဟာ ဆေးရုံတစ်ရုံမှာ ရှိရမည့် ကွန်ကရစ်အုတ်နံရံ၊ အင်္ဂတေအုတ်နံရံကို ဒီဘုတ်ပြားအစားထိုးပြီး ဟန်ဆောင်ပြီးတော့ ဆေးကိုညီအောင်သုတ်ကာ လုပ်ခဲ့တာပါ။ ဒါဟာ ကွန်ကရစ်အုတ်နံရံထဲမှာ ဘုတ်ပြားတွေကို ထိုးထည့်ထားခဲ့တဲ့ ပုံပဲဖြစ်ပါတယ်။ ဒါကရေမြောင်းပါ။ ဆေးရုံပတ်လည်ကရေးမြောင်းဟာ အဲဒီလောက်ပဲပြီးပါတယ်။ ပတ်လည်ရေစီးဖို့မြောင်း အကုန်မရှိဘဲနဲ့ အဲဒီလိုပဲ နည်းနည်းလောက်ပဲ ဆေးရုံရဲ့ဘေးလောက်ကိုပဲ ရေမြောင်းလေးလုပ်ထားပေးတာပါ။ ဒါက ရင်ခွဲရုံပါ။ ရင်ခွဲရုံကိုသွားတဲ့လမ်းကလည်း ဆေးရုံကနေသွားတဲ့လမ်းကို လုံးဝမလုပ်ထားဘဲနဲ့ အုတ်နီခဲပဲ ခင်းထားတာပါ။ ဒါကဆေးရုံ အနောက်ပေါက်ဝင်ပေါက်ပါ။ အဲဒီမှာလည်း တံခါးတွေဘာမှတပ်ဆင်ထားခြင်းမရှိပါဘူးရှင်။ ဒါက ဒီဝန်ထမ်းအိမ်ရာဘေးမှာရှိတဲ့ ဝန်ထမ်းအိမ်ရာရေမြောင်းတွေလည်း မလုပ်ထားဘူး။ ဝန်ထမ်းအိမ်ရာရဲ့ ရေမြောင်းဘေးက ရေဆင်းတဲ့နေရာတွေမှာလည်း နိမ့်လျှောလေးတွေမှာလည်း ကွဲအက် နေတာဟာ ဟိုဒီဝင်ပေါက်တံခါးဝလောက်ထိ ကွဲအက်နေပါတယ်။ ဒါက ဆေးရုံရဲ့နံရံပါ။ ခုနက ကျွန်မပြောသလို အုတ်နံရံမှာ ဘုတ်ပြားကိုလည်း အတုလုပ်ခဲ့တယ်။ အဲဒီဆေးရုံနံရံတွေကလည်း အခုလို အပ်ကြောင်းတွေနဲ့ကွဲနေပါတယ်။ ဒါက ဆေးရုံတွင်းထဲက မြက်တွေထူထပ်နေတဲ့နေရာပါ။ ဒီဘက်ကဆေးရုံပါ။ အခုမြင်ရတဲ့အတန်းလေးကတော့ ဝန်ထမ်းအိမ်ရာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင့်။

အခုဒီလိုမျိုးဖြစ်နေတဲ့အဖြစ်နဲ့ပတ်သက်ပြီး ကျွန်မတို့တွေ ဒီ ၂၀၁၆ ခုနှစ်၊ မေလ ၂၅ ရက်နေ့မှာ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနက စာပို့ထားပါတယ်။ သို့သော် ဒီပို့ထားတဲ့စာနှင့်ပတ်သက်ပြီးတော့ လုံးဝပြန်ကြားစာမလာခဲ့ပါဘူးရှင်။ ကုမ္ပဏီရဲ့မှတ်ပုံတင်စာချုပ်အရဆို ကျွန်မ ပူတွဲပါစာတွေလည်း ထည့်ပေးထားပါတယ်။ တကယ်လည်း သက်တမ်းကုန်ဆုံးနေပါပြီ။ ကုမ္ပဏီဒါရိုင်တာ လက်မှတ်နဲ့ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်နေ့မှာ ရက်စွဲနဲ့ မြို့နယ်ကုသရေးဦးစီးမှူးထံ ၁၅-၁-၂၀၁၆ ရက်နေ့မှာ လာရောက်အပ်နှံမယ်လို့ အကြောင်းကြားစာပို့ပေးပေမဲ့ လူလည်းမလာပါဘူး။

အကြောင်းကြားခြင်းလည်းမရှိပါဘူးရှင်။ ဒါပေမယ့် ၁၅-၁၂-၂၀၁၆ ရက်နေ့မှာတော့ တိုင်းကျန်းမာရေး ဦးစီးဌာနက ကျေးရွာအုပ်ချုပ်ရေးမှူး ဆေးရုံကော်မတီပြည်သူလူထုနှင့် လာရောက်တွေ့ဆုံပြီးတော့ ဌာနကပဲ သက်ဆိုင်ရာအလိုက် ကျန်နေသေးတဲ့အရာတွေကို။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာ၏ မေးခွန်းဖြစ်သော နိုင်ငံတော်စီမံကိန်းလုပ်ငန်းများဖြစ်သည့် ပြည်ထောင်စုဘတ်ဂျက်မှ ချမှတ်ပေးခဲ့သော လုပ်ငန်းများတွင် လုပ်ပိုင်ခွင့်ရကုမ္ပဏီများမှ စာချုပ်ပါအာမခံချက်များ၊ စည်းကမ်း၊ စည်းမျဉ်း၊ စံသတ်မှတ်ချက်မလိုက်နာမှုအပေါ် မည်သို့အရေးယူမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်းအား ဖြေကြားမှာဖြစ်ပါတယ်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် စာချုပ်ပါအာမခံအချက်များ၊ စည်းကမ်း၊ စည်းမျဉ်း၊ စံသတ်မှတ်ချက်မလိုက်နာမှုအပေါ်ကို အောက်ပါအတိုင်း ဆောင်ရွက်ပါသည်။ သတ်မှတ်ချက်(Specification)နှင့်မပြည့်စုံခြင်း၊ မကိုက်ညီခြင်းရှိပါက လက်ခံရန်ငြင်းဆန်ခြင်း၊ စာချုပ်ပါ စံသတ်မှတ်ချက်အတိုင်း ပြည့်မီအောင် ဆောင်ရွက်စေခြင်း၊ အဆိုပါဆောင်ရွက်မှုအတွက် ကုန်ကျမှု ကို လုပ်ငန်းလက်ခံဆောင်ရွက်သူမှ ကျခံခြင်း၊ သတ်မှတ်ရက်ထက်နောက်ကျပါက နောက်ကျကာလ အတွက် သတ်မှတ်ထားသောနောက်ကျကြေးကို ပေးသွင်းစေခြင်း၊ လုပ်ငန်းပြီးစီးမှု နောက်စံသတ်မှတ်နှုန်း မကိုက်ညီသေးပါက ပေးသွင်းထားသော လုပ်ငန်းပြီးမြောက်မှုအာမခံ(Performance Guarantee) စက်ပစ္စည်းကိရိယာ ဝယ်ယူသည့်လုပ်ငန်းဖြစ်လျှင် လုပ်ငန်းပမာဏ၏ ၁၀ ရာခိုင်နှုန်း၊ အဆောက်အဦ ဆောက်လုပ်ခြင်းလုပ်ငန်းဖြစ်လျှင် လုပ်ငန်းပမာဏ၏ ၅ ရာခိုင်နှုန်းကို နိုင်ငံတော်၏ဘဏ္ဍာငွေအဖြစ် သိမ်းယူခြင်း၊ စာရင်းစစ်ဆေးပြီးနောက် စာရင်းစစ်အဖွဲ့၏ လုပ်ငန်းစစ်ဆေးမှုကွာခြားချက်ရှိပါက ခြားနားငွေပမာဏကို ပြန်လည်ပေးသွင်းစေခြင်း၊ လုပ်ငန်းလက်ခံသူ၏ ဆောင်ရွက်ချက်သည် သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းစံသတ်မှတ်ချက်အတိုင်း ဖောက်ဖျက်ကြောင်း ဌာနဆိုင်ရာစစ်ဆေးရေး

အဖွဲ့မှ ဆုံးဖြတ်လျှင် ကုမ္ပဏီအား အမည်မဲစာရင်း(Black List) သတ်မှတ်၍ ဌာနအားလုံးသို့ အသိပေးခြင်း၊ စာရင်းစစ်ဆေးပြီး စာရင်းစစ်အစီရင်ခံစာ ပေးပို့မှုအပေါ် မူတည်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူခြင်းများဆောင်ရွက်ခဲ့ပါတယ်။

ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ် ရွာသစ်ကျေးရွာတိုက်နယ်ဆေးရုံဆောက်လုပ်ခြင်း လုပ်ငန်းဟာ ဖေဖော်ဝါရီလ ၂၁ ရက် ၂၀၁၃ ခုနှစ်တွင် Top Creative Asia Co,Ltd ဒကွိဏာတံခွန် နှင့် လုပ်ငန်းတန်ဖိုး ၄၃၅.၃ သန်းကျပ်ဖြင့် ဧရာဝတီတိုင်းဦးစီးဌာနမှူးနှင့် စာချုပ်ချုပ်ဆိုဆောင်ရွက်ခဲ့သောလုပ်ငန်းဖြစ်ပါတယ်။ ဖေဖော်ဝါရီ ၂၁ ရက် ၂၀၁၃ ရက်နေ့မှာစ၍ မတ်လ ၃၀ ရက်နေ့ ၂၀၁၅ ရက်နေ့အထိ စုစုပေါင်းရန်ပုံငွေ သန်း ၄၀၀ ထုတ်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ကုမ္ပဏီမှ စာချုပ်ပါကျန်ငွေများကို ယနေ့အထိ ထပ်မံတောင်းခံထားခြင်းလည်း မရှိပါဘူး။ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ ကုသရေးဌာနဦးစီး၏ ဒီဇင်ဘာလ ၁၃ ရက် ၂၀၁၆ နှင့် မတ်လ ၁၅ ရက် ၂၀၁၇ အဖွဲ့များဖွဲ့၍ စုံစမ်းစစ်ဆေးပေးဖို့ လမ်းညွှန်ချက်အရ အဖွဲ့ဝင်သုံးဦးပါသော ရှေးဦးကနဦးစုံစမ်းအဖွဲ့ဖွဲ့၍ စုံစမ်းမှုပြုလုပ်ခဲ့ပါတယ်။ ရှေးဦးစုံစမ်းမှုအဖွဲ့၏ အစီရင်ခံစာတင်ပြချက်နှင့်အညီ ဧရာဝတီတိုင်းဒေသကြီး ဦးစီးမှူး၏ တင်ပြချက်အရ ဒီဇင်ဘာလ ၃၀ ရက် ၂၀၁၆ ရက်နေ့တွင် ရွာသစ်တိုက်နယ်ဆေးရုံကြီးကြပ်မှုကော်မတီနှင့် ကုမ္ပဏီ Project Engineer တို့ညှိနှိုင်း၍ လွှဲပြောင်းလက်ခံဆောင်ရွက်ခဲ့ပြီး ယခုအခါဆေးရုံလုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်ပါတယ်။

ဒီအိမ်မဲမြို့နယ် ရွာသစ်တိုက်နယ်ဆေးရုံ တည်ဆောက်ခဲ့သည့် Top Creative Asia Co,Ltd ဒကွိဏာတံခွန်အား စာရင်းစစ်ဆေးပြီး စာရင်းစစ်အစီရင်ခံစာပေါ် မူတည်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ပြောကြားလိုပါတယ်။ ထို့အပြင် ကျွန်တော်တို့အနေနဲ့ ဒီဆေးရုံကို တစ်ပတ်အတွင်း အင်ဂျင်နီယာနှင့်အဖွဲ့ ဖွဲ့ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်း ဓာတ်ပုံပါအတိုင်း ဒီလိုဖြစ်နေလို့ရှိရင်တော့ ဒါအထူးအရေးကြီးတဲ့ကိစ္စဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ကတော့ ဒါကို တစိုက်မက်မက်လုံးဝ ဆက်လက်ပြီးတော့ အရေးယူသင့်တာကို အရေးယူပါမယ်။ မည်ကဲ့သို့ အရေးယူကြောင်းကိုလည်း ကျွန်တော်လွှတ်တော်ကိုယ်စားလှယ်ကြီးကို တရားဝင်စာနဲ့ ပြန်လည်ပြောကြားမည်ဖြစ်ကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**မူကြမ်း**

**ဒေါ်သန္တာ(အိမ်မဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးမြန်းခွင့်ပြုပါ။ အခုကျန်းမာရေးဝန်ကြီးက ဖြေသွားတဲ့နေရာမှာ အင်မတန်လည်း ပြည့်စုံပါတယ်။ အရေးယူမည့်အချက်တွေကိုလည်း တွေ့ပါတယ်။ အရင်တုန်းကဆို ကျွန်မတို့ အမည်မဲ့စာရင်းပဲလုပ်တယ်ဆိုတဲ့ အခါပဲရှိပါတယ်။ တကယ်တော့ အမည်မဲ့စာရင်းလုပ်တာ ဟာ ကျွန်မတို့အတွက် ထိရောက်မှုမရှိပါဘူး။ တကယ်ကျတော့ ကျွန်မတို့ ဒီနိုင်ငံတော်ရဲ့ ဘဏ္ဍာငွေ တွေဟာအင်မတန်မှ ကုန်ကျပါတယ်။ ဒီကုန်ကျတာနှင့်အညီ သက်ဆိုင်ရာ ကိုယ့်ဌာနက ပြန်ပြီးလုပ် ရမယ်ဆိုရင် နှစ်ခါထပ်ကုန်သလို ဖြစ်ပါတယ်။ အဲဒီတော့ ဒီသက်ဆိုင်ရာကုမ္ပဏီကို အရေးယူတာ အပြင် ကုမ္ပဏီကနေပြီးတော့ ကျွန်မတို့ပေးသွင်းထားတဲ့အဆောက်အဦဖိုးတွေ၊ ဘဏ္ဍာငွေတွေကို သိမ်းယူခြင်းဆိုတဲ့ အလုပ်ကအင်မတန်မှ ကောင်းပါတယ်။ ကျွန်မတို့အင်မတန်မှကြိုဆိုပါတယ်။ ဒါကို လုပ်တဲ့အချိန်ကိုလည်း အကြောင်းကြားပေးမယ်ဆိုသော်လည်း သက်ဆိုင်ရာ ဒီဆေးရုံပတ်ဝန်းကျင်က ကျေးရွာတွေကိုရော၊ သက်ဆိုင်ရာ ဒီကျေးရွာမှာရှိတဲ့ ဒီဆေးရုံကော်မတီတွေကိုရော ပွင့်လင်းမြင်သာစွာ နဲ့ ပြောပြဖို့ အစီအစဉ်ရော ရှိလားဆိုတာပါ တစ်ဆက်တစ်စပ်တည်း မေးချင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောကြားတဲ့အတိုင်း ကျွန်တော်သဘောတူပါတယ်။ ဒီအမည်မဲ့စာရင်း တစ်ခုနဲ့ကြေညာတာနဲ့တော့ ဘယ်သူမှဂရုမစိုက်ပါဘူး။ ကျွန်တော်တို့က ဒီစံချိန်၊ စံညွှန်းနဲ့ သတ်မှတ် တာမညီရင်တော့ပြန်ပြီးတော့ လုံးဝလျှော်ခိုင်းမှာပါ။ ထို့အပြင် လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောတဲ့အတိုင်း လွှတ်တော်ကိုယ်စားလှယ်ကြီးသာမက ပတ်ဝန်းကျင်မှာရှိတဲ့ လူတွေအားလုံး၊ ကော်မတီတွေအားလုံးကိုလည်း လုံးဝအကြောင်းကြားမှာပါ။ ဒီကိစ္စဟာအထူးအရေးကြီးတဲ့အတွက် ကျွန်တော်တို့အနေနဲ့ သေသေချာချာဆောင်ရွက်မည်ဖြစ်ကြောင်း ကျွန်တော်တင်ပြလိုပါတယ်။ ကျေးဇူး တင်ပါတယ်။

**တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် ထုတ်လုပ်ခွင့်လိုင်စင်များ လျှောက်ထားရာတွင် မလိုလားအပ်သော အဆင့်များကို ဖြေလျှော့ပေးရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာန၏ (၃/၂၀၁၇) အမိန့်ညွှန်ကြားချက်နှင့် ဆက်စပ်ပတ်သက်သော အမိန့်ညွှန်ကြားချက်၊ စည်းကမ်းချက်များကို ပြန်လည်ရုပ်သိမ်း၍ ညှိနှိုင်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးပဲဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတာကတော့ တိုင်းရင်းဆေးဝါးမှတ်ပုံတင်နဲ့ ထုတ်လုပ်ခွင့်လိုင်စင်များ လျှောက်ထားတဲ့အခါမှာ မလိုလားအပ်တဲ့အဆင့်တွေကို ဖြေလျှော့ပေးရန်နဲ့ တိုင်းရင်းဆေးပညာဦးစီးဌာနရဲ့(၃/၂၀၁၇)အမိန့်ညွှန်ကြားချက်နှင့် ဆက်စပ်ပတ်သက်တဲ့အမိန့်ညွှန်ကြားချက်၊ စည်းကမ်းချက်များကို ပြန်လည်ရုပ်သိမ်းဖို့ အစီအစဉ်ရှိ/မရှိ မေးမြန်းလိုတာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုအစိုးရနဲ့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ ပြုပြင်ပြောင်းလဲရေး အားကျိုးမာန်တက်ကျိုးစားဆောင်ရွက်နေတာကို ကျွန်တော်တို့လေးစားတန်ဖိုးထားပါကြောင်း ဦးစွာပြောကြားလိုပါတယ်။ သို့သော်လည်း ဝန်ကြီးကဉာဏ်အမြော်အမြင်ကြီးစွာ ကျိုးစားဆောင်ရွက်နေသလောက် တိုင်းရင်းဆေးလောကသားတွေအားလုံးစီးတဲ့ တိုင်းရင်းဆေးလှေကြီးကတော့ နောက်ပြန်လှော်ခြင်းခံနေရပါတယ်။ အကြောင်းကတော့ ကားမောင်းတာကျွမ်းကျင်တဲ့ ဒရိုင်ပါကို မာလိန်မှူးခန့်ထားတဲ့အတွက် ဘယ်တော့ကမ်းကိုတိုက်မလဲ။ ဘယ်တော့ကျောက်ဆောင်ကိုတိုက်မလဲ။ မုန်တိုင်းမိတော့မလားလို့စိုးရိမ်သောကများ ရောက်နေကြရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဟာ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့ ရက်စွဲနဲ့ တိုင်းရင်းဆေးဝါးမှတ်ပုံတင် ထုတ်လုပ်ခြင်းလိုင်စင်တွေကို မလိုလားအပ်တဲ့အဆင့်တွေ ဖြေလျှော့ပေးဖို့ မေးခွန်းတစ်ခုတင်ပြခဲ့ပါတယ်။ အဲ့ဒီမေးခွန်းကို ကျွန်တော်မေးလိုက်ပြီးတဲ့အခါမှာ တိုင်းရင်းဆေးလောကကြီးတစ်ခုလုံး ပျက်သုန်းမက အမှောင်ကျတော့တာပါပဲခင်ဗျား။ (၁/၂၀၁၇)၊ (၂/၂၀၁၇)၊ (၃/၂၀၁၇)တွေထုတ်ပြီးတော့ အစွမ်းကုန်ဖိနှိပ်လာပါတော့တယ်။ တားမနိုင် ဆီးမရပါပဲ။ ပြည်ထောင်စုဝန်ကြီးရဲ့ အမိန့်ကိုလည်းမနာခံ၊ ပြည်ထောင်စုဝန်ကြီးကိုယ်တိုင်က ပြောတဲ့ဟာတွေကိုလည်း

မလုပ်ဆောင်တဲ့အတွက် ကျွန်တော်ဟာ ၂၀၁၇ ခုနှစ်၊ မေလ ၂၉ ရက်နေ့မှာ ထပ်ဆင့်ပြင်ဆင်တဲ့ မေးခွန်းတစ်ခုကို တင်ပြရတဲ့အဆင့်ရောက်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ တိုင်းရင်းဆေးဝါးမှတ်ပုံတင်နဲ့လိုင်စင်တွေကိုလျှောက်တဲ့အခါမှာ ကျေးရွာ/ရပ်ကွက်ကနေပြီးတော့ ခရိုင်/မြို့နယ်၊ တိုင်းဒေသကြီးအထိ အဆင့်ဆင့်ထောက်ခံချက်တွေကို ယူရပါတယ်။ အဲဒီထောက်ခံချက်တွေယူပြီးတော့ ကျွန်တော်တို့က နေပြည်တော်ကိုတင်လိုက်တဲ့အခါကျတော့ အကုန်လုံးအစကနေပြန်စစ်ပြီးတော့ ကျွန်တော်တို့ကိုပြန်ပြင်ခိုင်းပါတော့တယ်။ စည်းမျဉ်း၊ စည်းကမ်းတွေကို ခဏခဏပြင်ပါတယ်။ ပြင်လို့မဆုံးအောင်ဖြစ်ပါတယ်။ ဘယ်လောက်ထိဖြစ်လဲဆိုရင် ကျွန်တော်တို့တိုင်းရင်းဆေးလျှောက်တဲ့လူတွေဟာ လူပျိုဘဝကလောက်ကလျှောက်တာ ဆံပင်ဖြူသွားကျိုးတဲ့အခါကျမှ အဲဒီလိုင်စင်တွေ၊ မှတ်ပုံတင်တွေရတဲ့အဖြစ်ရှိပါတယ်။ သက်တမ်းတိုးလျှောက်တဲ့အခါမှာလည်း ဒီအတိုင်းပါပဲ။ သက်တမ်းတိုးကို နှစ်နှစ်၊ သုံးနှစ်ကြာတဲ့အထိကျမှ ရပါတယ်။ တိုင်းရင်းဆေးကိုခွင့်ပြုထားတဲ့လိုင်စင်သက်တမ်းက သုံးနှစ်ပဲရှိပါတယ်။ နှစ်နှစ်ကျော် သုံးနှစ်ကျမှ လိုင်စင်ရ။ ကျွန်တော်တို့ကပြန်လျှောက်တဲ့အခါကျတော့ လိုင်စင်ထုတ်ပြီးတာနဲ့ တစ်ခါပြန်လျှောက်ရပါတယ်။ အဲဒီလိုအခက်အခဲတွေဟာ တိုင်းရင်းဆေးလောကမှာ နှစ်ပရိစ္ဆေဒများစွာတည်းက ဖြစ်ပျက်နေတဲ့အခြေအနေတွေပဲဖြစ်ပါတယ်။ အဲဒီတော့ တိုင်းရင်းဆေးလိုင်စင်တွေမရှိဘူး။ မှတ်ပုံတင်တွေမရှိတဲ့အခါမှာ ဘာတွေခက်ခဲလဲ။ အခက်အခဲပေါင်းမြောက်မြားစွာရှိပါတယ်။ စည်ပင်မှာလည်း စည်ပင်လိုင်စင်လျှောက်ရပါတယ်။ ဒါကိုပြပြီးတော့။ နောက်ပြီးတော့ ကျွန်တော်တို့က အသေးစားစက်မှုလက်မှု လုပ်ငန်းအဖြစ်လည်း လိုင်စင်တွေလျှောက်ရပါတယ်။ အဲဒါတွေလျှောက်တဲ့အခါမှာ ဒီသက်တမ်းမရှိတဲ့၊ မှတ်ပုံတင်မရှိတဲ့၊ လိုင်စင်မရှိတာနဲ့သွားလျှောက်လို့လက်မခံပါဘူး။ နောက်ပြီးတော့ အသေးစားအလတ်စားတွေကို အခုဆိုရင်အစိုးရကမြှင့်တင်နေတယ်။ မြောက်စားနေတယ်။ ပံ့ပိုးကူညီပေးနေတဲ့အချိန်အခါမှာ ဘဏ်ချေးငွေကို သွားလျှောက်တယ်၊ သွားတင်တယ်။ ကျွန်တော်တို့က သက်တမ်းမရှိတဲ့လိုင်စင်ကြီး ကိုင်ထားတာဖြစ်တဲ့အတွက် မပေးပါဘူး။ ဒီလိုပဲ ကျွန်တော်တို့က နိုင်ငံခြားကို ကလေးတွေ တစ်ခါတလေကျရင် ပညာသင်လွှတ်တယ်။ လွှတ်တဲ့အခါကျရင် ကျွန်တော်တို့မိဘတွေရဲ့အလုပ်အကိုင်ကို ဖော်ပြရတယ်။ ဖော်ပြရတဲ့အခါကျတော့လည်း လျှောက်ထားဆဲ၊ သက်တမ်းတိုးထားဆဲ။ ဒီလိုင်စင်ကြီးသွားလျှောက်လို့ရှိရင် ဟာသအလုပ်ခံရပါတယ်။ အပယ်ခံရပါတယ်။ အဲဒီတော့ တိုင်းရင်းဆေးလောကကြီးတစ်ခုလုံးက ဒီမှတ်ပုံတင်တွေကျပြီးသား၊ လိုင်စင်တွေကျပြီးသား။ သက်တမ်းတိုးတာကိုလည်း အဲဒီအခက်အခဲပေါင်းများစွာနဲ့ဖြစ်ပြီးတော့ အမျိုးမျိုးဖိနှိပ်ခံနေရတဲ့အခြေအနေဖြစ်ပါတယ်။ ဒါကိုလည်း ပြည်ထောင်စုဝန်ကြီး

ကိုယ်တိုင်ကသိပြီးတော့ ကျွန်တော်တို့ကိုအများကြီး ဖြေရှင်းမှုတွေလုပ်ပါတယ်။ သို့သော် လုပ်တဲ့အခါ ကျတော့လည်း ပြည်ထောင်စုဝန်ကြီးကိုယ်တိုင်တက်တဲ့၊ ကျွန်တော်လည်းတက်တဲ့ အစည်းအဝေး ကိုယ်တိုင်မှာကိုက ပြည်ထောင်စုဝန်ကြီးက ဒါတွေ၊ ဒါတွေ ဒီလိုမလုပ်နဲ့တော့။ ဒါဒီလိုလုပ်လို့ညွှန်ကြား တယ်။ ဝန်ကြီးက ၁၅ မိနစ်လောက်နေပြီး အပြင်ထွက်သွားတယ်။ ဝန်ကြီးတားတဲ့ဟာတွေကို ပြန်ပြီးအစကပြန်ကောက်တယ်။ ပြန်ကောက်ပြီးတော့ နောက်ထပ် (၃/၂၀၁၇)ကို မဖြုတ်တဲ့အပြင် (၄/၂၀၁၇)ဆိုပြီးတော့ တစ်ခါပြန်ပြီးတော့ ပြဋ္ဌာန်းပြန်တယ်။ အဲ့တော့ အဲ့ဒါကိုလည်း ကျွန်တော်က ဒီမေးခွန်းကို ထပ်ပြီးတော့ပြင်ဆင်ချက် မေလကပြန်တင်တဲ့အခါကျမှ အခုဆိုရင် ရုပ်သိမ်းပြီးတချို့ ဖြစ်ပါတယ်။ အဲဒီ့အတွက်လည်း အင်မတန်မှကျေးဇူးတင်ရှိပါတယ်။ သို့သော်လည်း ကျွန်တော်တို့ တိုင်းရင်းဆေးကတော့ ခက်ခဲကြပ်တည်းနေတုန်းပဲဖြစ်ပါတယ်။ လက်တွေ့ကျကျမလုပ်နိုင်သေးပါဘူး။ ဒါကြောင့်မို့လို့ ပြည်ထောင်စုဝန်ကြီးကိုလေးစားစွာနဲ့ ကျွန်တော်တို့ တိုင်းရင်းဆေးမှာဖြစ်ပျက်နေတဲ့ ဟာတွေကိုဖြေလျှော့ပြီးတော့ ညှိနှိုင်းဆောင်ရွက်ပေးဖို့ကို လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ မေးခွန်းက တိုင်းရင်းဆေးလောကကြီးတစ်ခုလုံးအတွက် အလွန်အရေးကြီးတဲ့အတွက် အချိန်က နည်းနည်းပိုခွင့်ပြုဖို့ တောင်းပန်အပ်ပါတယ်။ အဲဒီတော့ ဒီမေးခွန်းက ၂၀၁၇ ခုနှစ်၊ မေလ ၂၉ ရက်နေ့ တွင် ကြယ်ပွင့်ပြသောမေးခွန်းဖြစ်ပြီး မူလ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့မေးခွန်းကို ပြောင်း၍ မေးသောမေးခွန်းဖြစ်ပါတယ်။ ဒီလိုမေးခွန်းမေးခြင်းဟာလည်းမှန်ပါတယ်။ အချိန်အခါ၊ အခြေအနေနဲ့ ကိုက်ညီမှုမရှိတဲ့အတွက် ဒီလိုပြောင်းလဲပြီးမေးတဲ့မေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းကို ကျွန်တော် ကြည့်လိုက်တဲ့အခါမှာ တိုင်းရင်းဆေးဦးစီးဌာနရဲ့(၃/၂၀၁၇)အမိန့်ကြော်ငြာစာကို ၂၀၁၇ ခုနှစ်၊ မေလ ၁၈ ရက်နေ့မှာ Website မှာ တင်ထားတာကနေ ပြန်လည်ဖြုတ်ချခဲ့ပြီးဖြစ်ပါတယ်။ ဖြုတ်ချရခြင်း

အကြောင်းကတော့ ကျွန်တော့်အနေနဲ့ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့မှာ ညွှန်ကြားရေးမှူးချုပ်တွေလည်း ပါပါတယ်။ တိုင်းရင်းဆေးဝါးလုပ်ငန်းရှင်များပါပါတယ်။ တိုင်းရင်းဆေးပညာရှင်များနဲ့ တွေ့ဆုံပွဲအပြီးမှာ ဆွေးနွေးချက်အပေါ်မူတည်ပြီး ကျွန်တော့်အနေနဲ့ပြန်ကြည့်တဲ့အခါမှာ ဒီဟာကြီးက သိပ်မကောင်းဘူးဆိုတာကို သိတဲ့အတွက်ချက်ချင်းဖြုတ်ချခိုင်းပါတယ်။ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့မှာ ပြောကြားတဲ့ကျွန်တော့်ရဲ့မိန့်ခွန်းမူကြမ်းကိုလည်း Website မှာတင်ထားပါတယ်။ ဒါကိုလည်း ကျွန်တော်တို့တိုင်းရင်းဆေးပညာရှင်များ အားလုံးကိုဖတ်စေချင်ပါတယ်။ ဒီမိန့်ခွန်းမှာ ကျွန်တော်ဘာတွေဆက်လုပ်မလဲ။ ဘာလုပ်သင့်လဲ။ ဘာတွေမဟုတ်ဘူးဖြစ်နေလဲဆိုတာ အကုန်လုံးကို မူကြမ်းတင်ထားပါတယ်။ Edit တော့မလုပ်ရသေးပါဘူး။ ကျွန်တော်ပြောတဲ့အတိုင်း အားလုံးတင်ထားပါတယ်။ ဒါကိုလည်းဖတ်စေချင်ပါတယ်။ ရှေ့မှာဘယ်လိုလုပ်မလဲ။ ဘာတွေဖြစ်နေလဲဆိုတာကို။ နောက်တစ်ချက်က အဲဒီတွေ့ဆုံပွဲမှာပေါ့။ ကျွန်တော်ဆောင်ရွက်မယ့် အစီအစဉ်တွေအားလုံးကို ရေးထားပါတယ်။ အဲဒါအဓိကပါပဲ။ နောက်တစ်ချက်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောသလို (၃/၂၀၁၇)အမိန့်ကြော်ငြာစာအဖြစ်အချက်များမှာ တိုင်းရင်းဆေးဝါးလောကတိုးတက်မှုကို တစ်စုံတစ်ခုသောအတိုင်းအတာအထိတော့ အဟန့်အတားဖြစ်စေနိုင်တယ်ဆိုတာ ကျွန်တော်သိရှိပါတယ်။ အဲဒီလို ထင်မြင်သုံးသပ်ပါတယ်။ ထို့အပြင် ဒီတင်ထားတဲ့ Website မှာ (၃/၂၀၁၇)မှာ တင်ထားခြင်းကို ကျွန်တော့်အားလည်းတင်ပြခြင်းမရှိပါဘူး။ အမြဲတမ်းအတွင်းဝန်ကိုလည်း တင်ပြခြင်းမရှိတဲ့အတွက် ဒါကိုကျွန်တော်ချက်ချင်းဖြုတ်ခိုင်းခြင်းဖြစ်ပါတယ်။ ထို့အပြင် ကျွန်တော့်အနေနဲ့ နောက်ပိုင်း ဒီအစည်းအဝေးတွေလုပ်တဲ့အခါမှာလည်း သူတို့ကြီးကြပ်မှုကော်မတီ ရှိပါတယ်။ ညွှန်ကြားရေးမှူးချုပ် ဥက္ကဋ္ဌနဲ့။ ၂၀၁၆ ခုနှစ်မှာ ခုနစ်ကြိမ်လုပ်ပါတယ်။ ၂၀၁၇ ခုနှစ်မှာ သုံးကြိမ်လုပ်ပါတယ်။ ဒီဟာတွေကို ကျွန်တော်တို့ကိုမတင်ပါဘူး။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ပြီးတာတော့ ပြီးပါပြီ။ သို့သော်လည်း အခုဆက်လက်လုပ်မယ့် ကော်မတီအစည်းအဝေးတွေအကုန်လုံးရဲ့ ဆုံးဖြတ်ချက်တွေကို ကျွန်တော်တို့ဆီကိုတင်ဖို့ Approve လုပ်ဖို့လိုပါတယ်။ ပါတဲ့ဥစ္စာရဲ့ Point လေး၊ Point လေးတွေကိုတော့ EC ကော်မတီကိုတင်ပါတယ်။ သို့သော် အစည်းအဝေးတစ်ခုလုံးရဲ့ မှတ်တမ်းကိုတော့သိဖို့လိုပါတယ်။ ကျွန်တော်တို့ အပေါ်ကလူကအကုန်လုံးခြုံငုံကြည့်မှသာလျှင် သင့်တယ်၊ မသင့်ဘူးဆိုတာကို သိလို့ရတယ်။ အထဲမှာပါတဲ့အချက်လေးတစ်ချက်ချင်းကိုတော့ လုပ်လို့မရဘူး။ ကျွန်တော် ညွှန်ကြားရေးမှူးချုပ်နဲ့ အဖွဲ့ကိုလည်း ပြောထားပါတယ်။ ဒီအစည်းအဝေးပြီးရင် ကျွန်တော်တို့အမြဲတမ်းအတွင်းဝန်နဲ့ ဝန်ကြီးဆီကို တင်ပြ၊ အတည်ပြုပြီးမှသာလျှင် ဒါတွေကိုဆက်လက်

လုပ်ဖို့ပြောထားပါတယ်။ အဲဒီတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး ၂၀၁၇ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့မှာလည်း တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် လိုင်စင်စိစစ်ရေးအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၃/၂၀၁၇)ပါ စည်းကမ်းချက်များအားလည်းပြန်လည်ရုပ်သိမ်းကြောင်း အကြောင်းကြားစာကိုလည်း တိုင်းဒေသကြီး/ပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာနမှူးများအားလုံးကို ထုတ်ပြန်ထားပြီးဖြစ်ပါတယ်။

မိမိအနေနဲ့ တိုင်းရင်းဆေးမှာမြန်မာပြည်သူများ အထူးသဖြင့် ရှေးရိုးကိုနှစ်သက်သော နိုင်ငံသားများအများအပြားက အသုံးပြုလိုတာကိုသိတဲ့အတွက် တိုင်းရင်းဆေးဝါးလောကကြီး ပိုမိုတိုးတက်အောင်ဆိုပြီးတော့ ကျွန်တော့်အနေနဲ့ Technical Advisory Group, Traditional Medicine ဆိုပြီးတော့ ဇွန်လ ၉ ရက်နေ့က ဖွဲ့ထားပါတယ်။ မြန်မာတိုင်းရင်းဆေးဆရာကြီးများလည်း ပါပါတယ်။ လုပ်ငန်းရှင်များလည်းပါပါတယ်။ တိုင်းရင်းဆေးတက္ကသိုလ်က ပညာရှင်များလည်း ပါပါတယ်။ တိုင်းရင်းဆေးပညာဦးစီးဌာနက လူများလည်းပါပါတယ်။ ဒါကြီးကိုဖွဲ့ထားပါပြီ။ ဒီအဖွဲ့က ပထမဆုံးအစည်းအဝေးလုပ်လည်းပြီးပါပြီ။ ကျွန်တော့်ကိုတင်ပြထားတာတွေရှိပါတယ်။ ဒီထဲကဟာတွေကြည့်ပြီး ကျွန်တော်ဆက်လက်လုပ်မှာဖြစ်ပါတယ်။

နောက်တစ်ချက်က Technical Advisory Group, Traditional Medicine ရဲ့ တင်ပြချက်၊ အကြံပြုချက်များကို ကျွန်တော့်အနေနဲ့ ညွှန်ကြားရေးမှူးချုပ်နဲ့လည်းကောင်း၊ တိုင်းရင်းဆေးတက္ကသိုလ်မှ ဆရာများနှင့်လည်းကောင်း တိုင်ပင်ပြီးတော့ ဆက်လက်ပြီးတော့ဆောင်ရွက်မယ်လို့ ကျွန်တော်ဆုံးဖြတ်ထားပါတယ်။ ကျွန်တော်တို့ဖွဲ့တဲ့ ဒီဖွဲ့အနေနဲ့ကတော့ ပြည်သူများအရည်အသွေးပြည့်ဝပြီး အစွမ်းထက်မြက်သော၊ ဘေးဥပါတ်ကင်းသော တိုင်းရင်းဆေးဝါးများ သုံးစွဲနိုင်ရေးအတွက် တိုင်းရင်းဆေးဝါးများမှတ်ပုံတင်ခြင်း၊ ထုတ်လုပ်ခြင်း၊ ထုတ်လုပ်ခွင့်လိုင်စင်လျှောက်ထားခြင်း၊ သက်ဆိုင်ရာလုပ်ငန်းစဉ်များနဲ့ပတ်သက်ပြီးတော့ တိကျသောမူဝါဒများ ချမှတ်နိုင်ရေးအကြံပြုခြင်းနှင့် တိုင်းရင်းဆေးဝါးများ အရည်အသွေးထိန်းသိမ်းခြင်းနှင့်ပတ်သက်၍ တိကျသောလမ်းညွှန်ချက်များစသည်တို့ကို ကျွန်တော့်ကိုအကြံဉာဏ်ပေးနိုင်အောင်ဖွဲ့ထားခြင်း ဖြစ်ပါတယ်။ တိုင်းရင်းဆေးလောကကြီးတစ်ခုလုံး တိုးတက်ဖို့အတွက် ဒီအဖွဲ့က တော်တော်အရေးကြီးပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ကတော့ တိုင်းရင်းဆေးဆရာကြီးများ၊ တိုင်းရင်းဆေးတက္ကသိုလ်မှ ပါမောက္ခဆရာများနှင့် တွဲပြီးတော့ ညွှန်ကြားရေးမှူးချုပ်နဲ့တွဲပြီးလုပ်ရမှာပေါ့။ ကျွန်တော်တို့ကတော့ စဉ်းစားပြီးလုပ်ကိုင်မှသာလျှင် တိုင်းရင်းဆေးလောကကြီးတိုးတက်မှာ တစ်ထစ်ချယုံကြည်ပါတယ်။

ထို့အပြင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ပြောတဲ့အတိုင်းပဲ မှတ်ပုံတင်သက်တမ်းတိုးလျှောက်ထားခြင်းကိုတော့ ယခင်က မြို့နယ်၊ ခရိုင် တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီတို့ အဆင့်ဆင့်တင်ပြီးမှ မလိုအပ်ဘဲ ဖြစ်နေတဲ့အတွက် အခုဆိုလို့ရှိရင် တိုက်ရိုက်တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသို့ တိုက်ရိုက်လျှောက်ထားလို့ရပါပြီ။ ထို့အပြင် ယခင်က တိုင်းရင်းဆေးဝါးမှတ်ပုံတင်အသစ်ခွင့်ပြုပြီး သုံးလအတွင်း လိုင်စင်တွေဖြည့်စွက်ရန်ဖြစ်သော်လည်း ယခုအချိန်ထိသက်တမ်းရှိသည့်ကာလတစ်လျှောက် မည်သည့်အချိန်တွင်မဆို လိုင်စင်မှာဖြည့်စွက်လို့သွားပါပြီ။ ထို့အပြင် မှတ်ပုံတင်သက်တမ်းတိုးများ လျှောက်ရာတွင်လည်း သက်တမ်းပြည့်ပြီးသည့် နှစ်နှစ်အထိနောက်ကျခွင့်ပေးထားပါတယ်။ ဖြေလျှော့ထားပါတယ်။ နောက်ပြီးတော့ ထုတ်လုပ်ခွင့်လိုင်စင်သက်တမ်းတိုး လျှောက်ထားရာမှာလည်း သက်တမ်းပြည့်ပြီးနောက် နှစ်နှစ်အထိ နောက်ကျကြေးများပေးဆောင်ပြီးတော့လည်း ခွင့်ပြုထားပါတယ်။ ဆိုလိုတာကအချိန်ကိုပိုပေးထားပါတယ်။ ထို့အပြင် တိုင်းရင်းဆေးထုတ်လုပ်မှုမှတ်ပုံတင်ခြင်း၊ လိုင်စင်သက်တမ်းတိုးခြင်း၊ ဓာတ်ခွဲစမ်းသပ်ခြင်းနှုန်းထားများကိုလည်း များစွာချထားပါတယ်။ ကျွန်တော်တို့တင်ထားပါတယ်။ ဒီအပတ်မှာကြည့်ပြီးတော့ Approve လုပ်ဖို့ရှိပါတယ်။ ဈေးတွေအကုန်လျှော့ပါတယ်။ ထို့အပြင် ညွှန်ကြားရေးမှူးချုပ် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်နေသော ခုနကပြောတဲ့အဖွဲ့က ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီဆုံးဖြတ်ချက်များကိုလည်း တင်ပြတဲ့အပြင် ဒီဗဟိုကော်မတီဟာ လွန်ခဲ့တဲ့ ၁၉၉၆ ခုနှစ်ကနေ တိုင်းရင်းဆေးဝါးဥပဒေကနေဖွဲ့ထားတဲ့အဖွဲ့ဖြစ်ပါတယ်။ အဲဒီတော့ဒီအဖွဲ့မှာပါဝင်တဲ့လူကတော့ တော်တော်စုံပါတယ်။ သို့သော်လည်း ခေတ်ကာလအခြေအနေပြောင်းလဲတဲ့အလျောက် အဖွဲ့ဝင်များကိုတိုးချဲ့ခြင်းမလုပ်ထားတော့ အကုန်လုံး Review ပြန်လုပ်ပြီးတော့ဒီအဖွဲ့ကို ပြန်လည်ဖွဲ့ဖို့ရှိပါတယ်။ နောက်တစ်ချက်ပြောလိုတာကတော့ တိုင်းရင်းဆေးလုပ်ငန်းရှင်များဘက်ကလည်း တည်ဆဲဥပဒေနဲ့အညီ ဝိုင်းဝန်းကြိုးပမ်းပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။ သို့မှသာလျှင် ပြည်သူများသည် အရည်အသွေးစစ်မှန်သည့်ဘေးဥပါတ်ကင်းသော၊ အာနိသင်ရှိပြီးထိရောက်သော တိုင်းရင်းဆေးဝါးများကို ရရှိမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိဂုံးချုပ်တစ်ချက်ပြောကြားချင်တာကတော့ တိုင်းရင်းဆေးကုသဦးစီးဌာနမှာ တိုင်းရင်းဆေးလောကတိုးတက်ရန်လုပ်ကိုင်ရသည့်လုပ်ငန်းတာဝန်များမှာ များစွာရှိပါတယ်ဆိုတာ ကျွန်တော်သိပါတယ်။ လုပ်ဆောင်ချက်များလည်းရှိနေပါတယ်။ ပိုမိုမြန်ဆန်စေရန်အတွက် မိမိ သို့မဟုတ် အထက်ကညွှန်ကြားခြင်း၊ အမိန့်ပေးခြင်းထက် အောက်မှအသစ်အဆန်းများလုပ်ကိုင်ရန် တင်ပြခြင်း၊ တင်ပြစေခြင်းတို့ကို ကျွန်တော်

အထူးအားပေးလျက်ရှိပါတယ်။ ဆိုလိုသည်မှာ ပုံးထဲကနေခေါင်းထွက်ပြီးစဉ်းစားစေခြင်း(Out of the box thinking)၊ အသစ်အဆန်းစဉ်းစားပေးခြင်း(Innovative Thinking)၊ လုပ်ငန်းများ ဆောင်ရွက်မှုပုံစံစနစ်ပြောင်းခြင်း(New Project Strategy) ဒါတွေကိုစဉ်းစားပြီးတော့ ကျွန်တော်တို့ဆက်လက်ပြီးလုပ်ဆောင်ဖို့ရှိပါတယ်။

သို့မှသာ ပြည်သူ့လွှတ်တော်၏တောင်းဆိုသကဲ့သို့ တိုင်းရင်းဆေးလောကတိုးတက်လာမည်ဖြစ်သည်ဟု ကျွန်တော်ယုံကြည်ပါတယ်။ ဒီလိုဖြစ်ဖို့လည်း ကျွန်တော်တို့က တိုင်းရင်းဆေးပညာဦးစီးဌာနက ဝန်ထမ်းများသည် တိုင်းရင်းဆေးတက္ကသိုလ်မှ ပညာရှင်များ၊ တိုင်းရင်းဆေးဆရာကြီးများ၊ Technical Advising Group on Traditional Medicine တို့ပူးပေါင်းပြီးတော့ ပံ့ပိုးဆောင်ရွက်မှသာလျှင် ကျွန်တော်တို့အောင်မြင်မည်ဖြစ်ကြောင်း လေးစားစွာတင်ပြရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ အင်မတန်လေးစားစရာကောင်းအောင် ပြည်ထောင်စုဝန်ကြီးက ပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့အတွက် တိုင်းရင်းဆေးလောကသားတွေလည်း နားထောင်နေတာ မျှော်လင့်ချက်တွေအများကြီးရှိပြီးတော့ ဝမ်းသာနေကြမယ်လို့ယူဆပါတယ်။ သို့သော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းလေး ကျွန်တော့်ကိုမေးခွင့်ပြုပါ။ ပြည်ထောင်စုဝန်ကြီးက ဖြေလျှော့ပေးတာတွေအများကြီးရှိပါတယ်။ အဲဒီထဲမှာ အခုလက်တွေ့လုပ်တဲ့အခါမှာတော့ အခက်အခဲတွေကအများကြီးရှိနေပါသေးတယ်။ ဒီလိုပဲ စာရွက်ပေါ်မှာလုပ်တဲ့ဟာတွေက ကျွန်တော်တို့က တကယ်လက်တွေ့လုပ်ဆောင်ဖို့ဆိုရင် လူမှန်နေရာမှန်မဖြစ်တဲ့အတွက် လုပ်ဆောင်နိုင်တာမရှိတာ ဖြစ်ပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့တိုင်းရင်းဆေးဦးစီးဌာနဆိုတာ တိုင်းရင်းဆေးလောကသားတွေရော၊ ပြည်သူလူထုရော လုံခြုံစိတ်ချရတဲ့ ပြည်ထောင်စုဝန်ကြီးပြောသလို ဆေးဝါးတွေသုံးဆောင်နိုင်အောင်၊ သုံးစွဲနိုင်အောင်လို့ ဝန်ဆောင်မှုပေးရမယ့်ဌာနပဲဖြစ်ပါတယ်။ ဖိနှိပ်ဖို့၊ ချုပ်ခြယ်ဖို့၊ ကန့်သတ်ဖို့ဆိုတာခေတ်လည်းမဟုတ်တော့ပါဘူး။ အဲဒီတော့ ဒီအခါကျတော့ ခုနကဝန်ကြီးက ဖြေလျှော့ပေးတယ်။ တိုင်းနှင့်ပြည်နယ်တွေကိုတိုက်ရိုက်လျှောက်နိုင်တယ်ဆိုတဲ့အခါကျတော့ ကျွန်တော်တို့က သက်တမ်းတိုးဖို့လျှောက်တာ။ လျှောက်တဲ့အခါမှာလည်း နှစ်နှစ်တော့ နောက်ကိုဆုတ်ပေးထားတယ်။ ဒါပေမဲ့နှစ်နှစ်အတွင်းမှာချည်း တရားမဝင်တဲ့ဟာတွေကို ဆက်ပြီးတော့ လုပ်နေသလိုကြီးဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်တင်ပြပြီးဖြစ်ပါတယ်။ အဲဒီတော့ တိုင်းရင်းဆေးဝါးဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ဥပဒေ

အခန်း(၄) ပုဒ်မ ၁၃ ရဲ့ ပုဒ်မခွဲ(ဂ)မှာပြဋ္ဌာန်းထားတာရှိပါတယ်။ မှတ်ပုံတင်သက်တမ်းကုန်ဆုံးတဲ့အခါ သတ်မှတ်ထားသော မှတ်ပုံတင်သက်တမ်းတိုးမြှင့်ပေးဆောင်၍ သက်တမ်းတိုးမြှင့်နိုင်သည်လို့ အတိအကျရေးပြီးတော့ ဖော်ပြထားတာရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုင်စင်တွေ၊ မှတ်ပုံတင်တွေကို သက်တမ်းတိုးတင်တယ်ဆိုတာဟာ အစကလျှောက်တာမဟုတ်ပါဘူး။ အစက လျှောက်တာကတော့ ခုနကလေး၊ ငါးနှစ်လောက်ထိ စိစစ်တယ်၊ ကန့်သတ်တယ်။ လုပ်ပါ။ သို့သော်လည်း ကျွန်တော်တို့ ဒီသက်တမ်းတိုးကိုတော့ ဥပဒေနဲ့အညီ အမြန်ဆုံးဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိဆိုတာလေး ကျွန်တော် တင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်းပဲ ဒီကိစ္စကို ကျွန်တော်တို့အခုလည်း အသံလည်းသွင်းထား တယ်ဆိုတော့ ဒီလွှတ်တော်ကိုယ်စားလှယ်ကြီးပြောကြားချက်အားလုံးကို Technical Advisory Group ကိုတင်ပြပြီးတော့ သူတို့ရဲ့အကြံဉာဏ်ယူပြီး ဆောင်ရွက်ပေးပါမယ်ခင်ဗျား။ ကျွန်တော်တို့ တာဝန်ကတော့ အားလုံးကို အဆင်ပြေအောင်လုပ်ဖို့တာဝန်က ကျွန်တော်တို့တာဝန်ဖြစ်တဲ့အတွက် ဒါကိုလုံးဝလုပ်ပေးမယ်ဖြစ်တဲ့အကြောင်း တင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ပေါက်တောမြို့နယ်အရှေ့မြောက်ဘက်ရှိ သပြေကန်ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံ အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ကျော်ဇံ(ပေါက်တောမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးများနှင့် ဧည့်သည်တော်များကို ရိုသေစွာဂါရဝပြု နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပေါက်တောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံပါ။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် အရှေ့ မြောက်ဘက်မှာရှိတဲ့ သပြေကန်ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းဖြစ်ပါတယ်။ အဲဒီမေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော်တို့ မြို့နယ်ရဲ့ ထူးခြားတဲ့အခြေအနေများကို တင်ပြလိုပါတယ်။ ကျွန်တော်တို့မြို့နယ်ဟာ ဧရိယာစတုရန်း

မိုင် ၄၁၃.၇၄ စတုရန်းမိုင် ကျယ်ဝန်းပြီးတော့ ရပ်/ကျေးအုပ်စု ၅၈ အုပ်စု၊ လူဦးရေ တစ်သိန်း ရှစ်သောင်းကျော်နေထိုင်လျက်ရှိတဲ့ လူဦးရေအတော်အတန်ထူထပ်တဲ့ မြို့နယ်တစ်နယ်ဖြစ်ပါတယ်။ ၁ စတုရန်းမိုင်မှာ လူ ၄၀၀ နီးပါးလောက်နေထိုင်နေပါတယ်။ နောက်တစ်ချက်ကတော့ ကုလားတန် မြစ်ဝှမ်း မြေနိမ့်လွင်ပြင်မှာတည်ရှိတဲ့အတွက် ပင်လယ်ရေမျက်နှာပြင်အထက် ၁၁ ပေသာမြင့်တဲ့ အတွက် ရေလွှမ်းမိုးတဲ့၊ မြစ်ချောင်းများပေါများတဲ့ဒေသဖြစ်ပါတယ်။ ကျွန်တော် အထက်ကတင်ပြပါ သပြေကန်ကျေးရွာအနေနဲ့ကြည့်ရင်တော့ သပြေကန်ကျေးရွာဟာ အခြားကျေးရွာများနဲ့ဆက်သွယ် သွားလာရာမှာ ကုန်းလမ်းမရှိပါဘူး။ ရေလမ်းဖြင့်သာ သွားလာရပါတယ်။ စစ်တွေမြို့နဲ့ ၃၄ မိုင်၊ ပေါက်တောမြို့နဲ့ ၁၈ မိုင်ကွာဝေးတဲ့အတွက် မိုးတွင်းကာလ လှိုင်းလေကြီးတဲ့အချိန်မှာ သွားလာရ အလွန်ခက်ပါတယ်။ ရေလမ်းခရီးကို ဟွန်ဒါစက်လှေငယ်များနဲ့ သွားလာရတာမို့ မြို့သို့ရောက်ရန် သုံးနာရီကြာမြင့်ပါတယ်။ အန္တရာယ်လည်းများပါတယ်။ လူနာဟာရောဂါနဲ့မသေဘဲ လမ်းခရီးမှာ စက်လှေမှောက်ပြီးသေသွားနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့သပြေကန်ကျေးရွာဟာ အိမ်ခြေ ၃၂၀ ရှိပြီးတော့ လူဦးရေ ၁၃၄၅ ဦးရှိပါတယ်။ အထက်တန်းကျောင်းရှိပါတယ်။ စက်ရုံမြေနေရာနဲ့ကပ်လျက်ရှိတဲ့ လုံခြုံရေး အရာရှိထိုင်တဲ့ ရဲကင်းစခန်းလည်းရှိပါတယ်။ ဘေးပတ်ဝန်းကျင်ကျေးရွာများက လာရောက်တဲ့အခါမှာ ဆိုက်ကပ်လွယ်ကူအောင်လို့ မြစ်ကမ်းပေါက်တဲ့ ဆိပ်ခံနေရာကောင်းပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ ကျွန်တော်တို့ ပြီးခဲ့တဲ့ ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးမှာ မြို့နယ်ဆေးရုံ ခုတင် ၅၀ ဆံ့ကို ကျွန်တော်တင်ပြတောင်းခံတဲ့အခါမှာ Criteria မပြည့်စုံဘူးလို့ စသည်အားဖြင့် ဝန်ကြီးကဖြေလို့ ကျွန်တော်မအောင်မြင်ခဲ့ပါဘူး။ ဒီတစ်ခါတော့ စောစောတုန်းကမေးခွန်းမေးတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကိုဖြေရင်းနဲ့ တိုက်နယ်ဆေးရုံရဲ့သတ်မှတ်ထားတဲ့ Criteria နဲ့ ကျွန်တော်တို့ရဲ့ အနေအထားကိုက်ညီတဲ့အတွက် မျှော်လင့်နိုင်တယ်လို့ ကျွန်တော်ဝမ်းသာပီတိဖြစ်မိပါတယ်။ နောက်တစ်ချက်ကတော့ ကျွန်တော်တို့ ဒီပတ်ဝန်းကျင်မှာနေထိုင်နေတဲ့ ကျေးရွာလူဦးရေကို ကြည့်မယ် ဆိုရင် အုပ်စုက ၁၂ အုပ်စုပါ။ ကျေးရွာပေါင်းက ၃၂ ရွာ၊ အိမ်ထောင်စုက ၇၀၀၀ ကျော်၊ လူဦးရေက ၃၀၀၀၀ ကျော်ရှိပါတယ်။ ဒါ့အပြင် မင်းပြားနဲ့မြောက်ဦးရဲ့ကြားမှာဖြစ်နေတဲ့အတွက် အဲဒီကလာတဲ့ ကုသတဲ့လူနာတွေကလည်းများပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ ကျေးလက်ကျန်းမာရေးဌာနရဲ့ Group Demand Level လို့ခေါ်တဲ့ ဂရုစိုက်ရမယ့်နယ်ပယ်က ပိုကျယ်ပြန့်လာပါတယ်။ ကျွန်တော်တို့ ကျေးရွာလူထုမှာ ကျန်းမာရေးဗဟုသုတနည်းပါးတာနဲ့အမျှ ရောဂါဘယထူပြောပါတယ်။ အခုလက်ရှိ

ကျန်းမာရေးဌာနမှာ အမြဲတမ်းလူနာ ပြည့်ကြပ်နေတဲ့အတွက် မစည်ကားသင့်ဘဲ စည်ကားနေတာကို တွေ့ရပါတယ်။ ၂၀၁၆ ခုနှစ် နိုဝင်ဘာလက မွေးလူနာတစ်ယောက် အဲဒီမှာဆေးရုံမရှိလို့ ချောင်းတွေကနေ လို့ မင်းပြားကိုသွားတဲ့အခါမှာ လမ်းမှာကလေးရောလူကြီးပါ ဆုံးပါးသွားဖူးပါတယ်။ နောက်တစ်ချက်ကလည်း ကျွန်တော်တို့ပြီးခဲ့တဲ့ မိုးဦးကျကာလကဘဲရဆိုတဲ့ကျေးရွာမှာ တစ်ရွာလုံး ကလေးတွေ သွေးလွန်တုပ်ကွေးဖြစ်လို့ စစ်တွေပြည်နယ်က တိုင်းအဖွဲ့လာပြီးကုသရတဲ့ အခြေအနေ ထိအောင်ရှိနေပါတယ်။ ဒါ ဒီဧရိယာထဲမှာပဲ ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ တိုက်နယ်ဆေးရုံ ဆောက်လုပ်မယ့်နေရာကို ကျွန်တော်ကွင်းဆင်းတိုင်းတာကြည့်တဲ့အခါ ကျွန်တော်တို့အခြေအနေ တင်ပြပါအတိုင်း ဆက်လက်တင်ပြပါမယ်။ Power Point သုံးစွဲခွင့်ပြုပါ။ ဒါက ကျွန်တော်တို့ ပေါက်တောမြို့နယ်ဖြစ်ပါတယ်။ ကျန်တာ အောက်ကအပြာဝိုင်းနဲ့ပြထားတဲ့နေရာသည် အခုတစ်ရုံ တည်းသော တိုက်နယ်ဆေးရုံနေရာဖြစ်ပါတယ်။ အပေါ်ကအနီဝိုင်းနဲ့ပြထားတဲ့နေရာသည် ကျွန်တော် အခုတောင်းခံတဲ့ သပြေကန်နယ်မြေတိုက်နယ်ဆေးရုံနေရာဖြစ်ပါတယ်။ အဲဒီဆေးရုံနေရာမှာ လက်ရှိ ကျေးလက်ကျန်းမာရေးဌာနကရှိနေတဲ့အပြင် မြေဧရိယာအားဖြင့် ၂.၅ ဧက ပိုင်ထားပါတယ်။ နောက် ဆေးရုံဝင်းအတွင်းမှာရှိတဲ့ ရေကန်တွေဟာလည်း ကျွန်တော်တို့ဘာမှပြောစရာမလိုဘဲနဲ့ သုံးစွဲလို့ ရပါတယ်။ ၁.၁၆ ဧကရှိပါတယ်။ နောက်တစ်ခါ ရွာသားပိုင်တဲ့ ဘုံလယ်မြေဆိုတာရှိပါတယ်။ ၁.၄၅ ဧက ကျယ်ဝန်းပါတယ်။ အဲဒီဘုံလယ်မြေနဲ့ပတ်သက်လို့ ကျွန်တော်ကွင်းဆင်းတဲ့အခါမှာ ရွာသားတွေနဲ့ တိုင်ပင်တယ်။ လူကြီးတွေနဲ့တိုင်ပင်ပြီးတော့မှ လှူမယ်ဆိုတဲ့ကိစ္စ ကျွန်တော်တို့ On Paper အထောက် အထားရထားပါတယ်။ ပုဂ္ဂလိက နယ်မြေ။

**ဥက္ကဋ္ဌ။** ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ။** ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ် ပေါက်တောမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံ၏မေးခွန်းဖြစ်သော ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် အရှေ့မြောက်ဘက်ရှိ သပြေကန်ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်အဆင့်အဖြစ် အဆင့်တိုးမြှင့်ရေးကိစ္စနဲ့ပတ်သက်

၍ ဖြေကြားမှာဖြစ်ပါတယ်။ ကျွန်တော် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန အနေဖြင့် ပေါက်တောမြို့နယ်တွင် ၂၅ ခုတင်ဆံ့ဆေးရုံတစ်ရုံနှင့် ကျောက်တောင်တိုက်နယ်ဆေးရုံ တစ်ရုံ စုစုပေါင်း ဆေးရုံနှစ်ရုံဖွင့်လှစ်ပြီး လူဦးရေ တစ်သိန်းခွဲခန့်အား ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိပါတယ်။ အိမ်ခြေအားဖြင့်လည်း ၆၀၀၀ နီးပါး၊ လူဦးရေ ၃၀၀၀၀ ကျော်၊ ကျေးရွာပေါင်း ၃၁ ရွာ။ သပြေကန်အုပ်စုသည် ပေါက်တောမြို့နယ် ပြည်သူ့ဆေးရုံနဲ့ ၁၆ မိုင်၊ စက်လှေဖြင့်လည်း သုံးနာရီ သွားရတယ်ဆိုတာကို သိရှိပါတယ်။ ပေါက်တောမြို့နယ်တောင်ပိုင်းတွင် ကျောက်တောင်တိုက်နယ် ဆေးရုံရှိသော်လည်း မြောက်ပိုင်းတွင်တိုင်နယ်ဆေးရုံမရှိဘူးဆိုတာ ကျွန်တော်တို့သိရှိရပါတယ်။ ကျွန်တော်တို့ ကျေးလက်ကျန်းမာရေးဌာန၊ သပြေကန်ကျေးလက်ကျန်းမာရေးဌာနရဲ့အထွေထွေ ဆေးခန်းလူနာ Round တွေ၊ ကွင်းဆင်းချိန်တွင်ကုသသည့်လူနာပေါင်း၊ အထက်အဆင့်သို့လွှဲပြောင်း သည့်လူနာပေါင်းကို ကျွန်တော်တို့ ၂၀၁၃ ခုနှစ်ကနေ ၂၀၁၆ ခုနှစ်ကိုကြည့်တဲ့အခါမှာလည်း တော်တော်များနေတာကို ကျွန်တော်တို့တွေ့ရပါတယ်။ အဲဒါကြောင့် နောက်တစ်ချက်က သပြေကန် ကျေးလက်ကျန်းမာရေးဌာနနယ်မြေတစ်ခုလုံးသည် တစ်ရွာနှင့်တစ်ရွာ ရေလမ်းကိုပဲ အဓိကသွားလာ ရတဲ့အတွက် သပြေကန်ကျေးလက်ကျန်းမာရေးဌာန တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ဖို့အတွက် ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဖွဲ့စည်းပုံခွင့်ပြုဖို့ စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကျွန်တော် လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ပဲခူးမြို့နယ်၊ ဇောင်းတူတိုက်နယ်ဆေးရုံဝန်ထမ်းအိမ်ရာများအား ပြုပြင်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပဲခူးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ရွှေပုံ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ရွှေပုံ(ပဲခူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ အားလုံးမင်္ဂလာပါ။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ရွှေပုံ ဖြစ်ပါတယ်။ ပဲခူးမြို့နယ်၊ ဇောင်းတူကျေးရွာအုပ်စုရဲ့ ဇောင်းတူတိုက်နယ်ဆေးရုံ ဝန်ထမ်းအိမ်ရာများအား ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိကို မေးမြန်းသွားမှာဖြစ်ပါ တယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်အတွင်းမှာရှိတဲ့ ဇောင်းတူတိုက်နယ်ဆေးရုံကို ၁၉၃၆ ခုနှစ်ကတည်းက ဆောက်လုပ်ခဲ့ပြီး အင်္ဂလိပ်ခေတ်နှင့် ဂျပန်ခေတ်ကတည်းက ဒေသတွင်းရှိ ပြည်သူများရဲ့ကျန်းမာရေးစောင့်ရှောက်မှုကို ပေးခဲ့ပါတယ်။ ထို့နောက် ၁၉၆၅ ခုနှစ်မှာ အစိုးရတိုက်နယ်ဆေးရုံအဖြစ် အသစ်ဆောက်လုပ်ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်။ ဇောင်းတူတိုက်နယ်ဆေးရုံဟာ ကျေးရွာပေါင်း ၂၃ ရွာရှိ ကျေးလက်နေပြည်သူ ၃၀၀၀၀ ကျော်ခန့်အပေါ် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ပါတယ်။ ယခင်တာဝန်ကျတဲ့ ဆရာဝန်များ၊ သူနာပြုများဟာ တာဝန်ကျတဲ့ကာလအပြည့် တာဝန်ထမ်းဆောင်ခဲ့ကြလို့ ဒေသခံများအားကိုးရတဲ့ တိုက်နယ်ဆေးရုံတစ်ရုံဖြစ်ပါတယ်။ ယခုအခါ လိုအပ်တဲ့ထောက်ပံ့မှုများ၊ လုပ်ဆောင်ပေးမှုများမရှိသည်မှာ ကြာပြီဖြစ်ပြီး ဝန်ထမ်းများနေထိုင်ရာ အဆောက်အဦလည်းမရှိတဲ့အတွက် တာဝန်ချထားခြင်းခံရတဲ့ ဝန်ထမ်းများဟာ နုတ်ထွက်သွားတဲ့အထိ ဖြစ်ခဲ့ရပါတယ်။ ယခုလက်ရှိမှာ ကျန်းမာရေးဝန်ထမ်းသုံးဦး၊ Blue Staff တစ်ဦး၊ Train Nurse နှစ်ဦးတို့နဲ့ပဲ တာဝန်ယူပေးနေပါတယ်။ ဖွဲ့စည်းပုံအရဆိုရင် ဆရာဝန်နှစ်ဦး၊ Blue Staff နှစ်ဦးနှင့် Train Nurse လေးဦးရှိရမှာ ဖြစ်ပါတယ်။ ယခင် ၂၀၁၄ ခုနှစ်၊ ၂၀၁၅ ခုနှစ် နှစ်နှစ်ကာလတာဝန်ကျခဲ့တဲ့ ဆရာဝန်တစ်ဦးလက်ထက်မှာ အတွင်းလူနာ ၁၁၅၇ ဦး၊ ပြင်ပလူနာ ၂၉၃၁ ဦးထိ ကုသပေးနိုင်ခဲ့ပြီး ယင်းဆရာဝန်ပြောင်းရွှေ့သွားပြီးနောက်ပိုင်းမှာ ပဲခူးဆေးရုံကြီးမှ အလှည့်ကျဆရာဝန်များ လွှတ်ပေးခဲ့ရာ မှန်မှန်တော့မလာရောက်နိုင်ပါဘူး။ ဒါပေမဲ့ အတွင်းလူနာ ၄၁၉ ဦးနဲ့ ပြင်ပလူနာ ၁၄၁၃ ဦးကို ကုသမှုပေးနိုင်ခဲ့ပါတယ်။ အခုဆရာဝန်မရှိတဲ့အချိန်မှာ တစ်လကို အတွင်းလူနာ ၃၀ ဦးနဲ့ ပြင်ပလူနာ ၁၀၀ ကျော်ခန့် လာရောက်ကုသနေတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ ဒါကတော့ ဇောင်းတူတိုက်နယ်ဆေးရုံပုံ ဖြစ်ပါတယ်။ ဒါကတော့ ဆေးရုံဆရာဝန်ရဲ့ဗီရိုလေးပဲ ဖြစ်ပါတယ်။ ဒါကတော့ ဝန်ထမ်းအိမ်ရာတွေ ဖြစ်ပါတယ်။ ပြိုကျပျက်စီးနေတာပါ။ ဒါကတော့ အမျိုးသားဝန်ထမ်းတစ်ယောက်က ပြိုကျပျက်စီးနေတဲ့ ဝန်ထမ်းအိမ်ရာမှာ နေနေတာပါ။ ဒါလည်း ပြိုကျပျက်စီးနေတဲ့ ဝန်ထမ်းအိမ်ရာပဲ ဖြစ်ပါတယ်။ ဒါကတော့ ဆရာဝန်ရဲ့အိမ် ဖြစ်ပါတယ်။ ဒါကတော့ ၁၉၃၆ ခုနှစ်ကတည်းက ဆောက်ထားတဲ့ဆေးရုံဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပဲခူးမြို့နယ်၊ ဇောင်းတူတိုက်နယ်ဆေးရုံ ဝန်ထမ်းအိမ်ရာများအား ၂၀၁၈-၂၀၁၉ ဘတ်ဂျက်နှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိအား သိရှိလိုပါသဖြင့် ဒေသခံပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်ရွှေပုံ၏ မေးခွန်းဖြစ်သော ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဇောင်းတုကျေးရွာအုပ်စုအတွင်း ဇောင်းတုတိုက်နယ်ဆေးရုံဝန်ထမ်းအိမ်ရာများအား ပြုပြင်ဆောက်လုပ်ပေးရန်ကိစ္စနှင့်ပတ်သက်၍ ဖြေကြားမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဓာတ်ပုံများလည်း တွေ့ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနအနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဇောင်းတုတိုက်နယ်ဆေးရုံတွင် ဝန်ထမ်းအိမ်ရာဆောက်လုပ်ပေးဖို့အတွက်ကတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကုသရေးဦးစီးဌာန၏ ငွေလုံးငွေရင်းရန်ပုံငွေတွင် ဦးစားပေးဆောင်ရွက်တောင်းခံသွားမည်ဖြစ်ပြီး လက်ရှိဆေးရုံအဆောက်အဦနှင့် ပြင်ဆင်စရာရှိသည်များကို ပြင်ဆင်ရန်တော့ ၂၀၁၇-၂၀၁၈ ယခုနှစ် ဘတ်ဂျက်၊ ဘဏ္ဍာရေးနှစ်အတွင်းမှာ ပြင်ဆင်ထိန်းသိမ်းစရိတ်ရန်ပုံငွေမှ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါတယ်။ အဲဒီတော့ ဘာတွေပြင်ရမယ်၊ ဘာတွေလုပ်မယ်ဆိုတာတော့ အင်ဂျင်နီယာအမြန်ဆုံးလွှတ်ပြီး ကျွန်တော်တို့ကြည့်ရှုပြီးတော့ ချက်ချင်းပြင်ဆင်ဖို့ ပိုက်ဆံထုတ်ပေးပါမယ်။ ကျွန်တော့်အနေနဲ့ ဒီဆေးရုံသုံးပစ္စည်းများနှင့်ပတ်သက်လို့ ၂၀၁၅ ခုနှစ်တွင် ကိုးမျိုး၊ ၂၀၁၆ ခုနှစ်တွင် သုံးမျိုးလည်း ထောက်ပံ့ပေးထားပါတယ်။ သို့သော် လောလောဆယ်လိုအပ်လျက်ရှိတဲ့ ဆေးရုံသုံးပစ္စည်းဆေးတွေကိုလည်း ဦးစားပေးအနေနဲ့ ချက်ချင်းအမြန်ဆုံး နှစ်ပတ်လောက်အတွင်းကို ကျွန်တော်တို့ ဖြည့်ဆည်းပေးပါမယ်။ ဆရာဝန်မရှိသည့်ကိစ္စကိုလည်း ဆောင်ရွက်ပေးပါမယ်။ ထို့အပြင် သူနာပြုကိုလည်း ဒီဇင်ဘာလမှာ ထွက်ပေါ်လာမယ့် သူနာပြုများခန့်အပ်တဲ့အခါမှာလည်း ဇောင်းတုဆေးရုံကို ဦးစားပေးအစီအစဉ်နဲ့ တာဝန်ချထားမည်ဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများဖြေကြားပေးတဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

**မူကြမ်း**

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့တဲ့ အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာတဲ့အတွက် ၂၈-၇-၂၀၁၇ ရက်နေ့မှာ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့ အသိပေးပြီး ပြင်ဆင်ချက်မိတ္တူများကို ကိုယ်စားလှယ်များထံဖြန့်ဝေခဲ့ပြီး ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၁-၈-၂၀၁၇ (အင်္ဂါနေ့)နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်း ဖြစ်ပါတယ်။ ယနေ့ထိ ပြင်ဆင်ချက်အဆိုတင်သွင်းလာတဲ့ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအပေါ် ဥပဒေကြမ်းကော်မတီရဲ့သဘောထားပြောပါ။

**ဦးနေမျိုးထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်း ဖြစ်ပါတယ်။ အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်၍ အဆိုပါဥပဒေကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးပြီးတော့ အမျိုးသားလွှတ်တော်မှပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာတဲ့ အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအား ပြည်သူ့လွှတ်တော်၏အတည်ပြုချက်များကို စာသားအရေးအသားအနည်းငယ်နှင့် အပိုဒ်အမှတ်စဉ်များကိုသာ ပြောင်းလဲပြင်ဆင်ထားခြင်းဖြစ်ပြီး ဥပဒေ၏အနှစ်သာရပြောင်းလဲခြင်းမရှိသည့်အတွက် အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအား သဘောတူပါကြောင်းနှင့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏သဘောထားအား လေးစားစွာ တင်ပြအပ်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့သဘောထားရယူပါမယ်။ ယင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်အတိုင်းအတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအတိုင်း သဘောတူအတည်ပြုကြောင်းနှင့် ယင်းဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးကသဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၄ နည်းဥပဒေခွဲ(က)၊ (ဂ)နှင့် (ဃ) တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော မြန်မာနိုင်ငံ လင်မယားကွာရှင်းရေးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့တဲ့ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာတဲ့အတွက် ၂၈-၇-၂၀၁၇ ရက်နေ့မှာ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့ အသိပေးပြီး ပြင်ဆင်ချက်မိတ္တူများကို ကိုယ်စားလှယ်များထံဖြန့်ဝေခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိပြင်ဆင်လိုတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၄-၈-၂၀၁၇ (အင်္ဂါနေ့)နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်း ဖြစ်ပါတယ်။ ယနေ့ထိ ပြင်ဆင်ချက်အဆို တင်သွင်းလာတဲ့ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေကို

ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအပေါ် ဥပဒေကြမ်းကော်မတီရဲ့သဘောထားပြောပါ။

**ဦးကျော်စိုးလင်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ကြွရောက်လာတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ဥပဒေကြမ်းကော်မတီရဲ့အတွင်းရေးမှူး ဦးကျော်စိုးလင်း ဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံလင်မယားကွားရှင်းရေးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာခဲ့ပါတယ်။ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များသည် ပြည်သူ့လွှတ်တော်၏အတည်ပြုချက်များကို စာအရေးအသားနှင့် ရေးထုံးများအပါအဝင် အခြားပြင်ဆင်ထားခြင်းမရှိဘဲ အပိုဒ်အမှတ်စဉ်များကိုသာ ပြောင်းလဲပြင်ဆင်ထားခြင်းဖြစ်ပါသောကြောင့် အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်ကို သဘောတူပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့သဘောထားရယူပါမယ်။ ယင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအတိုင်း သဘောတူအတည်ပြုကြောင်းနှင့် ယင်းဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၄ နည်းဥပဒေခွဲ(က)၊ (ဂ)နှင့်(ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**မူကြမ်း**

**ဦးမြင့်လွင်၊ တွံတေးမဲဆန္ဒနယ်က တင်သွင်းသည့် မြို့နယ်တိုင်းတွင် အစိုးရနှင့် အရပ်ဘက် အဖွဲ့အစည်းများ၊ ပြည်သူများ ပူးပေါင်းပါဝင်သော စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီများ ဖွဲ့စည်းထူထောင်နိုင်ရေးအတွက် လိုအပ်သော ဦးဆောင်လမ်းညွှန်ကူညီပံ့ပိုးမှုများ ချမှတ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးမြင့်လွင်၊ တွံတေးမဲဆန္ဒနယ်က တင်သွင်းတဲ့ မြို့နယ်တိုင်းတွင် အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများ၊ ပြည်သူများ ပူးပေါင်းပါဝင်သော စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီများ ဖွဲ့စည်းထူထောင်နိုင်ရေးအတွက် လိုအပ်သော ဦးဆောင်လမ်းညွှန် ကူညီပံ့ပိုးမှုများ ချမှတ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးရန်အမည်စာရင်းတင်သွင်းသူ ကိုယ်စားလှယ် ၁၃ ဦးအနက် သုံးဦးက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့ (၄-၈-၂၀၁၇ ရက်နေ့)တွင် ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ ယခုဆွေးနွေးရန် ကျန်ရှိတဲ့ကိုယ်စားလှယ် ၁၀ ဦး ဆက်လက်ဆွေးနွေးခြင်းကို ဆောင်ရွက်မှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးလွင်ကိုလတ်(သန်လျင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ သန်လျင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ကိုလတ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်သွင်းသွားတဲ့ Power Point ထဲက စာကြည့်တိုက်တွေမှာ စာအုပ်မရှိပါဘူး။ သို့သော် အပြင်မှာ ဆရာကြီးပါရဂူရဲ့ ရှန်နိတိဂေတန် လူထုတိုက် ကနေပြီးတော့ ဦးစီးဆောင်ရွက်တဲ့ မန္တလေးစာကြည့်တိုက်တွေနဲ့၊ မြို့နယ်အဆင့် စာကြည့်တိုက်တွေ၊ ပြီးတော့ အွန်လိုင်းတွေပေါ်မှာ စာအုပ်တွေ ကုဋေချီပြီးရှိပါတယ်။ စာအုပ်တွေ သိန်းချီပြီးရှိပါတယ်။ စာကြည့်တိုက်တွေမှာ စာအုပ်မရှိတာ/ရှိတာ ကွာပေမဲ့ စာကြည့်တိုက်တွေမှာ လူမရှိတာ အတူတူဖြစ်နေပါတယ်။ ဒါဘာဖြစ်လို့လဲဆိုရင် ကျွန်တော်တို့နိုင်ငံမှာ စာဖတ်ခြင်းအလေ့အထ အင်မတန်အားနည်းသွားလို့ ဖြစ်ပါတယ်။ ဒီစာဖတ်တဲ့ အလေ့အထဆိုတဲ့အရာဟာလည်း ဥပဒေထုတ်ရုံလောက်နဲ့၊ ခွင့်ပြုထားတယ်ဆိုတာလောက်နဲ့တင် တိုးတက်လာအောင်လုပ်လို့ရတဲ့ကိစ္စ မဟုတ်ပါဘူး။ Program တွေ၊ Project တွေ ခိုင်ခိုင်မာမာရေးဆွဲပြီး ဆောင်ရွက်မှသာလျှင် ဒီအလေ့အထတစ်ခုကို

ဆွဲတင်နိုင်မှာဖြစ်ပါတယ်။ စာဖတ်ခြင်းနှင့်ပတ်သက်ပြီးတော့ ပြောရမယ်ဆိုလို့ ရှိရင် ပညာရေးကပဲ ကျွန်တော်တို့ စပြီးပြောရမှာပါ။ ပညာရေးတွေမှာဆိုလို့ရှိရင် ပညာရေးပိရမစ် ရှိပါတယ်။ တစ်နည်းအားဖြင့်ပြောမယ် ဆိုလို့ရှိရင် စု၊ တု၊ ပြု။ လက်ရှိနိုင်ငံတကာသုံးနေတာက ပထမတစ်ဆင့် Knowledge၊ ဒုတိယတစ်ဆင့်က Understanding။ ဒါစုတဲ့အဆင့်ပါ။ ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်တွေ လွှတ်တော်ထဲရောက်လာတဲ့အချိန်တုန်းကလည်း လွှတ်တော်ကဘယ်လိုလည်ပတ် သလဲ။ ကိုယ်စားလှယ်ရဲ့အခွင့်အလမ်းတွေ ဘာတွေရှိသလဲ။ ဒါတွေကို ကျွန်တော်တို့ စုရပါတယ်။ နားလည် အောင်ကြိုးစားပါတယ်။ အဲဒါ စုတဲ့အဆင့်ပါ။ တတိယအဆင့်က Apply လုပ်တာပါ။ ပြီးတော့မှ ကျွန်တော်တို့ကိုယ်တိုင် မေးခွန်းတွေမေးတယ်။ ဆွေးနွေးတယ်။ ဒီထက်ပိုပြီးတော့ နောက်တစ်ဆင့်က ပြုတဲ့အဆင့်ပါ။ ဒီထက်ပိုပြီး နောက်တစ်ဆင့်တက်တဲ့အခါကျမှသာ ကျွန်တော်တို့က ပိုကောင်းအောင် ဘယ်လိုလုပ်မလဲ။ Review လုပ်တယ်။ ပြီးတော့ Innovation လုပ်တယ်။ ဒါက ကျွန်တော်တို့ ပြုတဲ့အဆင့်ကို ရောက်သွားတဲ့ကိစ္စပါ။ ကျွန်တော်တို့တွေ၊ ဒီလွှတ်တော်ကိုယ်စားလှယ် တွေတင်မဟုတ်ဘူး။ ပညာရပ်ဆိုင်ရာအသီးသီး၊ လက်တွေ့လုပ်ငန်းခွင်တွေမှာဆိုလို့ရှိရင် ရှိပြီးကျင့်သုံး နေတဲ့အထဲကနေ အားနည်းချက်တွေရှိလာရင် ဖိုရမ်တွေလုပ်တယ်။ Seminar တွေလုပ်တယ်။ Workshop တွေလုပ်တယ်။ ဒီထဲကနေ အဖြေထွက်ပြီး အသိကောင်းအောင် ဘယ်လိုလုပ်မလဲလုပ် တယ်။ ပညာရေးရဲ့ရည်ရွယ်ချက်က ဒီပုံစံပဲဖြစ်တယ်။ ဒီလိုမျိုးလက်တွေ့ဘဝတွေမှာ အလုပ်လုပ်နေရ တဲ့အခြေအနေကို ကျွန်တော်တို့ပညာရေးက ဘာလို့ အဲဒီလိုပြုစုမပျိုးထောင်ပေးခဲ့တာလဲ မေးခွန်း ထုတ်စရာရှိပါတယ်။ ကျွန်တော်တို့အားလုံးလည်း သိပြီးသားပါ။ ကျွန်တော်တို့ ဖြတ်သန်းခဲ့ရတဲ့ ပညာရေးစနစ်က အလွတ်ကျက်ပြီး စာမေးပွဲဖြေရတဲ့စနစ်ကို အားပြုခဲ့တဲ့အတွက်ကြောင့်မို့လို့ အလေ့အထကောင်းတွေ ဆုံးရှုံးခဲ့ရတာပါ။

တခြား စာဖတ်ချိန်မြှင့်တင်ရေးနဲ့ပတ်သက်လို့ရှိရင် နှစ်ပိုင်းရှိပါတယ်။ တစ်ခုက School Time ပါ။ ကျောင်းမှာ ပြုစုပျိုးထောင်တာပါ။ နောက်တစ်ခုကျတော့ After School ပါ။ ကျောင်းပြီးတဲ့ ကျောင်းပြင်ပကို လုပ်တာပါ။ ပညာရေးကဏ္ဍမှာဆိုရင် အခြားနိုင်ငံတွေမှာဆို ကလေးတွေကို KG တန်း ကနေအဆင့်ဆင့် မဖြစ်မနေ ဥပမာ - စင်ကာပူဆိုလို့ရှိရင် တစ်ပတ်ကို စာအုပ်နှစ်အုပ်ဖတ်ရပါတယ်။ ဒါမျိုး ညွှန်ကြားချက်တွေရှိပါတယ်။ နောက်တစ်ခါ အဆိုကို ထောက်ခံဆွေးနွေးသွားတဲ့ ဦးအောင်လှိုင်ဝင်း ပြောခဲ့သလိုပဲ တခြားနိုင်ငံတွေက စာကြည့်တိုက်တွေမှာ ကျောင်းသားတွေက အုတ်အုတ် ကျက်ကျက်ဖြစ်နေပါတယ်။ ဒါဟာ အကြောင်းမဲ့ဖြစ်နေတာ မဟုတ်ပါဘူး။ အဆင့်မြင့်ပညာရေးကို

ရောက်ပြီဆိုရင် ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ ဆရာဆရာမက ၄၅ မိနစ်၊ တစ်နာရီလောက်ပဲ Lecture ပေးတာ။ ပြီးရင် Assignment ပေးတယ်။ ဒီ Assignment ကို ကိုယ်တိုင်ရေးဖို့အတွက် References တွေ ပေးတယ်။ ကျောင်းသားတွေအားလုံးက မနက်၊ မနက်ဆိုရင် Library တွေကိုပြေးရတယ်။ စာတွေကို ရှာရတယ်။ ပြီးလို့ရှိရင် Assignment တင်တယ်။ Assignment တင်ပြီးလို့ရှိရင် အခန်းတွေထဲမှာ Discussion တွေ လုပ်တယ်။ ဒီပုံစံနဲ့ သွားနေခဲ့တာပါ။ အဲဒီစနစ်ကြောင့်မို့လို့ Library တွေမှာ လူတွေစည်ကားနေတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့နိုင်ငံမှာစာဖတ်အရှိန်ကိုမြှင့်တင်ဖို့ ဆိုရင် ပညာရေးဘက်ကနေပြီးတော့ စီမံချက်ကောင်းကောင်းနဲ့ စမှရမှာပါ။ နောက်တစ်ခုက After School ပါ။ After School ကကျတော့ အခုအဆိုရှင်ဆွေးနွေးတာနဲ့ တိုက်ရိုက်ပတ်သက်ပါတယ်။ အထူးသဖြင့် Community Centre တွေနဲ့ ဒီ Community Library တွေကနေ ပြီးသွားတဲ့ကိစ္စပါ။ ပြန်ကြားရေးဝန်ကြီးဌာနရဲ့မူဝါဒ (၅)ရပ်မှာလည်းပဲ စတုတ္ထမြောက်အချက်မှာ Community Centre တွေလုပ်မယ်။ Community Library တွေလုပ်မယ်လို့လည်း ပါပါတယ်။ ပြီးတော့လုပ်ငန်းစဉ်ထဲမှာ လည်းပဲ ဒီဥစ္စာတွေကို ထပ်ပြီးထည့်ထားတာ တွေ့တဲ့အတွက်ကြောင့်မို့လို့ အဆိုရှင်ရဲ့အဆိုနဲ့ ဝန်ကြီးဌာနရဲ့မူဝါဒဟာ ကိုက်ညီမှုရှိနေတယ်ဆိုတာကို တွေ့ရပါတယ်။ နောက်ပြီးတော့ အဆိုရှင်ရဲ့ အဆိုမှာလည်း ပြန်ကြည့်တဲ့အခါကျတော့ ဒီလုပ်ငန်းတွေကို အကောင်အထည်ဖော်ဖို့အတွက် အရပ်ဘက်အဖွဲ့အစည်းတွေ၊ ပြည်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်ရမယ်လို့ တိုက်တွန်းထားတာဟာ အင်မတန်လက်တွေ့ကျတယ်လို့ ထင်ပါတယ်။ ဘာကြောင့်လဲဆို ဒီနှစ်ဝန်ကြီးဌာနရဲ့ဘတ်ဂျက်၊ Plan to Budgeting ကိုကြည့်တဲ့အခါမှာ ကျွန်တော်တို့တစ်တိုင်းပြည်လုံးအဆင့်မှာ၊ တိုင်းဒေသကြီးနဲ့ ခရိုင်တွေအဆင့်မှာက ခြောက်ခုလောက်ပဲလုပ်နိုင်တယ်။ တစ်နိုင်ငံလုံးအဆင့်(က) အဆင့်မြှင့်တင်ဖို့ ဆိုလို့ရှိရင် မြို့နယ် ၃၀ လောက်ပဲလုပ်မယ်ဆိုတာ တွေ့ပါတယ်။ ဒီတော့ နိုင်ငံရဲ့ဘတ်ဂျက်နဲ့ပဲ မှီခိုပြီး လုပ်မယ်ဆိုလို့ရှိရင် နှစ်ပေါင်းအကြာကြီးစောင့်နေရမယ်။ ဒါပေမဲ့ ဒီနေ့ ကျွန်တော်တို့နိုင်ငံမှာ စာဖတ်တဲ့အလေ့အထတွေနည်းသွားတယ်ဆိုတာ နိုင်ငံတော်အကြီးအကဲကအစ ဟိုးမိသားစုအထိ အကုန်သိတဲ့ကိစ္စဖြစ်ပါတယ်။ ဒီကိစ္စကို စီမံချက်ချပြီးတော့ အမျိုးသားအဆင့်စီမံချက်အဆင့်လောက် ဆွဲတင်ပြီးလုပ်မှရမယ်လို့ ကျွန်တော်ထင်ပါတယ်။

နောက်ပြီး ကျွန်တော်တို့မြို့နယ်အတွေ့အကြုံလေးတစ်ခုကိုလည်း မျှဝေချင်ပါတယ်။ ကျွန်တော် ဆိုလို့ရှိရင် ကျေးရွာတစ်ခုမှာ ပြန်ကြားရေးဌာနက စာကြည့်တိုက်ကို ကျွန်တော်ညှိနှိုင်းပြီးတော့ ဒီစာကြည့်တိုက်ကို Community Centre ဖြစ်အောင်လုပ်မယ်ဆိုပြီးတော့ ကျွန်တော်တို့ကြိုးစားပါ

တယ်။ ရန်ကုန်တိုင်းဒေသကြီးကနေပြီးတော့ ကျွန်တော်တို့ကို ဖွံ့ဖြိုးရေးရန်ပုံငွေသိန်း ၁၀၀၀ ချပေးပါတယ်။ အဲဒီအထဲကနေ ကျွန်တော် သိန်း ၁၀၀ နဲ့ ကွန်ပျူတာတွေ ဝယ်မယ်ပြောတယ်။ မိသားစုတွေကလည်း ဝမ်းသာတယ်။ ဒီကွန်ပျူတာတွေနဲ့ ကလေးတွေကို စာကြည့်အောင်လုပ်မယ်ဆိုတော့ မိသားစုတွေဘက်ကလည်း ဒီစာကြည့်တိုက်ကို ပြန်ဆောက်မယ်ဆိုပြီးတော့ သူတို့ဘက်ကလည်း ငွေထည့်ဖို့၊ ပူးပေါင်းဆောင်ရွက်ဖို့ သဘောတူကြပါတယ်။ ဒီဟာ ကျွန်တော် ဘာကိုပြောချင်လဲဆိုရင် ဒီကိစ္စဟာ ကျွန်တော်တို့တိုင်းပြည်ရဲ့လိုအပ်ချက်မှန်းလည်း သိတယ်။ အမျိုးသားအဆင့် စီမံချက်တွေချပြီးတော့ ဘတ်ဂျက်လိုငွေကို အကြောင်းပြနေတာမျိုးထက်စာရင် ပြည်သူပူးပေါင်းလာအောင်လုပ်ဖို့ လိုတယ်လို့ ထင်ပါတယ်။ အဆိုရှင်ရဲ့အဆိုထဲမှာလည်း ဒါကို Highlight လုပ်ထားတာ တွေ့ပါတယ်။ ပြည်သူရဲ့ ပူးပေါင်းမှုပါအောင် အစိုးရဝန်ကြီးဌာနတွေကနေ ဦးဆောင်ပြီးတော့ လုပ်ဖို့လိုတယ်လို့ပြောတာ ကျွန်တော်သတိထားမိပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ နိဂုံးချုပ်အနေနဲ့ပြောရမယ်ဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံရဲ့စာဖတ်မှုမြှင့်တင်ရေးဆိုတာ Program ကောင်းကောင်းချရပါမယ်။ စီမံချက်တွေ ချရပါမယ်။ အစိုးရအဖွဲ့ကနေပြီး ဦးဆောင်ပြီးလုပ်ရပါမယ်။ ဒါတွေကို နှစ်တွေရွှေ့ပြီး စောင့်နေလို့မရပါဘူး။ နောက်ဆုံးကုန်ကုန်ပြောရရင် ကျွန်တော်တို့ ပြည်ထောင်စုရန်ပုံငွေသိန်း ၁၀၀၀ လိုဟာမျိုးထဲကနေပြီးတော့တောင် ပြည်သူရဲ့ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်မယ်ဆိုရင် အင်မတန်အချိန်ရသွားနိုင်တဲ့ကိစ္စ ဖြစ်ပါတယ်။ လက်တွေ့လည်း ကျွန်တော်တို့မြို့နယ်မှာ လုပ်ထားတာလေးတွေက အဆင်ပြေနေတာ တွေ့ပါတယ်။ ဒါကြောင့်မို့လို့ ဒီကိစ္စကို အစိုးရအဖွဲ့အနေနဲ့ လေးလေးနက်နက်ထားပြီးတော့ ကျွန်တော်တို့နိုင်ငံရဲ့အမျိုးသားအဆင့်စီမံချက်ဖြစ်အောင် ပြည်သူတွေပူးပေါင်းဆောင်ရွက်လာနိုင်အောင်လို့ ဆောင်ရွက်ပေးဖို့လိုတယ်လို့ ပြောကြားရင်းနဲ့ နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမျိုးဇော်အောင်(ကောလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ကောလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်အောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဦးမြင့်လွင်၊ တွံတေးမဲဆန္ဒနယ်က တင်သွင်းထားတဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စာကြည့်တိုက်ဆိုတာ စာအုပ်ငှားတဲ့နေရာလို့ လူအများက အခုအချိန်အထိ သတ်မှတ်နေကြဆဲ၊ ထင်နေကြဆဲ ဖြစ်ပါတယ်။ ဒါဟာ စာကြည့်တိုက်ကဏ္ဍ မဖွံ့ဖြိုးတဲ့လက္ခဏာရပ်

တစ်ရပ်ဖြစ်ပါတယ်။ တကယ်တမ်းကျတော့ စာကြည့်တိုက်ဆိုတာ စာအုပ်ငှားတဲ့နေရာသက်သက် မဟုတ်တော့ပါဘူး။ စာကြည့်တိုက်ဆိုတာ ပြည်သူလူထုတွေ လိုအပ်နေတဲ့ သတင်းအချက်အလက်တွေကို ပံ့ပိုးပေးတဲ့နေရာဖြစ်ပါတယ်။ အစိုးရအကြောင်း သိချင်ရင်ဖြစ်ဖြစ်၊ H1N1 လို ရောဂါအကြောင်း သိချင်ရင်ပဲဖြစ်ဖြစ်၊ ကလေးတစ်ယောက်ကို ဘယ်လိုပြုစုပျိုးထောင်ပေးရတယ်ဆိုတာ သိချင်ရင်ပဲဖြစ်ဖြစ် စာကြည့်တိုက်က ပံ့ပိုးပေးနိုင်ရမှာဖြစ်ပါတယ်။ သတင်းအချက်အလက်ဟာ ပုံသဏ္ဍာန်မျိုးစုံနဲ့ ရှိနိုင်ပါတယ်။ သတင်းအချက်အလက်တစ်ခုဟာ သတင်းတစ်ခုဖြစ်ချင်ဖြစ်ပါမယ်။ အသိပညာတစ်ခုဖြစ်ချင်ဖြစ်ပါမယ်။ ဖျော်ဖြေမှုတစ်ခုဖြစ်ချင်လည်း ဖြစ်ပါမယ်။ ဒီလိုပုံသဏ္ဍာန်မျိုးစုံနဲ့ ရှိနေတဲ့သတင်းတွေဟာ စာအုပ်တွေထဲမှာလည်း ရှိနိုင်ပါတယ်။ CD၊ DVD၊ သတင်းစာ၊ ဂျာနယ်၊ အင်တာနက်တွေမှာလည်း ရှိနိုင်ပါတယ်။ အဲဒီအပြင် စာကြည့်တိုက်အသုံးပြုသူအချင်းချင်းစီကလည်း ရနိုင်တာဖြစ်ပါတယ်။ ပြည်သူတစ်ဦးအနေနဲ့ သတင်းအချက်အလက်တစ်ခုကို သိချင်တဲ့အခါမှာ မှန်ကန်တဲ့သတင်းအချက်အလက်ကို ဘယ်ကရနိုင်မလဲလို့ စဉ်းစားလိုက်တဲ့အခါမှာ စာကြည့်တိုက်ကို အားကိုးရမယ်ဆိုတဲ့ အတွေးမျိုး အရင်ဆုံးပေါ်ဖို့လိုအပ်ပါတယ်။ စာကြည့်တိုက်ဟာ ခိုင်မာတဲ့သတင်းအချက်အလက်ကို ပင်မပေးနိုင်တဲ့နေရာ၊ ပြည်သူလူထုယုံကြည်အားကိုးတဲ့နေရာအဖြစ်နဲ့ ပြည်သူလူထုရှေ့မှာ ကျွန်တော်တို့ Image တစ်ခု ရှိနေရမှာဖြစ်ပါတယ်။ ဘာအကြောင်းတစ်ခုကို သိချင်တယ်ဆိုပြီးတော့မှ ပြည်သူတစ်ဦးက ပြောပြတဲ့အခါမှာ စာကြည့်တိုက်မှူးက ဒီသတင်းအချက်အလက်မျိုးဆိုလို့ရှိရင်တော့ စာကြည့်တိုက်မှာရှိတဲ့ စာအုပ်ထဲမှာရှိတယ်။ CD ထဲမှာရှိတယ်။ အင်တာနက်ထဲမှာရှိတယ်။ သို့မဟုတ်ရင် အခြားပြင်ပပုဂ္ဂိုလ်မှာရှိတယ်။ သို့မဟုတ်လို့ရှိရင် စာကြည့်တိုက်က စာအုပ်မှာတော့ မရှိဘူး။ အခြားစာကြည့်တိုက်တွေမှာတော့ ရှိနိုင်တယ်ဆိုပြီးတော့မှ လမ်းညွှန်မှုတစ်ခုခုပေးနိုင်ရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိအခြေအနေမှာ ပြည်သူ့စာကြည့်တိုက်တွေဟာ ပြန်/ဆက်ရုံးတွေမှာ တွဲဖွင့်ထားပြီးတော့မှ စာကြည့်တိုက်အသုံးပြုသူ မရှိသလောက်နည်းလာတာကို တွေ့ရပါတယ်။ စာကြည့်တိုက်တွေဟာ စာအုပ်တွေ သော့ခတ်သိမ်းထားရာနေရာတွေ ဖြစ်လာပါတယ်။ အကျိုးဆက်အားဖြင့်ကတော့ လူထုရဲ့အသိပညာနဲ့ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုအားနည်းလာပြီးတော့မှ အသိပညာဆုတ်ကပ်ဆိုက်လာပါတယ်။ ဒါကို သိသာစေတာကတော့ လူမှုကွန်ရက်စာမျက်နှာတွေမှာ သူများတင်ထားတဲ့ပို့စ်တွေကို မှန်လား/မှားလား မဝေခွဲနိုင်ဘဲနဲ့ တုံ့ပြန်သင့်/မသင့် မဝေခွဲနိုင်ဘဲနဲ့ ဖွထားတဲ့ သတင်းတွေကို ဆဲဆို အမျိုးမျိုးတုံ့ပြန်ကြတာကို ကြည့်ရင်းဖြင့် ကျွန်တော်တို့ သိနိုင်တာဖြစ်ပါတယ်။

လက်ရှိဆောင်ရွက်ချက်အရ ဝန်ကြီးဌာနအနေနဲ့ ပြန်/ဆက်ရုံးတွေကို Community Centre တွေအဖြစ်နဲ့ အကောင်အထည်ဖော်မယ်လို့ သိရပါတယ်။ ရည်ရွယ်ချက်လည်း အင်မတန်ကောင်းမွန်ပြီးတော့မှ ကျွန်တော်တို့အနေနဲ့ ကြိုဆိုပါတယ်။ ကျွန်တော့်အနေနဲ့ ကောလင်းမြို့နယ်၊ ပြန်/ဆက်ဦးစီးမှူးနဲ့ ကျွန်တော် ဆွေးနွေးပါတယ်။ ဆွေးနွေးပြီးတော့မှ Community Centre အဖြစ်နဲ့ ပုံဖော်ချင်တယ်။ ကျွန်တော်တို့ကူညီချင်တယ်လို့ ပြောတဲ့အခါမှာ ဒါဟာ ဝန်ကြီးဌာနရဲ့ရည်ရွယ်ချက်တစ်ခုဖြစ်ကြောင်း ကျွန်တော့်ကို ပြောပြပါတယ်။ ဒါဆိုရင် ကျွန်တော်ကူညီမယ်ဆိုပြီးတော့မှ ကျွန်တော့်အနေနဲ့ အရပ်ဘက် အဖွဲ့အစည်းတွေနဲ့ ညှိနှိုင်းပါတယ်။ ညှိနှိုင်းပြီးတော့အခါကျတော့မှ အရပ်ဘက်အဖွဲ့အစည်း တွေတင်မကဘဲနဲ့ ဆန်စပါးလုပ်ငန်းရှင်အသင်းတွေ၊ ဆန်စက်လုပ်ငန်းရှင်အသင်းတွေ၊ ဒီလိုလုပ်ငန်းရှင် အသင်းတွေရဲ့ဆွေးနွေးပွဲတွေကိုလည်းပဲ ဒီပြန်/ဆက်ရုံးမှာ ကျင်းပလို့ရတယ်။ မြို့ရေး၊ ရွာရေးဆွေးနွေးမှု လေးတွေလည်းပဲ ပြန်/ဆက်ရုံးမှာ ကျင်းပလို့ရတယ်ဆိုပြီးတော့မှ ပြန်/ဆက်ဦးစီးမှူးနဲ့ညှိနှိုင်းပြီး တော့မှ ဆောင်ရွက်တဲ့အခါမှာ အထိုက်အလျောက် ပြန်/ဆက်ရုံးကို Public Library ကိုအသုံးပြုမှု တိုးတက်လာတာကို တွေ့ရပါတယ်။ ဒါပေမဲ့ တကယ့် Community Centre ဖြစ်ဖို့ကတော့ အဝေးကြီး ရှိပါသေးတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ကြီးဌာနအနေနဲ့ ချဉ်းကပ်မှုအသစ်နဲ့ ပံ့ပိုးမှုတွေလုပ်နေတယ်ဆိုတာကို ကျွန်တော့်အနေနဲ့ သိပါတယ်။ ဒါပေမဲ့ မြေပြင်မှာ အောင်မြင်မှုလုံလုံလောက်လောက်မရရှိပါဘူး။ စာကြည့်တိုက်တွေဟာ အေးခဲနေဆဲ ဖြစ်ပါတယ်။ လူထုနဲ့ အလှမ်းဝေးနေဆဲဖြစ်ပါတယ်။ Facebook ဟာ လူတွေရဲ့ပင်မသတင်းအရင်းအမြစ်လို ဖြစ်လာပြီးတော့မှ မြန်မာ့လူထုအသိုင်းအဝိုင်းဟာ အန္တရာယ်ကြုံနေရပါတယ်။ ပြန်/ဆက်ရုံးတွေကို Community Centre အဖြစ်နဲ့ ပုံဖော်တာဟာလည်း ပဲ သေပြီးသားလူကို ပြန်အသက်သွင်းဖို့ကြိုးစားနေတာနဲ့ တူနေပါတယ်။ ပြည်သူတွေက အစိုးရရုံး တစ်ရုံးအဖြစ်ထက် ပိုပြီးတော့မှ မမြင်ကြတော့ပါဘူး။ ကျွန်တော့်အနေနဲ့ ဒီနေရာမှာ အလျဉ်းသင့်လို့ အတွေ့အကြုံတစ်ခု ပြောပြချင်ပါတယ်။ ၂၀၁၄ ခုနှစ်မှာ ဖွံ့ဖြိုးပြီးနိုင်ငံတစ်ခုက စာကြည့်တိုက်တွေကို သွားပြီးတော့မှ ကိုယ်တိုင်လေ့လာခွင့်ရခဲ့ပါတယ်။ အဲဒီမှာ ကျေးရွာလေးတစ်ရွာက စာကြည့်တိုက်လေး တစ်ခုကို ရောက်သွားပါတယ်။ ရောက်သွားတဲ့အခါမှာ အဲဒီမှာ ဘာတွေတွေ့ရလဲဆိုတော့ ကလေးတွေ ပုံလာဆွဲပါတယ်။ ကာတွန်းစာအုပ်လာဖတ်ပါတယ်။ မိဘတွေက ကလေးတွေကို လိုက်ပို့ရင်းနဲ့ စာကြည့်တိုက်ကို ရောက်ကြပါတယ်။ ပြည်သူလူထုတွေ အစည်းအဝေးတွေလုပ်ဖို့ အစည်းအဝေးခန်း သေးသေးလေးတွေရှိပါတယ်။ ဗွီဒီယိုတွေကြည့်ဖို့ ဗွီဒီယိုအခန်းလေးတွေရှိပါတယ်။ စာအုပ်တွေ

ပြည့်ပြည့်စုံစုံရှိပါတယ်။ Free Wi-Fi ရှိပါတယ်။ အိမ်ကနေလည်းပဲ စာကြည့်တိုက်ကို လှမ်းပြီးသုံးလို့ရပါတယ်။ အဓိကကတော့ စနေနေ့တိုင်း စာကြည့်တိုက်သွားမယ့်နေ့အဖြစ်နဲ့ လူထုလှုပ်ရှားမှုလုပ်ပြီးတော့မှ ပုံဖော်ထားတာကို တွေ့ရပါတယ်။ ဒီလိုမျိုးလုပ်ခြင်းဟာ အဓိကကတော့ စာကြည့်တိုက်ဟာ စာအုပ်ငှားတဲ့နေရာသက်သက်မဟုတ်ဘဲနဲ့ လူတွေစုဝေးတဲ့၊ စုဆုံတဲ့ Community Centre အဖြစ်နဲ့ကို ပီပီပြင်ပြင်အကောင်အထည်ဖော်ထားတာ တွေ့ရပါတယ်။ နည်းပညာမြင့်လို့ဆိုပြီးတော့မှ စာကြည့်တိုက်တွေကို၊ စာအုပ်တွေကို ပစ်မထားခဲ့ဘဲနဲ့ ပေါင်းစပ်ပြီး သွားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဝန်ကြီးဌာနရဲ့ရည်ရွယ်ချက်ကို အောင်မြင်ချင်တယ်ဆိုရင် ပြည်သူလူထုရဲ့ပူးပေါင်းပါဝင်မှုရမှသာလျှင် အောင်မြင်နိုင်မယ်လို့ ယူဆတဲ့အတွက်ကြောင့်မို့လို့ ဦးမြင့်လွင်၊ တွံတေးမဲဆန္ဒနယ်ရဲ့အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဓနုဖြူမဲဆန္ဒနယ်မှ ဦးတင်လှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးတင်လှ(ဓနုဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လေ့လာသူများ၊ ပြည်ထောင်စုဝန်ကြီးများ၊ တက္ကသိုလ်ကျောင်းတော်မဟာကနေပြီးတော့ ယနေ့လူငယ်၊ နောင်ဝယ်လူကြီးဖြစ်ကြမယ့် ယနေ့ကျောင်းသား၊ နောင်ဝယ်ခေါင်းဆောင်ဖြစ်မယ့် ကျောင်းသူကျောင်းသားအပေါင်းလည်း ဘဝအောင်ပန်းကြွယ်ခင်းလမ်းကို ဆွတ်လှမ်းလွယ်ကူ လျှောက်လှမ်းနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီဒေသကြီး၊ ဓနုဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှဖြစ်ပါတယ်။ ဦးမြင့်လွင် အဆိုပြုသွားတဲ့အဆိုလေးကို၊ ရစ်သိုင်းထားတဲ့အဆိုလေးကို ဆက်ပိုင်းလိုက်ရင် နှစ်ပိုင်းတွေ့ရတယ်။ Establishing ဆိုတဲ့ ထူထောင်ရေးအပိုင်းရယ်၊ Supporting ဆိုတဲ့ထောက်ပံ့ရေးအပိုင်းဆိုပြီး အပိုင်းနှစ်ပိုင်းတွေ့ရတယ်။ နိုင်ငံတော်မှာ စာကြည့်တိုက်တွေဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ အရပ်ဘက်အဖွဲ့အစည်းတွေ၊ ပြည်သူတွေပူးပေါင်းပါဝင်တဲ့ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွေဖွဲ့စည်းရမယ်။ အဲဒါတွေ ဖွံ့ဖြိုးရေးအတွက် ဦးဆောင်လမ်းညွှန်ကူညီပံ့ပိုးမှုပေးရမယ်ဆိုတဲ့အပိုင်းဖြစ်ပါတယ်။ မှန်ပါတယ်။ ဘယ်အရာမဆို နိုင်ငံတော်ထူထောင်ရေးမှာပဲဖြစ်ဖြစ်၊ စာကြည့်တိုက်တွေထူထောင်ရေးမှာပဲဖြစ်ဖြစ် All Inclusive၊ All Participating မဖြစ်ဘဲနဲ့တော့ ပြည်သူမပါဘဲတော့ ဘယ်ဟာမှမပြီးပါဘူး။ သူမပါ ဘယ်ဟာမှမပြီး၊ ငါမပါဘယ်ဟာမှမပြီး၊ သင်မပါဘယ်ဟာမှမပြီး၊ တို့ပါလည်းမပြီးပါဘူး။ ပြည်သူတွေအားလုံးပါမှ ပြီးပါမယ်။ ဒါ့ကြောင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်

ဒေါ်အောင်ဆန်းစုကြည်က ပြည်သူနှင့်အတူဆိုတဲ့စကားကို မွက်ကြားခဲ့ခြင်းဖြစ်ပါတယ်။ ရှေ့ကို မျှော်တစ်ခေါ်၊ နောက်ကိုပြန်တစ်လှန်ဆိုတာလို ပြန်ပြောင်းပြီးတော့ History of Myanmar Literature ကိုပြန်ကြည့်လိုက်ရင် ပု၊ ပင်း၊ အင်း၊ တောင်၊ ညောင်ရမ်း၊ နောင်၊ ကုန်းဘောင်နှစ်ခေတ်ခွဲ ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ပထမကုန်းဘောင်ခေတ်၊ ဒုတိယကုန်းဘောင်ခေတ်မှာ တိုင်းပြည်အုပ်ချုပ်တဲ့ ဘုရင်မင်းတရားလည်း စာပေကိုလိုလားတယ်။ စာပေကိုလိုလားတဲ့ ရဟန်းရှင်လူပြည်သူတွေကလည်း စာပေတွေကိုရေးဖွဲ့ခဲ့တော့ မြန်မာ့စာပေ၊ မြန်မာ့ယဉ်ကျေးမှုဟာ ကြီးမားကျယ်ပြန့်ခဲ့တယ်။ ယနေ့တိုင်အောင် အခြေခံပညာရေးနဲ့ တက္ကသိုလ် ပညာရေးမှာအထိ ထွင်းဖောက်ပြီး ယနေ့အထိစာပေတွေဟာ ယဉ်ကျေးမှုသဖွယ် ရပ်တည်ခဲ့ပါတယ်။ ယဉ်ကျေးမှုဆိုတာ အတိတ်ကအမွေ၊ ပစ္စုပ္ပန်ကာလအတွက်လက်ဆောင်၊ အနာဂတ်အတွက် အင်အားဖြစ်ပါတယ်။ အဲဒီစာပေတွေဟာ ယနေ့စာကြည့်တိုက်တွေတစ်ဆင့် Transit လုပ်လာတော့ ယနေ့တိုင်အောင် ကြီးမားကျယ်ပြန့်တဲ့ယဉ်ကျေးမှုသဖွယ်အနေနဲ့ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်ထဲမှာ ယနေ့တိုင်အောင်ရှိနေသေးတယ်။ အစိုးရ၊ ဘုရင်မင်းမြတ်၊ နိုင်ငံအစိုးရအုပ်ချုပ်တဲ့ ဘုရင်မင်းမြတ် လက်ထက်မှာ ဘုရင်ကိုယ်တိုင်ကအားပေးတယ်။ ပြည်သူတွေပါဝင်တယ်။ ရဟန်းရှင်လူပြည်သူ မရွေးပါဝင်ကြလို့ စာပေ၊ မြန်မာ့ယဉ်ကျေးမှုကြီးဟာ တိုးတက်ထွန်းကားခဲ့တယ်။ အနော်ရထာ၊ ကျန်စစ်သား၊ ဘုရင့်နောင်၊ အလောင်းဘုရားဆိုတဲ့ပုဂ္ဂိုလ်တွေမဆိုထားနဲ့ ကျစွာမင်းသည်ပင်လျှင် ပိဋကတ်သုံးပုံကို ခုနစ်ခေါက်လေ့လာခဲ့တယ်။ ရဟန်းတော်တွေကို တစ်နေ့ခုနစ်ကြိမ်စာချတယ်။ အမျိုးမှအပင်၊ အပင်မှအမျိုး သူ့ရဲ့သမီး သံပျဉ်းမင်းသမီးဟာ ရဟန်းတော်တွေကို စာချခဲ့တယ်။ ပင်းယသီဟသူ တြာချင်းတွေကိုယ်တိုင်ရေးဖွဲ့တယ်။ မိမိရဲ့တပည့်လက်သားစစ်သည်တော်တွေ အားမာန်တက်အောင် ကိုယ်တိုင်က၍ ကိုယ်တိုင်ဓားရေး၊ လှံရေးတွေပြခဲ့တယ်။ ဒါတွေဟာ သမိုင်းအထောက်အထားတွေရှိတယ်။ မြဝတီမင်းကြီးဦးစ လက်ရုံးရည်ရော၊ နှလုံးရည်ရော။ နတ်ရှင်နောင်။

**ဥက္ကဋ္ဌ**။ ။ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးအတွက်နော် အဆိုက စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆိုနဲ့ တိုက်ရိုက်ပတ်သက်တာပဲ ဆွေးနွေးပါ။

**ဦးတင်လှ(ခနိုဖြူမဲဆန္ဒနယ်)**။ ။ တပ်မတော်အစိုးရလက်ထက်ကနေပြီးတော့ ယနေ့ ဒီမိုကရေစီအစိုးရလက်ထက်တိုင်အောင် ထိုထိုသောအစိုးရတွေလက်ထက်မှာ အလျှိုလျှိုသော စာကြည့်တိုက်တွေပေါ်ပေါက်ခဲ့တယ်။ ဒါပေမဲ့ စာကြည့်တိုက်တွေ ငြိမ်သက်နေတယ်။ သက်ဝင်

လုပ်ရှားမှုနည်းနေတယ်။ ဒါကို အဆိုရှင် ဦးမြင့်လွင်၊ တွံတေးမဲဆန္ဒနယ်က Driving Force တွန်းအားပေးလိုက်တယ်။ Motivate တပ်လှန့်နှိုးဆော်လိုက်တာ။ ဒါကြောင့် စာပေဟာ နိုင်ငံတစ်နိုင်ငံ၊ တိုင်းပြည်တစ်ပြည်မှာ စာပေဆိုတဲ့ တည်ကြည်ခိုင်မြဲတဲ့အမြု၊ စာပေမြင့်မှ လူမျိုးအနေတင့်မယ်။ တိုင်းပြည်ဂုဏ်ထည်ဝါမယ်ဆိုတဲ့ဟာကို စာပေဆိုတဲ့ယဉ်ကျေးမှုကြီးကို အားလုံးကဝိုင်းဝန်းပြီး All Inclusive ပြည်သူဗဟိုပြုမှု၊ ပြည်သူ Public Participating ဖြစ်မှ ဒါကြီးဟာခိုင်မြဲမှာဖြစ်ပါတယ်။ ကြုံတုန်းမှာပဲ စာပေရဲ့အကျိုးကျေးဇူးကို အနည်းငယ်ပြောခွင့်ပြုပါ။ You Can Never Be Wise သင်ဟာပညာရှိမဖြစ်နိုင်ဘူး။ Unless You Love Reading စာကိုမဖတ်ဘဲနဲ့တော့ သင်ဟာပညာရှိမဖြစ်နိုင်ဘူး။ ကျွန်တော်တို့ ပြန်ကြားရေးဝန်ကြီး ဒေါက်တာဖေမြင့်ကလည်း သူ့ရဲ့စာရေးဆရာများမှတ်စုမှာ လူသည်မနက်ကထက် ညနေမှာပို၍ပညာရှိတယ်။ မနေ့ကထက် ဒီနေ့ပိုပညာရှိတယ်။ အသက်ကြီးလာသည်နှင့် ဦးနှောက်ကအချိန်စီးလာတယ်။ ဒါ့ကြောင့် သင်ဘာလုပ်ရလဲ။ စာဖတ်ပါတဲ့။ စာရဲ့အကျိုးကျေးဇူးဟာ အင်မတန်အရေးကြီးပါတယ်။ စာဖတ်မှ မှတ်ဖွယ်ရာထိုထိုစာကို အိမ်မှာမပြတ်သေချာဖတ်မှ စာပေဟူသောအရသာသိမည်။ ယနေ့ခေတ်ကိုကြည့် နိုင်ငံဟာဒီနေ့ ဒီမိုကရေစီနိုင်ငံသစ်ကိုသွားနေတယ်။ Knowledge Age ၊ ICT Age ဒီလိုကာလကို သွားနေတဲ့အခါမှာ နိုင်ငံအနေနဲ့ နှလုံးတိုက်ပွဲတွေပြင်ရတော့မယ်။ To create an Education System that can generate a learning society capable of facing the challenges of the Knowledge Age။ ယနေ့အသိပညာခေတ်၊ အတတ်ပညာခေတ်ရဲ့ စိန်ခေါ်မှုတွေ ရင်ဆိုင်နိုင်ဖို့ဆိုတာဟာ စာပေဗဟုသုတ ဟုတ်သောအမှန်၊ မှန်သောအကျင့်၊ သင့်သောအယူ၊ ဖြူစင်သောနှလုံးသားနှင့် အမှားအမှန်ကိုဝေဖန်ပိုင်းခြားနိုင်တဲ့စာပေအသိပညာများ ပေါင်းစုရာဖြစ်တဲ့ စာကြည့်တိုက်က အရေးကြီးပါတယ်။ စာအုပ်ကိုပထမဖတ်ရင် မိတ်ကောင်းနဲ့တွေ့၊ မိတ်ဆွေသစ်နဲ့ တွေ့ရသလို ဒီစာအုပ်ကို တစ်ခါပြန်ဖတ်ရင် မိတ်ဟောင်းနဲ့ပြန်တွေ့ရသလို ခံစားရတယ်။ အင်မတန် ချမ်းသာကြွယ်ဝတဲ့ သူဌေးကြီးဟာ ဒီစာအုပ်တစ်အုပ်မှမရှိဘူးဆိုရင် ထပ်ခိုးလေးထဲမှာရှိနေတဲ့ စာအုပ်တစ်ပုံတစ်ခေါင်းကြီးနဲ့နေတဲ့ ဆင်းရဲသားဘဝလောက်တောင် မမြတ်ဘူး။ နိုင်ငံရေးခေါင်းဆောင် လီနင်ကပြောခဲ့တယ်။ The book a mighty force စာအုပ်ဆိုတာ အင်မတန်အင်အားကြီးမားတယ်။ ဒါ့ကြောင့် နိုင်ငံမှာရှိတဲ့ ရဟန်းရှင်လူ၊ ပြည်သူ၊ စာရေးစာဆရာတွေရဲ့ အတွေးအခေါ်အမြင်တွေ၊ နိုင်ငံရေးဒဿနတွေနဲ့ စုစည်းရာဖြစ်တဲ့စာကြည့်။

**ဥက္ကဋ္ဌ။** ။ နိဂုံးချုပ်ပါ။ စာကြည့်တိုက်က နှစ်လုံးပါသွားလို့တော်သေးတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးရည်မွန်(ခ)မောင်တင်သစ် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးရည်မွန်(ခ)တင်သစ် (ပုဗ္ဗသီရိမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်က ပုဗ္ဗသီရိမဲဆန္ဒနယ်က ဦးရည်မွန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြို့နယ်တိုင်းမှာ စာကြည့်တိုက်ကော်မတီတွေ ဖွဲ့စည်းပြီးတော့မှ စာကြည့်တိုက်တွေပေါ်ပေါက်လာရေး ပြည်ထောင်စုအစိုးရကလည်း အားပေးကူညီပါလို့ တိုက်တွန်းထားတဲ့ ဆရာဦးမြင့်လွင်၊ တွံတေး မဲဆန္ဒနယ်ရဲ့ အဆိုကိုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ဖြစ်ပေါ်တိုးတက်မှု သမိုင်းကို ပြန်ကြည့်မယ်ဆိုရင် စာကြည့်တိုက်တွေဟာ အရေးကြီးတဲ့အခန်းကဏ္ဍက ပါခဲ့တယ်ဆိုတာ တွေ့ရပါလိမ့်မယ်။ ရှေးကတော့ စာကြည့်တိုက်တွေကို ပိဋကတ်တိုက်လို့ ခေါ်ခဲ့တာပါ။ ဗုဒ္ဓစာပေ ပိဋကတ်တွေသာမကဘဲနဲ့ ဓာတ်ကြမ်း၊ နက္ခတ်ကြမ်း၊ သမိုင်းရာဇဝင်၊ ပျို့၊ ကဗျာ၊ လင်္ကာ၊ မြို့/ရွာ မှတ်တမ်းစသည်ဖြင့် စာအမယ်စုံ စုစည်းပေးထားတဲ့နေရာတွေဖြစ်ပါတယ်။ မင်းနေပြည်တော်တွေမှာ တော့ ဘုရင့်ပိဋကတ်တိုက်ရှိပါတယ်။ ၁၇၉၅ ခုနှစ်က မြန်မာနိုင်ငံကိုလာရောက်ခဲ့တဲ့ ဗြိတိသျှ သံမိုက်ကယ်ဆိုင်းက သူ့ရဲ့ Report ထဲမှာ အမရပူရနန်းစံ ဘိုးတော်ပုဒ့်မင်းဟာဆိုရင် ကမ္ဘာပေါ်က မင်းတကာတို့ထက်သာလွန်တဲ့ စာပေပိဋကတ်တိုက်ကို ပိုင်ဆိုင်သူဖြစ်တယ်လို့ တခုတ်တရမှတ်တမ်း တင်သွားခဲ့ပါတယ်။ ဘုရင့်ပိဋကတ်တိုက်သာ ကြီးကျယ်ခမ်းနားတာမဟုတ်ပါဘူး။ စာကောင်းပေမွန် မှန်ရင် မိတ္တူအစုံစုံကူးပြီးတော့ မြို့/ရွာအနှံ့ဖြန့်ချိလေ့လာစေတဲ့ အလေ့အထမျိုးလည်း ရှေးကရှိခဲ့တာ ပါ။ အဲဒီအချိန်က ကျွန်တော်တို့နိုင်ငံရဲ့ပညာရေးကို အဓိကတာဝန်ယူထားတဲ့ ဘုန်းတော်ကြီးကျောင်း တိုင်းလိုလိုမှာ ပိဋကတ်တိုက်တွေရှိပါတယ်။ မြို့ကြီး၊ ပြကြီးတွေမှာသာမကဘူး။ ကျေးလက်တောရွာက ဘုန်းတော်ကြီးကျောင်းတွေမှာပါ ပိဋကတ်တိုက်တွေရှိခဲ့တယ်ဆိုတဲ့အထောက်အထား ဒီကနေ့ ရှေးကျတဲ့ဘုန်းတော်ကြီးကျောင်းတွေသွားကြည့်ရင် ပေစာ၊ ပုရပိုက်စာတွေကိုသိုမှီးတဲ့ စာကြည့်တိုက် လို့ခေါ်တဲ့ ကျွန်းသေတ္တာကြီးတွေ ဒီကနေ့အထိ တွေ့နိုင်ပါသေးတယ်။ ရှေးကဆိုရင် ရဟန်းပညာရှိ၊ လူပညာရှိအများကလည်း ကျေးလက်တောရွာတွေကပဲ မွေးထုတ်ပေးခဲ့တာပါ။ စာတိုငညိုလို့ခေါ်တဲ့ ကျေးတောသားတစ်ယောက်ဆိုရင် တောရွာမှာ သူလက်လှမ်းမီသမျှ ကိုယ်ထူကိုယ်ထလေ့လာ ဆည်းပူးရင်းနဲ့ တစ်ချိန်မှာ မင်းတိုင်ပင်အမတ်ကြီး ဝန်ဇင်းဖိုးရာဇာဆိုတာ ဖြစ်လာပါတယ်။ ပုဂံပြိုကွဲ ပြီးတဲ့နောက် အားနည်းနေတဲ့နိုင်ငံကို ပြန်လည်ထူထောင်ဖို့အရေးမှာ ဒီအမတ်ကြီးရဲ့နိုင်ငံရေးပညာ၊ နိုင်ငံရေးအမြော်အမြင် အင်မတန်ကျေးဇူးပြုခဲ့တယ်ဆိုတာ ကျွန်တော်တို့ တွေ့ရပါလိမ့်မယ်။ သူ့ခေတ်၊

သူ့အခါကတော့ ထိပ်တန်းနိုင်ငံရေးသိပ္ပံပါရဂူတစ်ယောက်လို့ ပြောနိုင်တဲ့ပုဂ္ဂိုလ်ပါ။ ကိုလိုနီခေတ်ရောက်တဲ့အချိန်မှာလည်း ဘားနတ်ပိဋကတ တိုက်ဆိုတာရှိပါတယ်။ ဒီနေ့အမျိုးသားစာကြည့်တိုက်ဆိုတာက ဘားနတ်ကိုအမွေဆက်ခံထားတာပါ။ အဲဒီကာလဝိုင်အမ်ဘီအေ၊ မြန်မာနိုင်ငံပညာပြန့်ပွားရေးအသင်း၊ လူငယ်များကြီးပွားရေးအသင်း၊ နောက်နဂါးနီစာအုပ်အသင်းတို့ရဲ့ အားပေးလှုံ့ဆော်မှုနဲ့ တစ်နိုင်ငံလုံးမှာစာကြည့်တိုက်တွေ ထောင်နဲ့ချီပြီးတော့ ထူထောင်ခဲ့ကြတယ်ဆိုတာလည်း တွေ့ရပါတယ်။ ကိုလိုနီခေတ်မှာ ထူးခြားချက်ကတော့ အစိုးရအနေနဲ့ ကိုယ်ထူကိုယ်ထစာကြည့်တိုက်တွေကို ရန်ပုံငွေထောက်ပံ့ပေးတဲ့ အစီအစဉ်ကျင့်သုံးခဲ့တာပါပဲ။ အစိုးရပညာရေးဌာနနဲ့ Municipal နှစ်ရပ်ပေါင်းရင် စာကြည့်တိုက်တစ်ခုကို တစ်နှစ်ငွေကျပ်တစ်သောင်းလောက်အထိ ထောက်ပံ့ခဲ့တယ်လို့ မှတ်တမ်းရှိပါတယ်။ ၁၉၃၆ ခုနှစ်မှာ တစ်နိုင်ငံကစာကြည့်တိုက်ပေါင်း ၁၄၆ ခု အစိုးရအထောက်အပံ့ရခဲ့တယ်လို့ ဆိုပါတယ်။ လွတ်လပ်ရေးခေတ်မှာလည်း စာကြည့်တိုက်တွေဟာဆက်ပြီးတော့ ရှင်သန်နေတယ်။ အဲဒီအချိန်မှာ ဘာသာပြန်စာပေအသင်းတို့၊ စာပေဗိမာန်တို့၊ ပြည်တော်သာစီမံကိန်းတို့ကလည်း စာကြည့်တိုက်တွေကို အားပေးပါတယ်။ တော်လှန်ရေးကောင်စီအစိုးရတက်လာပြီးတဲ့နောက် ၁၉၆၄ ခုနှစ်မှာတော့ မြန်မာနိုင်ငံစာကြည့်တိုက်ပြတိုက်၊ ပြပွဲများကြီးကြပ်အုပ်ချုပ်ရေးဥပဒေဆိုတာ ပေါ်လာခဲ့ပါတယ်။ ဒီဥပဒေကတော့ ဖွံ့ဖြိုးစည်ပင်နေတဲ့ ကျွန်တော်တို့နိုင်ငံရဲ့ စာကြည့်တိုက်ယဉ်ကျေးမှုကို သင်းသတ်ဖြစ်ခဲ့တယ်လို့ ဆိုရပါမယ်။ ဒီကနေ့ရော စာကြည့်တိုက်တွေရဲ့ အခြေအနေဘယ်လိုရှိသလဲ။ ပြည်ထောင်စုအစိုးရအနေနဲ့ရော ဘယ်လိုအားပေးကူညီသင့်သလဲ။ ကျွန်တော်တို့နိုင်ငံရဲ့ အစောဆုံးစာကြည့်တိုက်ပညာရှင်ကြီးတစ်ဦးဖြစ်တဲ့ ဆရာကေ (ခ) ဦးခင်ဇော်ကတော့ အကြောင်းသုံးချက် ထောက်ပြပါတယ်။ (၁) ခေတ်မီစာကြည့်တိုက်နည်းပညာမရှိလို့။ (၂) စာကြည့်တိုက်ကော်မတီတွေရဲ့ စီမံခန့်ခွဲမှုအားနည်းလို့။ (၃)ရန်ပုံငွေချို့တဲ့လို့ ဖြစ်ပါတယ်။ အစိုးရအနေနဲ့ အားပေးကူညီမယ်ဆိုရင် (၁)စာကြည့်တိုက်နည်းပညာ တစ်နိုင်ငံလုံးကို ဖြန့်ဖြူးပေးလို့ရပါတယ်။ နောက်စာအုပ်စာတမ်းလူငယ်တွေ၊ ကလေးငယ်တွေကို စာဖတ်စေချင်တယ်ဆိုရင် ကလေးသူငယ်စာစဉ်တွေ၊ လူငယ်စာစဉ်တွေကို ကျွန်တော်တို့က စနစ်တကျအစီအစဉ်ရှိရှိ ထုတ်ဝေဖြန့်ချိဖို့လည်း လိုအပ်နေပါတယ်။ ဒီအလုပ်ကိုတော့ ကျွန်တော်တို့ စာပေဗိမာန်က လုပ်နိုင်ပါလိမ့်မယ်။ စာအုပ်စာတမ်းတွေ ဈေးနှုန်းကြီးမြင့်နေတဲ့အချိန်မှာ E-book တွေ အမြောက်အမြားပေါ်လာဖို့လည်း အားပေးသင့်ပါတယ်။ မြို့/ရွာစာကြည့်တိုက်တွေကိုလည်း E-Library စနစ်နဲ့ ပူးတွဲကျင့်သုံးဖို့ ကျွန်တော်တို့ ကူညီလို့ရပါတယ်။ နောက်ငွေကြေး ကိုလိုနီအစိုးရကတောင်မှ စာကြည့်တိုက်တွေကို

ကူညီခဲ့သေးတယ်ဆိုရင် ဒီမိုကရေစီအစိုးရအနေနဲ့ ပိုလို့တောင်ကူညီသင့်ပါတယ်။ နိုင်ငံတကာမှာတော့ ဥပဒေပြဋ္ဌာန်းပြီး ကူညီလေ့ရှိပါတယ်။ အင်္ဂလန်မှာ ၁၈၅၀ ခုနှစ်လောက်ကစပြီးတော့ Royal Museum and Public Library Act ဆိုတာပြဋ္ဌာန်းပြီးတော့ စနစ်တကျကူညီခဲ့သလိုပဲ ဒီလိုဥပဒေမျိုးတွေကို နမူနာယူပြီးတော့ ကျွန်တော်တို့နိုင်ငံမှာလည်း ခေတ်မီစာကြည့်တိုက်ဥပဒေတစ်ခု လိုအပ်လိမ့်မယ်လို့ အကြံပြုတိုက်တွန်းရင်းနဲ့ ဆရာဦးမြင့်လွင်၊ တွံတေးမဲဆန္ဒနယ်ရဲ့အဆိုကို ထောက်ခံဆွေးနွေးပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးငြိမ်းသစ် (ခ) ဦးသောင်းထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးငြိမ်းသစ်(ခ)ဦးသောင်းထွန်း(မဟာအောင်မြေမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့် ခညောင်းပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ မဟာအောင်မြေမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငြိမ်းသစ်(ခ) ဦးသောင်းထွန်းဖြစ်ပါတယ်။ တွံတေးမဲဆန္ဒနယ်က ဦးမြင့်လွင်ရဲ့ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ကျွန်တော် ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စာကြည့်တိုက်ရဲ့အဓိကတာဝန်က ပညာဖြန့်ဖြူးဖို့ဖြစ်ပါတယ်။ ဒါကြောင့် ဆရာဇော်ဂျီက စာကြည့်တိုက်မှူးတွေအတွက် ပညာရှာသူ တို့ဝိုင်းကူဆိုတဲ့ဆောင်ပုဒ်ကို ရေးဖွဲ့ခဲ့တာဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာထင်ရှားကျော်ကြားတဲ့ သိပ္ပံပညာရှင်တွေ၊ အနုပညာရှင်တွေ၊ စာပေပညာရှင်တွေ၊ တီထွင်ဖန်တီးသူတွေ၊ ဗိသုကာတွေ၊ နိုင်ငံ့ခေါင်းဆောင်တွေ အားလုံးဟာ စာကြည့်တိုက်ကိုအမှီသဟဲပြုပြီးတော့ ပညာရှာမှီးခဲ့ကြတာဖြစ်ပါတယ်။ စာဖတ်တဲ့သူတွေ စာဖတ်တဲ့တိုင်းပြည်တွေသာ ကြီးပွားတိုးတက်ခဲ့တာပါ။ စာပေမြင့်မှ လူမျိုးတင့်တယ်လို့ဆိုပါတယ်။ ရေကန်တစ်ကန်ရဲ့ အတိမ်အနက်ကိုသိချင်ရင် ကြာရိုးကြာစွယ်ကိုကြည့်ရသလို လူမျိုးတစ်မျိုးရဲ့ အဆင့်အတန်းကိုကြည့်မယ်ဆိုရင် သူ့ရဲ့စာပေနဲ့ယဉ်ကျေးမှုကိုကြည့်ရပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သစ်ပင်စိုက်ရင်ရှင်ဖို့လိုသလို စာကြည့်တိုက်ဖွင့်ရင် အောင်ဖို့လိုပါတယ်။ စာကြည့်တိုက်တစ်ခုအောင်မြင်ဖို့ဆိုတာ အလွန်အရေးကြီးတဲ့အချက် (၁၀)ချက်ကျော်လောက်ရှိပါလိမ့်မယ်။ အဲဒီအထဲက အဓိကအကျဆုံးအချက်နှစ်ချက်ကိုပြောပါဆိုရင် (၁)က စာဖတ်သူရှိဖို့ပါ။ (၂)ကတော့ ရန်ပုံငွေရှိဖို့ပါပဲ။ စာဖတ်သူရှိဖို့ဆိုလို့ရှိရင် စာကြည့်တိုက်တွေ၊ စာကြည့်အသင်း

တွေဟာ ပြည်သူလူထုနှင့်လက်လှမ်းမီတဲ့နေရာ၊ အလွယ်တကူသွားရောက်စာပေဖတ်ရှုနိုင်တဲ့နေရာ ဖြစ်ဖို့လိုပါတယ်။ ပြည်သူလူထုကြားထဲမှာလည်း ရွေ့လျားစာကြည့်တိုက်တွေရှိဖို့လိုတယ်။ Community Centre တွေလည်း ရှိဖို့လိုပါတယ်။ ဘယ်လောက်ကြီးကျယ်ခမ်းနားတဲ့စာကြည့်တိုက် ဖြစ်ပါစေ။ စာဖတ်သူမလာဘူး။ စာဖတ်သူမရှိဘူးဆိုလို့ရှိရင် ဒီစာကြည့်တိုက်ဟာ ကျဆုံးသွားမှာပါပဲ။ ရေရှည်မခံနိုင်ပါဘူး။ အဲဒါကြောင့် စာကြည့်တိုက်တွေဖွင့်မယ်ဆိုလို့ရှိရင် စာဖတ်သူတွေလာအောင်၊ စာဖတ်ချိန်မြင့်တက်လာအောင်၊ စာဖတ်ခြင်းရဲ့အကျိုးကျေးဇူးတွေကို ပြည်သူလူထုတွေသိရှိအောင် အရင်ဆုံး၊ ပထမဆုံး လှုံ့ဆော်ရမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်သန်းထွန်း၊ သခင်ဘဟိန်းတို့ရဲ့ဆရာဖြစ်တဲ့ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဒို့ဗမာအစည်းအရုံးဥက္ကဌလည်း ဖြစ်ပါတယ်။ သူဟာဆိုလို့ရှိရင် လေးချိုးကြီးကဗျာတွေ၊ ဋီကာတွေမြောက်မြားစွာရေးဖွဲ့ပြီးတော့ နယ်ချဲ့ကို တိုက်ခဲ့တာပါ။ နယ်ချဲ့ကတောင် ဒီဆရာကြီးသခင်ကိုယ်တော်မှိုင်းကို ရန်သူနံပါတ်(၁) အဖြစ်နဲ့ ကြေညာခဲ့တာဖြစ်ပါတယ်။ ဒီဆရာကြီးက ၁၂၈၁ ခုနှစ် အမျိုးသားကောလိပ်တွေပေါ်ပေါက်လာတော့ မြန်မာစာနဲ့ရာဇဝင်ပါမောက္ခအဖြစ်နဲ့ ဆောင်ရွက်ခဲ့ပါတယ်။ နောက် ဒီဆရာကြီးဟာ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးတွေကို ဆောင်ရွက်ခဲ့ပါတယ်။ ဒီဆရာဟာ လေးတန်း၊ ငါးတန်းတောင် မအောင်ခဲ့ပါဘူး။ ဒီလိုပဲ ဆရာကြီးဆန်းထွန်း(မန်းတက္ကသိုလ်)ဆိုလို့ရှိရင်လည်း မြန်မာစာမှာ အလွန်ထင်ရှားတဲ့ကဝိအကျော်အမော်ပါ။ ဘာမေးမေး မသိတာမရှိဘူးဆိုတဲ့ မတစ်လုံးကျေ ဆရာကြီးဖြစ်ပါတယ်။ သူလည်း လေး၊ ငါးတန်းတောင်မအောင်ပါဘူး။ နောက်ဆရာတစ်ယောက်ကတော့ ဆရာမြသန်းတင့်ပါ။ သူဟာ မြိုင်၊ ပခုက္ကူနယ်မှာနေတယ်။ အဲဒီကနေ မိုင် ၂၀ လောက်ဝေးတဲ့ရွာကို ခြေကျင်သွားပြီးတော့ စာဖတ်တဲ့သူပါ။ အဲဒီတုန်းက စစ်ကြီးတွင်းဖြစ်တယ်။ ဗုံးသံလည်းကြောက်ရတယ်။ ဓားပြ၊ သူခိုးရန်လည်းကြောက်ရတယ်။ အဲဒီကြားထဲကမှ စာကို မက်မက်စက်စက်တန်ဖိုးထားပြီးတော့ ဖတ်ခဲ့တဲ့ဆရာကြီးပါ။ အခုဆိုရင် သူရေးခဲ့တဲ့စာအုပ်တွေက ကျွန်တော်တို့ တစ်ရပ်စာမကတော့ပါဘူး။ အင်္ဂလိပ်ဘာသာနဲ့ရော၊ ဒီ ဘာသာပြန်ရော၊ ပင်ကိုယ်ရေးရော တိုင်းပြည်အပေါ်မှာ အလွန်အကျိုးပြုတဲ့စာပေတွေ ဖြစ်ခဲ့ပါတယ်။

နောက် ရာဇဝင်မှာထင်ရှားတာက စောစောက ဆရာဦးရည်မွန် ပြောသွားသလိုပဲ။ စာတိုင်ညို သူဟာဆိုလို့ရှိရင် သာမန်လယ်သမားလေးဘဝကနေပြီးတော့ သက္ကရာဇ် ၇၃၀ မှာ အင်းဝဘုရင် မင်းကြီးစွာစော်ကဲနှင့်တွေ့ပြီးတော့ သူဟာ ပညာရှိအမတ်ဖြစ်လာပါတယ်။ သူဟာ ပုစ္ဆာဖြေနိုင်လို့ပါ။ အဲဒီပုဂ္ဂိုလ်ကလည်းပဲ ပေပုရပိုက်တွေ ဖတ်ခဲ့တာပါ။ ဒါကြောင့် စာပေရဲ့အကျိုးကျေးဇူးရှိပါတယ်။

စာဖတ်တဲ့နေရာမှာ သုတစာပေ၊ ရသစာပေဆိုပြီး နှစ်မျိုးရှိပါတယ်။ သုတစာပေဖတ်တာမအအောင်လို့၊ ရသစာပေဖတ်တာမဆိုးအောင်လို့ပါ။ ရသစာပေဖတ်ခြင်းအားဖြင့် ပိုမိုယဉ်ကျေးလာတယ်။ နှလုံးသားပျော့ပြောင်းလာတယ်။ ကိုယ်ချင်းစာတတ်တယ်။ လူသားချင်းတန်ဖိုးထားတတ်တဲ့စိတ်တွေမြင့်မားလာပါတယ်။ နောက်ပြီးကျတော့ အဆိပ်ရှိတဲ့သူက အဆိပ်ကိုအားကိုးတယ်။ ဦးချိုရှိတဲ့သူက ဦးချိုကိုအားကိုးတယ်။ အမှန်တရားကိုအလေးမထားဘဲနဲ့ ဒီ ခွန်အားကိုပဲ အဓမ္မအနိုင်ယူချင်တဲ့စိတ်တွေဟာ ရှက်ဖွယ်ကောင်းတယ်ဆိုတာကို ခံစားမှု၊ သိမှုဖြစ်ပေါ်လာအောင် တိုက်တွန်းတာ ရသစာပေဖြစ်ပါတယ်။ ဒါကြောင့် ရသစာပေဖွံ့ဖြိုးလာဖို့ နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးဖို့လိုပါတယ်။ နောက်ပြီးကျတော့ လူတွေ စာဖတ်ချိန်မြင့်လာအောင်လည်း၊ တိုးတက်အောင် ဆောင်ရွက်ပေးဖို့လိုပါတယ်။ ၁၉၇၂ ခုနှစ်က စာအုပ်စာပေ လူ့မိတ်ဆွေ(၂)ဆိုပြီးတော့ သတ်မှတ်ပြီးတော့ လူထုစာဖတ်ချိန်တွေ တိုးမြှင့်ခဲ့ပါတယ်။ အဲဒီလိုပဲ အခု နိုင်ငံတော်အစိုးရကလည်းပဲ စာအုပ်ဈေးပွဲတော်၊ ကလေးစာပေပွဲတော်၊ နောက် ဧရာဝတီစာပေပွဲတော်တွေ ဆောင်ရွက်ခဲ့တာရှိပါတယ်။ ဒါကိုတိုးမြှင့်ဆောင်ရွက်ရင်းနဲ့ စာဖတ်ချိန်တိုးမြှင့်လာအောင် ကြိုးပမ်းပေးပါလို့ တိုက်တွန်းရင်းနဲ့ ဦးမြင့်လွင်ရဲ့အဆိုကို ထောက်ခံဆွေးနွေးလိုက်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သရက်မဲဆန္ဒနယ်မှ ဦးကံမြင့် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးကံမြင့်(သရက်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ သရက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကံမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တွံတေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင့်ရဲ့အဆိုအား ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ အလိမ္မာစာမှာရှိ၊ စာအုပ်စာပေလူ့မိတ်ဆွေ၊ စာပေမြင့်မှ လူမျိုးမြင့်မှာပါ။ စာဖတ်ခြင်းဖြင့် သုတရသခံစားရပြီး သုတတွင် ပညာရပ်ဆိုင်ရာများ၊ သမိုင်းဆိုင်ရာများ၊ ဘာသာရေးဆိုင်ရာများ၊ ဗဟုသုတများပါဝင်ပြီး ကမ္ဘာကြီး၏ နည်းပညာတိုးတက်မှုများ၊ သမိုင်းဆိုင်ရာအချက်အလက်များ၏ အားနည်းချက်များအား ခေတ်နဲ့လျော်ညီစွာပြောင်းလဲနိုင်ခြင်း၊ တိုင်းပြည်၏စီးပွားရေးတိုးတက်မှု၊ ဆုတ်လျော့မှုကို သိမြင်နိုင်ခြင်း၊ ဘာသာရေးစာပေများမှ ကမ္ဘာ့ဘာသာကြီးများ၏ အခြေခံအချက်များကိုသိနိုင်ပြီး အမြင်မစောင်းခြင်း၊ တကိုယ်ကောင်းမဆန်ဘဲ အားလုံးအပေါ် မေတ္တာစိတ်ထားနိုင်ခြင်း ရသစာပေများမှ စိတ်ခံစားမှုမြင့်မားလာနိုင်ခြင်း၊ မိမိကိုယ်မိမိ ယုံကြည်ခြင်း၊ စိတ်တည်ငြိမ်ခြင်း၊ စိန်ခေါ်မှုများအား ရင်ဆိုင်ကျော်လွှားနိုင်ခြင်း၊ အများအကျိုးဆောင်ရွက်လိုမှု၊ ကိုယ်ချင်းစာမှု၊ သီးခံနိုင်မှု၊ တိုင်းပြည်နှင့် လူမျိုး၏

အကျိုးသယ်ပိုးလို့မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ ရရှိနိုင်ပါတယ်။ ပညာသင်ခြင်းမှ အတတ်ပညာရရှိပြီး စာဖတ်ခြင်းမှ အသိဉာဏ်လို့ခေါ်တဲ့ အမှားအမှန်အကောင်းအဆိုးကို ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ကိုရရှိပါတယ်။ အသိဉာဏ်ရှိခြင်းဆိုတာဟာ သိမှုနှင့်လည်းကောင်း၊ လုပ်ကိုင်နိုင်စွမ်းနှင့် လည်းကောင်း ကွဲပြားခြားနားပြီး အချို့က ပညာရေးမရှိဘဲ အသိဉာဏ်ရှိခြင်းဟု ဆိုကြပါတယ်။ ဒါပေမဲ့ အချို့က ပညာရေးဟူသည် အသိဉာဏ်ရှိသောလူတစ်ယောက်ဖြစ်ရန် အထောက်အပံ့ပြုသော အရာသာဖြစ်တဲ့ ပညာရေးက မဖြစ်မနေလိုအပ်သော အရာမဟုတ်ဟုဆိုကြပါတယ်။ ထင်ရှားသော ဥပမာအနေနဲ့ အဲဗတ်အိုင်းစတိုင်းဟာ သူရဲ့အမူအကျင့်ကြောင့် ကျောင်းမှအထုတ်ခံရပေမဲ့ ကမ္ဘာပေါ်မှာ အကြီးမားဆုံး ရူပဗေဒပညာရှင်တစ်ဦးဖြစ်လာဖို့ ကျောင်းမှထွက်ခဲ့ရခြင်းဟာ သူ့အတွက် အဟန့်အတားမဖြစ်ခဲ့ရပါဘူး။ အသိဉာဏ်မြင့်မားသူဖြစ်ပြီး သူ့ဘာသာသင်ယူနိုင်ပါတယ်။ ပညာတတ်မြောက်သူတစ်ဦးဟာ သင်ရိုးတစ်ခုသာသိပြီး သိမှုကြီးမှုုးခြင်းက အသိဉာဏ်ရှိရန် အာမခံနိုင်သော အရာလည်းမဟုတ်ပါဘူး။ လူတစ်ယောက်ရဲ့ခေါင်းထဲမှာ အချက်အလက်များပြည့်နေသော်လည်း အသိဉာဏ်ချို့တဲ့ပါက အလွတ်ရထားသည့်အချက်အလက်များကို ပြန်လည်ရွတ်ပြရုံမှလွဲ၍ ဘာမှ အသုံးမဝင်ပါဘူး။ ပြဿနာများကြုံရသည့်အခါ ပညာတတ်ခြင်းဖြင့် လက်တွေ့ကျကျဖြေရှင်းနိုင်မည် မဟုတ်ဘဲ စာဖတ်၍အသိပညာရှိခြင်းက ပြဿနာကိုဖြေရှင်းနိုင်မှာပါ။ လူတစ်ယောက်က အက္ခရာ သင်္ချာနဲ့ ညီမျှခြင်းများကို အခြားသူတစ်ဦးအား ရှင်းပြသင်ကြားနိုင်ပေမဲ့ ဘဏ်သို့သွားရောက်ပြီး ရှုပ်ထွေးသောငွေစာရင်းများကို ကိုင်တွယ်ရတဲ့အခါ လက်တွေ့ကျကျဖြေရှင်းနိုင်မှာမဟုတ်သလို ဆရာဝန်တစ်ဦးဟာ ဆေးကျောင်း၌ ချောင်းဆိုးသည့်အကြောင်းအရင်းကို သင်ကြားခဲ့ပြီး အလွတ်ရွတ်ပြပါလိမ့်မယ်။ ဒါပေမဲ့ ချောင်းဆိုးနေတဲ့လူနာတစ်ယောက်နဲ့တွေ့တဲ့အခါ ဘာကြောင့် ချောင်းဆိုးရပါသလဲဆိုတဲ့ပြဿနာကို မဖြေရှင်းနိုင်ပါဘူး။ အသိဉာဏ်ရှိသူလူတစ်ယောက်ဖြစ်ရင်တော့ ပြဿနာမဟုတ်ပါဘူး။ ပညာသင်ကြားခြင်းမှနေ၍ သိမှုဖွံ့ဖြိုးလာနိုင်သော၊ အသိဉာဏ်ဟုခေါ်သော အရာတော့မဟုတ်ပါဘူး။ ဒါကြောင့် ပညာသင်ကြားရေး၌ ကျောင်းသားများ၏ခေါင်းထဲသို့ အချက်အလက်များ ဖိသိပ်ထိုးထည့်ခြင်းနဲ့ စာဖတ်ခြင်းက အသိဉာဏ်ဟူသောအရာကို အသုံးပြုတတ်အောင် လှုံ့ဆော်ပေးရန် ပို၍အရေးကြီးပါတယ်။ ဆိုလိုတာကတော့ စာဖတ်ခြင်းဖြင့် ပညာတတ်၊ ပညာရှင်၊ ပညာရှိဖြစ်ဖို့အရေးကြီးပါတယ်။ ပညာတတ်ပြီး စာဖတ်ခြင်းဖြင့် အရာရာပြည့်စုံမည်ဟု ဆိုလိုခြင်းဖြစ်ပါတယ်။ လူငယ်များစာဖတ်ခြင်းဖြင့် မကောင်းမှုဒုစရိုက်များ၊ မူးယစ်ဆေးဝါးများ၊ အရက်သေစာသောက်စားခြင်း၊ ပျက်စီးဆုံးရှုံးခြင်းများမှရှောင်ရှားနိုင်ပြီး တိုင်းပြည်အကျိုးသယ်ပိုးလို

သူများဖြစ်လာမှာပါ။ ပညာမတတ်၊ အသိပညာမရှိလို့ ပျက်စီးဆုံးရှုံးမှုဖြစ်ခဲ့ရတဲ့ ဒေါက်တာလှမိုးအဆိုကို ဆွေးနွေးစဉ်က ပညာမဲ့မင်းသမီးနဲ့ ကုဋေကြွယ်သူဌေးသားတို့နဲ့တူတဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ အရှေ့တောင်အာရှမှာ သယံဇာတ အင်မတန်ပေါကြွယ်ဝပေမဲ့ ၁၉၈၇ ခုနှစ်မှာ အဆင်းရဲဆုံးနိုင်ငံ ဖြစ်ခဲ့ပြီး အခုအချိန်အထိ ပြည်တွင်းပြည်ပအကြွေးတွေထူ၊ တိုင်းပြည်လည်းမွဲ၊ လူထုလည်း ဆင်းရဲခဲ့လို့ အစိုးရသစ်ရဲ့ခဲဆွဲထားသလို နှေးကွေးတဲ့စီးပွားရေးဖြစ်နေတာဟာ အထက်မှာဖော်ပြခဲ့တဲ့အကြောင်း တွေဖြစ်တယ်ဆိုတာ ထင်ရှားပါတယ်။

ဆက်စပ်လို့ ကျွန်တော်တို့ သရက်မြို့မှာဆိုရင် စာဖတ်တဲ့လူ တော်တော်ကိုများပါတယ်။ ကိုယ့်အားကိုယ်ကိုး ပရဟိတစိတ်ဓာတ်ဖြင့် ၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့မှ တည်ထောင်ခဲ့တဲ့ ၇၁ နှစ်ရှိပြီဖြစ်တဲ့ သဟာရစာကြည့်တိုက်မှာ စာအုပ်ပေါင်း ၁၀၀၀၀ ကျော်ရှိပြီးတော့ အခုအချိန်မှာ လူတွေတော်တော်များများစာဖတ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်ပြောချင်တာက နိဂုံးချုပ်အနေနဲ့ ရပ်ကွက်ကျေးရွာများ၊ ကျောင်းများ၊ တက္ကသိုလ်များမှာ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ပြည်သူများ ပူးပေါင်းပါဝင်သော စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီများ ဖွဲ့စည်းထူထောင်နိုင်ရေးအတွက် လိုအပ်သောဦးဆောင်လမ်းညွှန် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုအား လေးလေးနက်နက်ထောက်ခံအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တောင်တွင်းကြီးမဲဆန္ဒနယ်က ဦးမင်းသိန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမင်းသိန်း(တောင်တွင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးရွှင်လန်းချမ်းမြေ့ကြပါစေ။ ကျွန်တော်ကတော့ တောင်တွင်းကြီးမဲဆန္ဒနယ်က ဦးမင်းသိန်း ဖြစ်ပါတယ်။ တွံတေးမဲဆန္ဒနယ်က ဦးမြင့်လွင်က မြို့နယ်တိုင်းမှာ အစိုးရနှင့် အရပ်ဘက် အဖွဲ့အစည်းများ ပူးပေါင်းပြီးတော့ စာကြည့်တိုက်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ဖို့ အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဝေဖန်ဆွေးနွေးထောက်ခံသွားမှာဖြစ်ပါတယ်။ ဒီကနေ့ အမြို့မြို့အနယ်နယ် မှာရှိတဲ့စာကြည့်တိုက်တွေ ကို အဆိုရှင်ဦးမြင့်လွင်က Power Point နဲ့တင်ပြသွားတာမြင်လိုက်ရတော့ စိတ်ပျက်ဖွယ် မြင်တွေ့လိုက်ရပါတယ်။ ဒီနေ့ စာကြည့်တိုက်ယဉ်ကျေးမှုခေတ် နိဂုံးများချုပ်တော့မလား လို့ မေးစရာဖြစ်လာပါပြီ။ Facebook ခေတ်က စာကြည့်တိုက်ခေတ်ကို အလဲထိုးအနိုင်ယူပါတော့ မယ်။ သတင်းအချက်အလက်နှင့်နည်းပညာ တစ်ရှိန်ထိုးဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ လူတို့ရဲ့ နေထိုင်မှုပုံစံ၊ အကျင့်တွေ၊ စိတ်ဓာတ်တွေလည်းပြောင်းလာကြပါပြီ။ လွှတ်တော်ပိတ်ရက် နယ်တွေဆင်း တဲ့အခါမှာ ကောက်စိုက်ပြီးတော့ နားနေကြတဲ့ကောက်စိုက်သမလေးတွေ သစ်ပင်ရိပ်မှာ Facebook

ကြည့်နေတာကို ကျွန်တော်တို့တွေ့ခဲ့ရပါတယ်။ ဒါ တိုးတက်မှုတစ်ခုလားလို့တောင် ကျွန်တော်တို့ ထင်မြင်မိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့လူငယ်တွေရဲ့လက်ထဲမှာ စာအုပ်တွေ မရောက်တော့ပါဘူး။ လက်ကိုင်ဖုန်းတွေရောက်နေပါပြီ။ ကျောင်းတွေမှာ စာကြည့်တိုက် ဆိုတာ စာသင်ခန်းမလောက်ငှမှုကြောင့် မရှိတော့ပါဘူး။ ကျောင်းစစ်ဆေးရေးတွေကလည်း စာကြည့်တိုက်ရှိ/မရှိ စစ်ဆေးကြပါသလားလို့ ကျွန်တော်မေးချင်ပါတယ်။ ကျွန်တော်တို့ပညာရေး ဝန်ထမ်းဘဝတုန်းကတော့ ကျောင်းတစ်ကျောင်းရောက်ရင် စာကြည့်တိုက်ရှိ/မရှိ စတင်ပြီးစစ်ဆေးခဲ့ ပါတယ်။ ဒီကနေ့ အခြေခံပညာကျောင်းတွေမှာ ကျောင်းသားတွေကို လက်ကိုင်ဖုန်းတွေယူမလာဖို့ စည်းကမ်းထုတ်ထားရပါတယ်။ ဆရာ/ဆရာမတွေကိုလည်း စာသင်ချိန်မှာလက်ကိုင်ဖုန်းတွေမသုံးဖို့ ညွှန်ကြားထားပါတယ်။ ဆရာ/ဆရာမတွေဟာ စာသင်တဲ့အချိန်မှာ လက်ကိုင်ဖုန်းမသုံးကြပါဘူး။ ဒါပေမဲ့ အားလပ်ချိန်ဆရာခန်းထဲရောက်ရင်တော့ လက်ကိုင်ဖုန်းတွေကိုယ်စီကိုယ်စီနဲ့ သင်ခန်းစာတွေ ကြိုတင်ပြင်ဆင်နေကြတာကို ကျွန်တော်တို့တွေ့ရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခြေခံပညာကျောင်းတွေမှာ ကျောင်းသားတွေကို ကျောင်းကိုလက်ကိုင်ဖုန်းယူမလာရပေမဲ့ တက္ကသိုလ်၊ ကောလိပ်ကျောင်းတွေမှာ ကျတော့ ယူခွင့်ရှိပါတယ်။ ဒါကြောင့် တက္ကသိုလ်၊ ကောလိပ် စာကြည့်တိုက်တွေဘက်ကို ကျောင်းသား တွေခြေဦးမလှည့်တော့ပါဘူး။ တက္ကသိုလ်ကျောင်းများရဲ့ စာကြည့်တိုက်တွေဟာလည်း ကျေးနဲ့ ဖုတ်ဖုတ်ဖြစ်နေပါပြီ။ ကျွန်တော်ဆိုလိုတာကတော့ ကောက်စိုက်သမကအစ တက္ကသိုလ်ကျောင်းသား အလယ်၊ ဝန်ထမ်းတွေအဆုံး၊ ကျောင်းသားတွေအဆုံး စာအုပ်ဖတ်ပါသလား။ စာတစ်အုပ်ဖတ်ပါ သလား။ မဂ္ဂဇင်းတစ်အုပ်ဖတ်ပါသလား။ Book တော့ Book ပါပဲ။ Facebook ပဲကြည့်နေကြပါပြီ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးမှု၊ နိုင်ငံရေးတည်ငြိမ်မှုရှိနေတဲ့အချိန်မှာ အားကစားတို့၊ စာပေတို့က အလွန်ဖွံ့ဖြိုးပါတယ်။ နေထွက်ကနေ နေဝင်အလုပ်လုပ်ပြီးတော့ ဝင်ငွေရအောင်ရှာနေရတဲ့ ကျွန်တော်တို့ကျေးလက်တောင်သူတွေကတော့ မြို့နေလူတန်းစားတွေလည်းပါပါတယ်။ အချို့ဆိုလို့ရှိရင် စီးပွားရေးကျပ်တည်းကြပါတယ်။ ဒါကြောင့် စာဖတ်ချိန်မရကြပါဘူး။ စီးပွားရေးတောင့်တင်းတဲ့သူတွေသာ စာဖတ်ချိန်၊ အားကစားလုပ်ချိန် ရကြ ပါတယ်။ မအားလပ်ကြတော့ စာမဖတ်နိုင်ပါဘူး။ စာဖတ်သူမရှိတော့ ရောင်းအကောင်းဆုံးစာရင်းဝင် စာရေးဆရာတွေစာအုပ်တောင်မှ အုပ်ရေတစ်ထောင်လောက်ပဲ ထုတ်ရပါတယ်။ မဂ္ဂဇင်းတွေလည်း

ပျောက်ကုန်ပါပြီ။ ဂျာနယ်တွေခေတ်ကို ရောက်လာသော်လည်းပဲ အားကစားဂျာနယ်များသာ ရောင်းကောင်းနေကြပါတယ်။ ဘာကြောင့်လဲဆိုတော့ ဘောလုံးပွဲလောင်းဖို့ပါ။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကွယ်လွန်သွားပြီဖြစ်တဲ့ စာပေဝေဖန်ရေးဆရာကြီး၊ ဆရာကြီး ဦးအောင်သင်းက စာကြည့်တိုက်တစ်ခုဖြစ်ပေါ်ဖို့၊ ရေရှည်တည်မြဲဖို့ B ငါးလုံးလိုအပ်ပါတယ်။ အဲဒီ B ငါးလုံးကတော့ အရေးကြီးဆုံးက Borrower ပါ။ စာအုပ်ငှားသူပါ။ စာအုပ်ခိုးသူမဖြစ်ဖို့လိုပါတယ်။ ထို့အပြင် ဒုတိယအရေးကြီးဆုံးကတော့ Budget ပါ။ ရန်ပုံငွေပါ။ ရန်ပုံငွေမတောင့်တင်းလို့ လုံးဝမရပါဘူး။ ရန်ပုံငွေကို တည်တံ့ခိုင်မြဲဖို့လည်း ထပ်မံပြီးတိုးပွားအောင် လုပ်ပေးရပါလိမ့်မယ်။ တတိယ B ကတော့ Brain ပါ။ အဲဒီ Brain ကတော့ စာကြည့်တိုက်ကိုဦးဆောင်တဲ့ကော်မတီနဲ့ စာကြည့်တိုက်မှူး တို့ရဲ့ Brain ဖြစ်ပါတယ်။ သူတို့ရဲ့ စီမံခန့်ခွဲမှုကောင်းလေလေ စာကြည့်တိုက်အောင်မြင်လေလေ ဖြစ်ပါတယ်။ အဲဒီနောက် စတုတ္ထ B ကတော့ Book ပါ။ စာကြည့်တိုက်ထဲမှာ ကာလဒေသနဲ့လိုက်လျော ညီထွေရှိတဲ့ စာဖတ်သူအရွယ်သုံးပါးကြိုက်တဲ့ စာအုပ်တွေထားတတ်ရပါတယ်။ ဒါ ဆရာကြီး ဦးအောင်သင်းရဲ့ လမ်းညွှန်ချက်ပါ။ နောက်ဆုံး B ကတော့ Building ဖြစ်ပါတယ်။ အဆောက်အဦပါ။ ဒီနေ့ စာကြည့်တိုက်တစ်ခုဖြစ်လာဖို့ ခေတ်မီအဆောက်အဦလိုသလို တကယ်ခေတ်မီစာကြည့်တိုက်တွေဖြစ်တဲ့ E-Library တွေကိုအကောင်အထည်ဖော်ဖို့လိုပါပြီ။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ တွံတေးမဲဆန္ဒနယ်က ဦးမြင့်လွင်ရဲ့အဆိုဟာ အဆိုကောင်းတစ်ခုဖြစ်ပါတယ်။ ဒါပေမဲ့လို့ အကောင်အထည်ဖော်ဖို့တော့ တော်တော်လေးခက်မယ်လို့ ယူဆပါတယ်။ စိန်ခေါ်မှုတွေအများကြီးရှိပါတယ်။ ယခင်ခေတ်က ကျေးရွာတွေမှာ ဝန်ကြီးဟောင်းတစ်ဦးရဲ့လမ်းညွှန်ချက်အရ စာကြည့်တိုက်တွေကို ဇွတ်အတင်း တည်ထောင်ခိုင်းခဲ့ပါတယ်။ နောက်ဆုံးတော့ စာကြည့်တိုက်တွေဟာ ပြည်သူလူထုပါမလာတဲ့အတွက်ကြောင့် စာကြည့်တိုက်ဘဝကနေပြီးတော့ နွားတင်းကုပ်ဘဝကို ရောက်သွားခဲ့တာကို တွေ့ရပါတယ်။ ဒီအကြောင်းများကြောင့် နိုင်ငံတော်ရဲ့ဘဏ္ဍာငွေတွေလည်း ဆုံးရှုံးမှုမဖြစ်ရလေအောင်၊ ရေရှည်တည်တံ့ခိုင်မြဲတဲ့စာကြည်တိုက်တွေလည်းဖြစ်အောင် အမြော်အမြင်ကြီးစွာနဲ့ လုပ်ရမယ့်လုပ်ငန်းကြီးတစ်ခုဖြစ်ပါတယ်။ အချိန်ယူပြီးတော့ ဖြည်းဖြည်းချင်းဆောင်ရွက်ရမယ့်လုပ်ငန်းဖြစ်ပါတယ်။ ဦးမြင့်လွင်တင်ပြသလို အစိုးရရော၊ အရပ်ဘက်အဖွဲ့အစည်းတွေပါ ပါဝင်ပြီးတော့ ဖြည်းဖြည်းချင်းဆောင်ရွက်မှသာ ရေရှည်တည်တံ့တဲ့ စာကြည့်တိုက်များဖြစ်လာမှာဖြစ်တဲ့အကြောင်း အရပ်ဘက်အဖွဲ့အစည်း

ဆိုတာ ပြည်သူတွေဖြစ်ကြောင်းနဲ့ ပြည်သူနဲ့အတူ ဆောင်ရွက်မှရမှာဖြစ်ကြောင်း လက်ပူတိုက် ကြက်ဆူစိုက်လို့မရပါဘူးဆိုတဲ့အကြောင်း ပြောကြားရင်းနိဂုံးချုပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မလှိုင်မဲဆန္ဒနယ်မှ ဦးလှထွန်းအောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးလှထွန်းအောင်(မလှိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ရှေးဦးစွာနှုတ်ခွန်းဆက်သအပ်ပါ တယ်။ ကျွန်တော်ကတော့ မလှိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းအောင် ဖြစ်ပြီးတော့ တံတားမဲဆန္ဒနယ်က ဦးမြင့်လွင်ရဲ့အဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါ တယ်။ မှန်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ပြည်သူတွေရဲ့ဘဝတိုးတက်ဖို့၊ ပြည်သူတွေရဲ့အတွေးအခေါ် တွေ ရင့်သန်လာစေဖို့အတွက် စာကြည့်တိုက်တွေဖွံ့ဖြိုးတိုးတက်ဖို့ အမှန်တကယ်လိုအပ်နေတာ ဖြစ်ပါ တယ်။ စာကြည့်တိုက်တွေ၊ စာအုပ်စာပေတွေဆိုတာ ကျောင်းတက်စရာမလိုတဲ့ တက္ကသိုလ်တစ်ခုလို့ တောင်မှ ပြောခဲ့ကြတာပါ။ ဒီကနေ့ အဘက်ဘက်ကနိမ့်ကျနေတဲ့ ကျွန်တော်တို့နိုင်ငံကို အစိုးရသစ် အနေနဲ့ ဝန်ကြီးဌာနပေါင်းစုံကနေပြီးတော့ ပြည်သူတွေရဲ့ဘဝတိုးတက်ဖို့ အားသွန်ခွန်စိုက် ကြိုးစားနေ ပါတယ်။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးတည်ဆောက်ဖို့လည်း ကြိုးစားနေတဲ့အချိန်အခါဖြစ်ပါ တယ်။ အဲဒီလို ကြိုးစားနေတဲ့အချိန်အခါမှာ ပြည်သူတွေရဲ့ဘဝ တိုးတက်ဖွံ့ဖြိုးရေး၊ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အစစတိုးတက်စေရန် ကြိုးစား ဆောင်ရွက်တဲ့နေရာမှာ ပြည်သူတွေကလည်း ဟန်ချက်ညီညီ လိုက်ပါနိုင်ဖို့ အထူးလိုအပ်လှပါတယ်။ အဲဒီလို ဟန်ချက်ညီညီ ပြည်သူတွေအနေနဲ့ လိုက်ပါနိုင်ဖို့ဆိုတာလည်း ပြည်သူတွေမှာ အတွေ့အကြုံ၊ ဗဟုသုတ၊ အတွေးအခေါ်၊ အမြော်အမြင်တွေ ရင့်သန်ပြီးတော့ ဗဟုသုတကြွယ်ဝပြီး လိုက်ပါနိုင်ဖို့ အတွက် စာအုပ်စာပေများကနေပြီးတော့ အထောက်အကူပြုမှာ အမှန်ပဲဖြစ်ပါတယ်။ အဲဒါကြောင့် ပြည်သူအများ စာအုပ်စာပေများ ဖတ်ရှုလေ့လာခြင်းအလေ့အကျင့်ရဖို့ နည်းလမ်းများစွာနဲ့ စည်းရုံး သိမ်းသွင်းလှုံ့ဆော်ပြီး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ဖို့ ကျွန်တော်တို့အနေနဲ့ အားလုံး ကြိုးစားကြရမှာဖြစ်ပါတယ်။ ဒီနေရာမှာ အဆိုရှင်ပြောသလို အစိုးရအဆက်ဆက် မူဝါဒများချမှတ်ပြီး တော့ စာကြည့်တိုက်များဖွင့်လှစ်ခဲ့ကြပါတယ်။ အဲဒီစာကြည့်တိုက်အများစုကလည်းပဲ ဖဲကြိုးဖြတ် လက်ခုပ်သြဘာတီးပြီးတော့ စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနား အောင်မြင်စွာပြီးမြောက်ကြောင်း ကြေညာအပ်ပါသည်လို့ ပြောပြီးကတည်းက ပြီးမြောက်သွားတဲ့စာကြည့်တိုက်တွေ မြောက်မြားစွာ

ရှိပါတယ်။ ရှင်သန်ခြင်းမရှိတော့တာတွေ ကျွန်တော်တို့ တွေ့နေရပါတယ်။ စာကြည့်တိုက်တစ်ခု ရှင်သန်ဖို့ဆိုတာက အဘက်ဘက်ကပြည့်စုံဖို့လိုအပ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့မလှိုင်မြို့မှာလည်းပဲ မလှိုင်ကျောင်းသူကျောင်းသားဟောင်းများအသင်းကနေပြီးတော့ ပန်းလှိုင်စာကြည့်တိုက်ဆိုပြီး ၂၀၀၀ ပြည့်နှစ်က စတင်ဖွင့်လှစ်ခဲ့ပါတယ်။ အဲဒီလို ဖွင့်လှစ်တဲ့အထဲမှာလည်းပဲ ကျွန်တော့်အနေနဲ့ ဦးဆောင်တဲ့အဖွဲ့မှာပါဝင်ပြီးတော့ စာကြည့်တိုက်ကို ဖွင့်လှစ်ခဲ့ပါတယ်။ နည်းမျိုးစုံနဲ့ ကျွန်တော်တို့တစ်တွေကြိုးစားပြီးတော့ စာကြည့်တိုက်တစ်ခုအောင်မြင်ဖို့ ကျွန်တော်တို့ ကြိုးစားခဲ့ကြပါတယ်။ ၂၀၁၄ ခုနှစ်မှာ အဲဒီစာကြည့်တိုက်ကို နေရာအဟောင်းကနေ နေရာအသစ်ကိုပြောင်းပြီးတော့ ဖွင့်လှစ်ခဲ့တာ ဒီကနေ့ ၁၇ နှစ်သက်တမ်း ကြာမြင့်နေပါပြီ။ ဒါပေမဲ့ အဲဒီလိုကြာမြင့်တာကို ကျွန်တော်တို့ပြန်ပြီးတော့ ကြည့်လိုက်တဲ့အချိန်မှာ ဒီကနေ့ ကျွန်တော်တို့ရဲ့စာကြည့်တိုက်မှာ စာဖတ်သူပရိတ်သတ် ၁၅ ယောက်နဲ့ အယောက် ၂၀ လောက်ပဲရှိပါတယ်။ အဲဒီ စာဖတ်ပရိတ်သတ် ၁၅ ယောက်၊ အယောက် ၂၀ ဆိုတာလည်း အပတ်စဉ်ထုတ် ဂျာနယ်ပေါင်း ၂၀၊ ၂၅ ကို ကျွန်တော်တို့စာကြည့်တိုက်မှာတင်ပေးထားတဲ့ အတွက် အဲဒီဂျာနယ်တွေကိုလာဖတ်တဲ့ စာဖတ်ပရိတ်သတ်တွေပဲရှိပါတယ်။ သုတစာပေ၊ ရသစာပေဖတ်တဲ့သူတွေ အင်မတန်နည်းပါးနေတာကို ကျွန်တော်တို့ တွေ့နေရပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့တွေ စာကြည့်တိုက်တွေဖွံ့ဖြိုးဖို့ ကျွန်တော်တို့ ကြိုးစားကြရပါမယ်။ ဒီကနေ့ ကျောင်းသူကျောင်းသားတွေသည် ကျောင်းစာနဲ့နပန်းလုံးနေရသလို လူငယ်လူရွယ်အများစုဟာလည်းပဲ နည်းပညာရဲ့ဝါးမြိုမှု၊ မူးယစ်ဆေးဝါးရဲ့သိမ်းသွင်းမှုတွေရဲ့အောက်မှာ အချိန်တွေကုန်နေတာကို တွေ့ကြရပါတယ်။ ဒါကြောင့် ကျွန်တော်တို့တစ်တွေ စာကြည့်တိုက်တွေပြန်လည်ရှင်သန်လာဖို့ ဒီကနေ့ ခေတ်မီနည်းပညာနဲ့ E-Book တွေ၊ E-Library တွေအပြင် နည်းလမ်းပေါင်းစုံနဲ့ ကျွန်တော်တို့တစ်တွေ လူငယ်စာဖတ် ပရိတ်သတ်တွေကို ဆွဲဆောင်ကြရပါလိမ့်မယ်။ စာကြည့်တိုက်များဖွံ့ဖြိုးပြီး စာဖတ်သူတိုးပွားလာအောင်၊ စာဖတ်တဲ့အလေ့အကျင့်တွေဖြစ်လာအောင် ထောင့်စုံဘက်စုံမှ ရေတိုရေရှည်စီမံချက်များချမှတ်ပြီးတော့ စနစ်တကျဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ အဲဒီလိုစနစ်တကျနဲ့ ပြုစုပျိုးထောင်ပါမှ ကျွန်တော်တို့တိုင်းပြည်ရဲ့စာကြည့်တိုက်တွေဟာလည်းပဲ ရှင်သန်ဖွံ့ဖြိုးလာမှာဖြစ်တဲ့အတွက် တွံတေးမဲဆန္ဒနယ်က ဦးမြင့်လွင်တင်သွင်းတဲ့အဆိုကို ထောက်ခံအကြံပြုဆွေးနွေးအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးနေလင်းအောင်(မင်းတပ်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သပါရစေ။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မင်းတပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တွံတေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်ရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စာကြည့်တိုက်များဟာ လူ့ဘဝအတွက် သုံးမကုန်နိုင်တဲ့ဗဟုသုတဘဏ်တိုက်များဖြစ်ပါတယ်။ စာပေသည် အမှောင်ကိုခွင်း၍ အလင်းကိုဆောင်စေပါတယ်။ စာပေသည် အကြောင်းနှင့်အကျိုး၊ အကောင်းနှင့်အဆိုးကို ဝေဖန်ပိုင်းခြားစေပါတယ်။ စာပေသည်အသိအလိမ္မာများကို တိုးပွားစေပါတယ်။ ဒါကြောင့်မို့လို့ ရှင်မဟာရဋ္ဌသာရက မှတ်ဖွယ်မှတ်ရာထိုထိုစာကို ရှာ၍မပြု အိမ်တွင်ဖတ် ဖတ်ပြန်သော်ငြား ဖတ်ဖန်များက သားမယားပင် သိမြင်ကင်းကွာမလိမ္မာလည်း စာပေစကားနေ့တိုင်းကြားက ထူးခြားလိမ္မာရှိသည်သာလျှင်လို့ ရေးဖွဲ့ခဲ့ခြင်းဖြစ်ပါတယ်။ မှန်ပါတယ်။ စာပေသည် အသိတရားအဖုံဖုံနှင့် အလိမ္မာများကိန်းအောင်းရာနေရာ ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ ကျွန်တော်ဖတ်ခဲ့ဖူးတဲ့အကြောင်းလေးတစ်ခုကို ဥပမာအနေနဲ့ပြောကြားပါရစေ။ တစ်ခါတုန်းက နိုင်ငံတစ်နိုင်ငံမှာဆိုရင် သူတို့နိုင်ငံမှာစာကြည့်တိုက်တွေ ဖွင့်လှစ်ပေးခဲ့ပါတယ်။ အဲဒီစာကြည့်တိုက်တွေမှာ အသက်အရွယ်အပိုင်းအခြားအလိုက် အားလုံး စုံလင်စွာ တက်ရောက်နိုင်ဖို့ရာအတွက် ကျွန်တော်တို့ ဖန်တီးပေးခဲ့ခြင်းဖြစ်ပါတယ်။ အထူးသဖြင့် စာမဖတ်တတ်သေးတဲ့ကလေးငယ်တွေအတွက်ပါ ရည်ရွယ်ပြီးတော့ အစီအစဉ်တွေရေးဆွဲခဲ့ပါတယ်။ အဲဒီစာကြည့်တိုက်မှာဆိုရင် ကျွန်တော်တို့ ကလေးငယ်များအတွက် စာရွက်အဖြူကြီးများကိုလည်း ချထားပေးတယ်။ စုတ်တံတွေ၊ မှင်ခွက်တွေကိုလည်း ချထားပေးပြီးတော့ ကလေးငယ်များကို စာကြည့်တိုက်ကို လာရောက်စေခဲ့ပါတယ်။ အဲဒီကလေးငယ်တွေဟာ စာကြည့်တိုက်ကိုလာရောက်ပြီးတော့ စုတ်တံတွေ၊ မှင်ခွက်တွေထဲက မှင်တွေကို ကြိုက်သလိုခြယ်မှုန်းဆော့ပြီးတော့ အချိန်တန်တော့ အိမ်ပြန်သွားကြပါတယ်။ အဲဒီလို ကလေးငယ်တွေ အိမ်ပြန်ပြီးတဲ့နောက်မှာ စာကြည့်တိုက်ဝန်ထမ်းတွေက အဲဒီစာကြည့်တိုက်တွေမှာပေကျန်နေသောအရာတွေကို သန့်ရှင်းရေးလုပ်ရပါတယ်။ အဲဒီလိုနေ့စဉ်နှင့်အမျှ သန့်ရှင်းရေးလုပ်လာရတော့ စာကြည့်တိုက်ဝန်ထမ်းတွေနဲ့ နိုင်ငံသူနိုင်ငံသားအချို့ဟာ ငါတို့တိုင်းပြည်မှာရှိတဲ့ခေါင်းဆောင်နဲ့ ငါတို့တိုင်းပြည်ရဲ့အစိုးရတွေဟာ ငါတို့ရဲ့ဘဏ္ဍာငွေတွေကို ဖြုန်းတီး

ပစ်နေတယ်လို့ မှတ်ယူကြပါတယ်။ အမှန်တော့ အဲဒီလိုမဟုတ်ပါဘူး။ သူတို့ရဲ့ခေါင်းဆောင် သူတို့ရဲ့ တိုင်းပြည်အစိုးရတွေဟာ သူတို့တိုင်းပြည်မှာရှိတဲ့ကလေးငယ်တွေဟာ စာကြည့်တိုက်ဆိုတာ ပျော်ရွှင်စရာရပ်ဝန်းလေးတစ်ခုပါလားလို့ အဲဒီလိုသိအောင်လို့ ဖန်တီးပေးခဲ့ခြင်းဖြစ်တယ်။

နောက်စာကြည့်တိုက်ဆိုတာ လာရောက်ကြပါလားဆိုတဲ့အလေ့အကျင့်တွေရအောင်လို့ ငယ်စဉ်အခါကတည်းက ကလေးငယ်တွေသိရှိအောင် ဖန်တီးပေးခဲ့ခြင်းဖြစ်ပါတယ်။ ပြောရမယ်ဆိုရင် သူတို့ရဲ့ အစိုးရဟာ စာကြည့်တိုက်တွေအတွက် ကျွန်တော်တို့ဟာ ဘဏ္ဍာငွေတွေကို ဖြုန်းတီးပစ်တာ မဟုတ်ဘဲနဲ့ ကြီးမားလှစွာသောရင်းနှီးမြှုပ်နှံမှုတွေကို လုပ်ခဲ့ခြင်းသာဖြစ်ပါတယ်။ အဲဒီရင်းနှီးမြှုပ်နှံမှုတွေရဲ့ အသီးအပွင့်တွေကို အဲဒီကလေးငယ်တွေ အရွယ်ရောက်လာတဲ့အခါကျတော့ အဲဒီနိုင်ငံသူနိုင်ငံသားတွေဟာ ခံစားရပြီးတော့ အဲဒီနိုင်ငံဟာ ကမ္ဘာ့အလယ်မှာ မားမားမတ်မတ်တင့်တင့်တယ်တယ်နဲ့ထည်ဝါသောနိုင်ငံတစ်ခုဖြစ်ခဲ့ပါတယ်။ အဲဒါကတော့ အခြားနိုင်ငံမဟုတ်ပါဘူး။ စင်ကာပူနိုင်ငံဖြစ်ပါတယ်။ နောက်တစ်ခုအနေနဲ့ပြောချင်တာကတော့ အခုကျွန်တော်တို့လွှတ်တော်ထဲမှာ ရောက်ရှိနေတဲ့ ပြည်ထောင်စုဝန်ကြီးကိုယ်တိုင်ရေးထားတဲ့ စာအုပ်ကမ္ဘာဆိုတဲ့စာအုပ်ထဲကနေပြီးတော့ အကြောင်းလေးတစ်ခုကို ပြောကြားချင်ပါတယ်။ ဝန်ကြီးရေးထားတာကတော့ ဝန်ကြီးတွေက စင်ကာပူနိုင်ငံကို ရောက်ရှိလာပါတယ်။ အဲဒီစင်ကာပူနိုင်ငံကိုရောက်တဲ့အခါမှာ အထပ်ပေါင်းများစွာမြင့်တဲ့ အမျိုးသားစာကြည့်တိုက်ကြီးကိုလည်း သွားရောက်လေ့လာခဲ့ပါတယ်။ ထို့အပြင် ရပ်ကွက်ထဲမှာရှိတဲ့ နယ်မြေခံစာကြည့်တိုက်ကလေးကိုလည်း သွားရောက်လေ့လာခဲ့ပါတယ်။ စာကြည့်တိုက်ကလေးဆိုပေမဲ့ သုံးထပ်ရှိပါတယ်။ အပေါ်ဆုံးအထက်မှာပြပွဲ၊ ကပွဲ၊ ဆွေးနွေးပွဲတွေအတွက် စီစဉ်ထားပြီးတော့ အောက်ဆုံးအထပ်မှာဆိုရင် ကလေးငယ်များအတွက် သီးခြားစီစဉ်ဆောင်ရွက်ထားပါတယ်။ အဲဒီစာကြည့်တိုက်မှာ ဘယ်အရွယ်ကစပြီးတော့ လာရောက်လေ့လာလို့ရသလဲဆိုတော့ ဝန်ကြီးရေးထားတဲ့စာထဲမှာပါပါတယ်။ 0 to 4 လို့ရေးထားတဲ့အတွက် ဝန်ကြီးကလည်း ဆိုထားပါတယ်။ အမိဝမ်းထဲက ကျွတ်ဆဲဆဲဆိုတဲ့ အဖြေကနေ စတင်ပြီးတော့ စာကြည့်တိုက်ကိုရောက်နိုင်ပါတယ်။ ပြောချင်တာကတော့ မွေးကတည်းက စာကြည့်တိုက်ကိုလာလို့ရပါတယ်။ ဒါ့အပြင် အဲဒီစာကြည့်တိုက်ထဲမှာဆိုရင် ကလေးငယ်များအတွက် စာအုပ်ပေါင်းများစွာ အသက်အရွယ်အပိုင်းအခြားအလိုက် ထားရှိပါတယ်။ စာပေဟောပြောပွဲအတွက် ဆွေးနွေးခန်းတွေလည်းထားပါတယ်။ ဒါ့အပြင် ကလေးငယ်များ ပုံပြောစရာနေရာတွေလည်း ထားရှိပါတယ်။ အထူးပြောချင်တာကတော့ ဝန်ကြီးရေးထားတဲ့စာအုပ်ထဲမှာ အသက်တစ်နှစ်မပြည့်တပြည့် ကလေးငယ်လေးဟာ ခုံပေါ်ကိုတက်ပြီး ဝူးဝူးဝါးဝါးနဲ့ပြောပြီးတော့

ကွန်ပျူတာခလုတ်တွေကိုနှိပ်ပြီးတော့လို့ ဆိုထားပါတယ်။ ဒီအချက်ကိုကြည့်ခြင်းအားဖြင့် သူတို့နိုင်ငံရဲ့ အစိုးရဟာ သူတို့လူမျိုးတွေ၊ သူတို့နိုင်ငံသူနိုင်ငံသားတွေ ဗဟုသုတပြည့်စုံဖို့ဆိုရင် အဖိုးမထိုက်တန်တာကိုမထားနဲ့ အလွန်တန်ဖိုးကြီးလှပါတဲ့ကွန်ပျူတာလိုစက်ပစ္စည်းမျိုးကိုမဆို နိုင်ငံသူနိုင်ငံသားများ ဖွံ့ဖြိုးဖို့ဆိုရင် ဘေးမှာထားပြီးတော့ ရဲရဲကြီးရင်းနှီးမြှုပ်နှံမှုလုပ်ခဲ့လို့သာ ကမ္ဘာ့အလယ်မှာ တင့်တင့်တယ်တယ်နိုင်ငံကြီးဖြစ်ခဲ့တယ်လို့ ကျွန်တော့်အနေနဲ့ ပြောချင်ပါတယ်။ ဒါက ကျွန်တော်တို့လည်း ကျွန်တော်တို့တိုင်းပြည်မှာရှိတဲ့ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ကျွန်တော်တို့နိုင်ငံတော်အစိုးရကနေ ဦးဆောင်ပြီးတော့ ပြည်သူရောအားလုံးပူးပေါင်းပါဝင်ဆောင်ရွက်မှသာလျှင် အောင်မြင်မှုရရှိမှာဖြစ်ပါတယ်။ ဒီနေရာမှာ အခက်အခဲတွေတော့ အများကြီးရှိပါတယ်။ တချို့စာကြည့်တိုက်တွေကပိတ်ထားတယ်။ တချို့စာကြည့်တိုက်တွေက စာအုပ်မရှိဘူး။ တချို့စာကြည့်တိုက်တွေက စာအုပ်ရှိတယ်။ ဗီရိုထဲသော့ခတ်သိမ်းထားပါတယ်။ ပျောက်မှာ ပျက်မှာစိုးလို့။ တချို့သောစာကြည့်တိုက်တွေဟာ စာအုပ်လည်းရှိတယ်။ ဖတ်ခွင့်လည်းပေးတယ်။ ဒါပေမဲ့ အဟောင်းတလည်လည်ဖြစ်ပြီးတော့ အသစ်ပြန်လည်ဖြည့်ဆည်းနိုင်စွမ်းမရှိပါဘူး။ တချို့သောစာကြည့်တိုက်မှာ စာကြည့်တိုက်မှုအတတ်ပညာတွေနည်းပါးနေတာတွေ စတဲ့စိန်ခေါ်မှုတွေကိုကျော်လွှားရဖို့ ကျွန်တော်တို့ လိုအပ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ နိဂုံးချုပ်ပြောချင်တာကတော့ မြန်မာနိုင်ငံသားတစ်ဦးလည်းဖြစ်ပြီးတော့ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် တာဝန်ကို နှစ်ကြိမ်တိုင်တိုင်ထမ်းဆောင်ခဲ့တဲ့ ကျွန်တော်တို့ရဲ့နိုင်ငံသား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကြီး ဦးသန့်ရဲ့အမှာစကားလေးကို ဖောက်သည်ချပြရရင် ဘာပြောသလဲဆိုတော့ စာဖတ်သောလူမျိုးသည် တိုးတက်၍ တိုးတက်သောလူမျိုးသည်လည်း စာဖတ်ကြပေသည်ဆိုတဲ့စကားလေးကို ကျွန်တော်တို့က မမေ့မလျော့မပေါ့ဆဘဲနဲ့ မှတ်မှတ်သားသားထားနှလုံးသွင်းပြီးတော့ ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ အစိုးရကနေပြီးတော့ ရင်းနှီးမြှုပ်နှံမှုတွေလုပ်၊ ကျွန်တော်တို့က ခေါင်းဆောင်ခေါင်းရွက်လုပ်ပြီးတော့ ပြည်သူရော အရပ်ဘက်အဖွဲ့အစည်းတွေပါ ပူးပေါင်းဆောင်ရွက်လာမယ်ဆိုရင် စာကြည့်တိုက်တွေ ဖွံ့ဖြိုးတိုးတက်လာပြီးတော့ အဲဒီစာကြည့်တိုက်တွေရဲ့ အကျိုးကျေးဇူးကို နောင်လာမယ့်နိုင်ငံသူ နိုင်ငံသားများခံစားရပြီးတော့ ကမ္ဘာ့အလယ်မှာ တင့်တယ်ထည်ဝါသောနိုင်ငံတစ်ခု ဖြစ်လာပါလိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ မျှော်လင့်ရပါကြောင်း ပြောကြားရင်း အဆိုရှင်ရဲ့အဆိုကို ထောက်ခံဆွေးနွေးလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။ (ဩဘာသံများ)

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဦးမျိုးနိုင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမျိုးနိုင်(ချမ်းအေးသာစံမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်တင်သွင်းတဲ့ မြို့နယ်တိုင်းတွင် အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများ၊ ပြည်သူများ ပူးပေါင်းပါဝင်သော စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီများ ဖွဲ့စည်းထူထောင်ရေးအတွက် လိုအပ်သော လမ်းညွှန် ပံ့ပိုးမှုများ ချမှတ်ဆောင်ရွက်ရန်အဆိုကို အကြံပြုဆွေးနွေးမယ့် ချမ်းအေးသာစံမဲဆန္ဒနယ်က ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးနိုင် ဖြစ်ပါတယ်။

လေးစားရသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးဇူးပြု၍ Power Point အသုံးပြုခွင့်ပေး ရန် မေတ္တာရပ်ခံအပ်ပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂ(UNESCO)အဖွဲ့ကြီးရဲ့ ပြည်သူ့စာကြည့်တိုက် ကြေညာ စာတမ်းမှာ စာကြည့်တိုက်ဟူသည် ပညာရေး၊ ယဉ်ကျေးမှုနှင့် သတင်းအချက်အလက်များအတွက် အစဉ်ရှင်သန်နေတဲ့ အင်အားကြီးတစ်ခုဖြစ်သကဲ့သို့ ထိုထိုလူသားယောကျ်ား၊ မိန်းမတို့၏စိတ်ဓာတ် အတွင်း၌ ငြိမ်းချမ်းရေးနှင့် စိတ်ဓာတ်တိုးတက်ရေးတို့ကို ဖြစ်ထွန်းရန်အတွက်လည်း ပဓာနကျသော အကြောင်းတရားတစ်ခုဖြစ်ပေသည်ဟူသော ယုံကြည်ချက်နဲ့ ဖော်ကျူးထားတာတွေ့ရပါတယ်။ ဒါ့အပြင် ပြည်သူ့စာကြည့်တိုက်ဆိုတာ လူမျိုးမရွေး၊ ဘာသာမရွေး၊ ဆင်းရဲချမ်းသာမရွေး၊ ကျား/မမရွေး သက်ဆိုင်ရာမြို့/ရွာ ဒေသန္တရနယ်ပယ်မှာရှိတဲ့ လူပုဂ္ဂိုလ်အားလုံး ပညာ၊ ဗဟုသုတ လွတ်လွတ်လပ်လပ် အခမဲ့ရှာဖွေဆည်းပူးနိုင်တဲ့ နေရာဌာနဖြစ်ပါတယ်။ စာကြည့်တိုက်ဟာ အစိုးရနှင့် ဒေသန္တရအစိုးရတို့ရဲ့ ထောက်ပံ့ငွေ ဒါမှမဟုတ် မြူနီစပယ်အခွန်ခအဖြစ်ရပ်တည်ပြီး သက်ဆိုင်ရာမြို့/ရွာဒေသန္တရ စာကြည့်တိုက်အုပ်ချုပ်ရေး ရပ်ကွက်အသင်းအဖွဲ့တွေရဲ့ လွတ်လွတ်လပ်လပ်စီမံအုပ်ချုပ်ရပါတယ်။ ဘဝတစ်သက်တာမှာ ပညာရှာဖွေဆည်းပူးနိုင်တဲ့အသိပညာဆိုင်ရာ တံခါးမကြီးအဖြစ်သာမက မတူ ကွဲပြားတဲ့လူ့အဖွဲ့အစည်းရဲ့ ယဉ်ကျေးမှု၊ ဓလေ့၊ ထုံးစံတွေကို အပြန်အလှန်နားလည်အောင် ဒီမိုကရေစီ အလေ့အထတွေကို လေ့ကျင့်ပေးတဲ့နေရာဌာနတစ်ခုဖြစ်ပါတယ်။ အထူးသဖြင့် ကလေးသူငယ်တွေ ငယ်စဉ်ကတည်းက စာဖတ်ဝါသနာပြုစုပျိုးထောင်ပေးတဲ့ ကလေးစာကြည့်တိုက်ရှိရပါမယ်။ ဒါ့အပြင်

သက်ကြီးရွယ်အို မသန်စွမ်းသူတွေ ပညာဗဟုသုတရှာဖွေနိုင်အောင် အထူးစီမံထားရပါတယ်။ ခြုံငုံပြောရလျှင် လူပုဂ္ဂိုလ်တစ်ဦးချင်းနဲ့ လူ့အဖွဲ့အစည်းအတွက် သာယာအေးချမ်းပြီး လူမှုဘဝတွေ တိုးတက်မြင့်မားဖို့ ယဉ်ကျေးမှုသုတပညာဆိုင်ရာ အမြဲရှင်သန်နေတဲ့နေရာဌာနတစ်ခုဖြစ်မယ်လို့လည်း အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ အဲဒီလိုစာကြည့်တိုက်မျိုးကိုတွေ့ဖို့ဆိုရင် ကျွန်တော်တို့ ယခုအချိန်မှာ ရှာဖွေရခက်ပါလိမ့်မယ်။ ဒီလိုမှမဟုတ်ရင်တော့ အဆိုရှင် Power Point ဖြင့်တင်ပြထားတဲ့စာဖတ်သူနှင့်စာကြည့်တိုက်ကို စာအုပ်မရှိတဲ့စာကြည့်တိုက်တွေ၊ စာအုပ်တွေပိနေတဲ့စာကြည့်တိုက်မျိုးတွေကိုသာ တွေ့ရပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စာကြည့်တိုက်တစ်ခုဖြစ်ဖို့ဆိုရင် မိုးလုံလေလုံပြီး အလင်းဓာတ်ကောင်းတဲ့အဆောက်အဦမျိုးရှိရပါမယ်။ သုတရသ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ အားကစားအစရှိတဲ့ ကဏ္ဍပေါင်းစုံက စာအုပ်မျိုးစုံလည်းရှိရပါမယ်။ စာကြည့်တိုက်ပညာကို နားလည်တတ်ကျွမ်းတဲ့စာကြည့်တိုက်မှူးလည်း ရှိရပါမယ်။ သင့်တင့်တဲ့ဘဏ္ဍာငွေကြေးလည်းရှိရပါမယ်။ ဒါ့အပြင် ခေတ်မီစာကြည့်တိုက်အဖြစ် E-Library မျိုးဖြစ်အောင် ထားရှိရပါမယ်။ အရေးကြီးဆုံးကတော့ စာဖတ်သူရှိရပါမယ်။ အဆိုရှင်တင်ပြထားတဲ့စာကြည့်တိုက်ဖွံ့ဖြိုးရေးတိုးတက်ကော်မတီဖွဲ့စည်းဖို့ဆိုတဲ့ရည်ရွယ်ချက်ဟာ ယနေ့အချိန်မှာ အသက်ငင်နေတဲ့၊ အသက်မဝင်တော့တဲ့စာကြည့်တိုက်တွေ ပြန်လည်ရှင်သန်လာအောင် စာဖတ်မယ့်သူတွေ လာချင်လာအောင် ဆွဲဆောင်လုပ်ဆောင်ပေးမယ့်အဖွဲ့အစည်းမျိုးသာ ဖြစ်ရပါမယ်။ ဒါ့အပြင် ပြည်သူ့စာကြည့်တိုက်ကို အမျိုးသားစာကြည့်တိုက်၊ ဒေသစာကြည့်တိုက်၊ သုတေသနစာကြည့်တိုက်၊ အထူးသီးသန့်စာကြည့်တိုက်များနဲ့ ဆက်စပ်အောင်ဖန်တီးထားရမှာဖြစ်သလို စာသင်ကျောင်းများ၊ ကောလိပ်တက္ကသိုလ်မှာရှိတဲ့စာကြည့်တိုက်များနှင့်လည်း ချိတ်ဆက်ဆောင်ရွက်အောင် စီမံထားပါတယ်။ ယခင်ခေတ်ကာလတုန်းကလို ပြည်သူ့စာကြည့်တိုက်ဆိုတာထက် အစိုးရရဲ့ပြန်ကြားရေးဌာန၊ မူဝါဒပြန့်ပွားရေးဝါဒဖြန့်စာကြည့်တိုက်မျိုးလို မဖြစ်အောင်လို့ ရှောင်ကြဉ်သင့်ပါတယ်။ ဒါ့အပြင် ၁၉၆၄ ခုနှစ်၊ စာကြည့်တိုက်၊ ပြတိုက်နှင့် ပြပွဲများကြီးကြပ်ရေး၊ အုပ်ချုပ်ရေးဥပဒေဆိုတဲ့ ပြဋ္ဌာန်းချက်ကို မပယ်ဖျက်ရသေးဘူးဆိုတာလည်း သိရပါတယ်။ အဲဒီဥပဒေဟာ တစ်နည်းတစ်ဖုံအားဖြင့် ပြည်သူ့စာကြည့်တိုက်ရဲ့ဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်စေခဲ့တယ်ဆိုတာ သတိချပ်စေချင်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိဂုံးချုပ်အားဖြင့် ပြည်သူ့စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်မှုတွေကို အဟန့်

အတားဖြစ်စေတဲ့ ဥပဒေမျိုးတွေကို ပယ်ဖျက်ပြီး ပြည်သူ့စာကြည့်တိုက်အက်ဥပဒေကို ရေးဆွဲပြဋ္ဌာန်းခဲ့ပါတယ်။ စာကြည့်တိုက်ပညာကို နားလည်တတ်ကျွမ်းတဲ့ စာကြည့်တိုက်မှူးတွေသာမက စာပေဝါသနာရှင်များပါဝင်တဲ့ကော်မတီမျိုးတွေကိုသာ ဖွဲ့စည်းထူထောင်သင့်ပါတယ်။ စာကြည့်တိုက်တွေကို ရှင်သန်အောင် စာအုပ်တွေရှိတဲ့စာကြည့်တိုက်မျိုးထက် ခေတ်မီနည်းပညာတွေနဲ့ E-Library မျိုးဖြစ်လာအောင် အဆင့်မြှင့်တင်စွမ်းဆောင်သင့်ပါတယ်။ စာကြည့်တိုက်ဆိုတဲ့ဆိုင်းဘုတ်တပ်လိုက်ရုံနဲ့ စာကြည့်တိုက်တစ်ခုဖွင့်လှစ်ပြီးသွားပြီဆိုတဲ့အရေအတွက်ရလဒ်ကို တန်ဖိုးထားတဲ့အမူအကျင့်မျိုးကို ရှောင်ရှားပြီး အစိုးရ၊ စာပေပညာရှင်များ၊ စာပေဝါသနာရှင်များ၊ နားလည်တတ်ကျွမ်းတဲ့လူမှုအဖွဲ့အစည်းများနဲ့ အလှူရှင်များပူးပေါင်းဖော်ဆောင်တဲ့ စာဖတ်သူများ လာရောက်ကြည့်ရှုပြီး အထောက်အကူပြုတဲ့ပြည်သူ့စာကြည့်တိုက်မျိုးဖြစ်အောင်သာ ဆောင်ရွက်သင့်ပါကြောင်း အကြံပြုတိုက်တွန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးမြင့်လွင်၊ တွံတေးမဲဆန္ဒနယ်က တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ ပြန်ကြားရေးဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန်ဖြစ်ပါတယ်။

**ဒေါက်တာဖေမြင့်(ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်ရဲ့အဆိုကို ရှင်းလင်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ မြို့နယ်တိုင်းမှာ အစိုးရနှင့်အရပ်ဘက်အဖွဲ့အစည်းများ၊ ပြည်သူများပူးပေါင်းပါဝင်တဲ့ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီများ ဖွဲ့စည်းထူထောင်နိုင်ရေးအတွက် လိုအပ်သော ဦးဆောင်လမ်းညွှန်ကူညီပံ့ပိုးမှုများ ချမှတ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကိုတင်သွင်းခဲ့တဲ့ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်နဲ့ ပါဝင်ဆွေးနွေးခဲ့ကြတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို အထူးပဲကျေးဇူးတင်ပါတယ်။

ဒီအဆိုကိုဆွေးနွေးရာမှာ စာကြည့်တိုက်များအရေးပါမှုအပိုင်းနဲ့ ပြန်ကြားရေးဝန်ကြီးဌာနက စာကြည့်တိုက်များ ဖွင့်လှစ်ဆောင်ရွက်နေမှုအပိုင်းဆိုပြီး နှစ်ပိုင်းခွဲပြီး တင်ပြသွားပါမယ်။ ကျေးဇူးပြုပြီး Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ အပိုင်း(၁)က စာကြည့်တိုက်များအရေးပါမှုနှင့်စပ်လျဉ်းတဲ့ အပိုင်းပါ။ ဒီအပိုင်းမှာ ကိုယ်စားလှယ်ကြီးများလည်းပဲ အများကြီးဆွေးနွေးသွားခဲ့ပြီးဖြစ်ပါတယ်။ ဒီအပေါ်မှာ ကျွန်တော်တို့က ကျွန်တော်တို့ရှုမြင်ပုံလေးကို ဒီမှာဖြည့်စွက်ပြီးတော့ ဆွေးနွေးခြင်း ဖြစ်ပါတယ်။ ပထမဆုံး စာဖတ်ခြင်း၊ စာအုပ်နှင့် စာကြည့်တိုက်များဆက်စပ်ပုံအကြောင်းကို ကျွန်တော် အနည်းငယ်တင်ပြခွင့်ပြုပါ။ စာဖတ်ခြင်းသည်ပြည့်ဝစေ၏။ ဒါက စာဖတ်ခြင်းရဲ့အကျိုးကျေးဇူးကို အတိုဆုံး၊ အကျဉ်းဆုံးပြောလိုက်တဲ့စကားပါ။ အင်္ဂလိပ်ပညာရှိ ဖရန်စစ်ဘေကွန်ဆိုတဲ့ပုဂ္ဂိုလ် ပြောကြားတာဖြစ်ပါတယ်။ စာဖတ်ခြင်းကြောင့် ဘာပြည့်ဝသလဲ။ အသိဉာဏ်ပညာပြည့်ဝပါတယ်။ ဘယ်လို ပြည့်ဝသလဲဆိုတာ နည်းနည်းလေးပြောပါရစေ။ ဒီ Flow Chart လေးမှာ စာဖတ်ခြင်းကြောင့် ပညာ အမျှော်အမြင်ပြည့်ဝလာပုံအဆင့်ဆင့်ကို ပြသထားပါတယ်။ ပထမဦးစွာ Information စာဖတ်တဲ့အခါ မှာ သိရပါတယ်။ Information တွေရတယ်။ အကြောင်းအရာအချက်အလက်တွေ သိရတယ်။ အတွေးအမြင်အယူအဆတွေ သိရပါတယ်။ စာဖတ်များလာတဲ့အခါမှာ အကြားအမြင်ဗဟုသုတ များလာပါတယ်။ knowledge များလာပါတယ်။ ဒီဗဟုသုတအကြားအမြင်တွေကို အသုံးပြုပြီး လက်တွေ့ဘဝကို ဆင်ခြင်သုံးသပ်ရင်းနဲ့ လူတစ်ယောက်သည် ဉာဏ်အမြော်အမြင်(Wisdom) ရှိသူဖြစ်လာပါတယ်။ အဲဒီအခါမှာ ပြဿနာများအကြောင်းကိစ္စများကို သုံးသပ်ပိုင်းခြားဝေဖန်ရာမှာ Judgement ပြုရာမှာ မှန်ကန်မှုရှိလာပါတယ်။ တစ်နည်းပြောရင် ဆင်ခြင်တုံတရားပြည့်ဝလာ ပါတယ်။ ဒီအခါမှာ ကိစ္စရပ်များနှင့်ပတ်သက်ပြီး မှန်ကန်တဲ့ဆုံးဖြတ်ချက်များ ချမှတ်ဆောင်ရွက်နိုင်သူ တစ်ဦးဖြစ်လာပါတယ်။ ဒါက စာဖတ်ခြင်းကပေးတဲ့အကျိုးကျေးဇူးကို အကျဉ်းဆုံးချုပ်ပြီးတော့ ပြောတာဖြစ်ပါတယ်။

ဆက်လက်ပြီး စာအုပ်များနဲ့ပတ်သက်ပြီး ကျွန်တော် စဉ်းစားစရာတစ်ခုကို တင်ပြချင်ပါတယ်။ စာအုပ်များဟာ လူကိုလွှမ်းမိုးပါတယ်။ ဘာတွေဘယ်လိုလုပ်ပါလို့ လမ်းညွှန်ပါတယ်။ တချို့စာအုပ်များ ဟာ တန်ခိုးသြဇာကြီးမားပါတယ်။ နမူနာ တစ်ခု၊ နှစ်ခု ပြပါရစေ။ ဒီစာအုပ်က ပြင်သစ်တွေးခေါ်ရှင် မွန်တာခရူးရေးတဲ့၊ ပြုစုတဲ့ The Spirit of law ဖြစ်ပါတယ်။ ဒီစာအုပ်သည် ကျွန်တော်တို့အားလုံး သိကြတဲ့ separation of Power လို့ခေါ်တဲ့ အာဏာများခွဲခြားထားတဲ့စနစ်နဲ့ ဒါနဲ့ဆက်စပ်ပြီး Check and Balance အပြန်အလှန်ထိန်းကျောင်းမှု အယူအဆကို ကနဦးတင်ပြခဲ့တဲ့ စာအုပ်ဖြစ်ပါ

တယ်။ ဒီစာအုပ်သည် စာဖတ်သူများအပေါ် လွှမ်းမိုးပါတယ်။ လွှမ်းမိုးပုံ၊ လွှမ်းမိုးနည်းက သိမ်သိမ်မွေ့မွေ့လွှမ်းမိုးနည်းဖြစ်ပါတယ်။ ဒီကနေ့ ကမ္ဘာအနှံ့အပြားမှာ ဒီစာအုပ်ပါ အယူအဆများကို လက်တွေ့လိုက်နာကျင့်သုံးနေကြပါတယ်။ နောက် စာအုပ်တစ်အုပ်ရှိပါတယ်။ မြန်မာနိုင်ငံမှာ လူသိများပါတယ်။ ကွန်မြူနစ်ကြေညာစာတမ်းဆိုပြီး ဘာသာပြန်လည်ရှိပါတယ်။ ဒီစာအုပ်ကလည်း လွှမ်းမိုးပါတယ်။ သူလွှမ်းမိုးပုံလွှမ်းမိုးနည်းကတော့ ခပ်ကြမ်းကြမ်းလွှမ်းမိုးတဲ့နည်းဖြစ်ပါတယ်။ စာဖတ်သူကို ဂုတ်ဆွဲခေါ်သွားသလို ဆွဲဆောင်သွားနိုင်တဲ့စာအုပ်မျိုး ဖြစ်ပါတယ်။ ဒီစာအုပ်ပါ အယူအဆတွေဟာ ပြီးခဲ့တဲ့ရာစုနှစ်အတွင်းက ကမ္ဘာတစ်ခြမ်းကို လွှမ်းမိုးခဲ့ပါတယ်။

တချို့စာအုပ်များက အရေးကြုံရင် သူ့ကိုပြေးပြီးလှန်ရတဲ့စာအုပ်မျိုးဖြစ်ပါတယ်။ သူ့အထဲမှာ ဘာတွေပြောထားသလဲ။ ကြည့်ရပါတယ်။ ပထမဦးဆုံး စာအုပ်ရဲ့ကျောဖုံးကို ကျွန်တော်ပြပါမယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးများ သိကြတဲ့စာအုပ်ဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံစာအုပ်ဖြစ်ပါ တယ်။ စာအုပ်မျက်နှာဖုံးမှာ ပြသထားပါတယ်။ ဒါကိုပြသရခြင်းက စာအုပ်များသည် လူအပေါ်မှာ တန်ခိုးသြဇာသက်ရောက်ပါတယ်ဆိုတာကို ထင်ရှားအောင် ပြချင်လို့ပြတာဖြစ်ပါတယ်။ စာအုပ်နဲ့ ပတ်သက်တဲ့ နောက်ထပ်စကားတစ်ခွန်းရှိပါသေးတယ်။ စာအုပ်တစ်အုပ်တည်းသမားကို သတိထားပါ လို့ ပြောတဲ့စကားပါ။ ဒါက စာအုပ်တစ်အုပ်တည်းသမားဆိုတာ တရားသေသမားလို့ဆိုလိုခြင်း ဖြစ်ပါတယ်။ ဤစကားက တင်စားပြောတဲ့စကားဖြစ်သလို တိုက်ရိုက်အဓိပ္ပာယ်ယူလို့လည်းရပါတယ်။ အဲဒီတော့ သူနဲ့ဆက်စပ်ပြီးတော့ စာအုပ်များများဖတ်ပါ။ ရှုထောင့်စုံ၊ ဘက်စုံနဲ့စပ်စုံလင်အောင်ဖတ် ပါလို့ တိုက်တွန်းလိုတဲ့သဘောဖြစ်ပါတယ်။ အဲဒီအခါမှာ စာကြည့်တိုက်ရဲ့အခန်းကဏ္ဍပါလာပါတယ်။

စာကြည့်တိုက်များဟာ အသိပညာဘဏ္ဍာတိုက်များဖြစ်ပါတယ်။ ခေတ်အဆက်ဆက် လူမျိုး ၁၀၁ ပါးရဲ့ အတွေ့အကြုံတွေ၊ အသိပညာတွေကို စုစည်းသိုမှီးတဲ့နေရာများ ဖြစ်ပါတယ်။ မိမိသိချင်တဲ့ အရာတွေ၊ ဖြေရှင်းရမယ့်ပြဿနာတွေရဲ့အဖြေတွေကို စာကြည့်တိုက်က စာအုပ်တွေထဲမှာ မွှေနှောက် ရှာဖွေပြီးတော့ အသုံးပြုနိုင်ကြပါတယ်။ အဲဒီလိုအသုံးပြုဖို့ ဖွင့်လှစ်တဲ့စာကြည့်တိုက်များကို လက်တွေ့ အသုံးချစာကြည့်တိုက် သို့မဟုတ် သုတေသနစာကြည့်တိုက် စသဖြင့် ခေါ်ဝေါ်ကြပါတယ်။ အဲဒီတော့ ပြဿနာကိုအဖြေရှာရာမှာ အားကိုးအားထားပြုဖို့ရည်ရွယ်ပြီး စုစည်းတည်ထောင်ဖွင့်လှစ်ခဲ့တဲ့၊ ကျွန်တော့်ကို ဆက်လက်ပြီးတော့ ဆွေးနွေးခွင့်ပြုပါ။ စုစည်းတည်ထောင်ဖွင့်လစ်ခဲ့တဲ့ စာကြည့်တိုက် များရှိပါတယ်။ ဒီအထဲက နမူနာတစ်ခုကို ကျွန်တော်ပြလိုပါတယ်။ ဒီကနေ့ ကမ္ဘာမှာတော့ ဒါ အကြီးမားဆုံးစာကြည့်တိုက်ဖြစ်ပါတယ်။ အဆောက်အဦမြင်ရုံနဲ့တင် ဘယ်လောက်ကြီးမားတယ်။

ဒီအထဲမှာ ဘယ်လောက်ဘယ်၍ စာအုပ်၊ စာတမ်းတွေရှိမယ်ဆိုတာ သိနိုင်ပါတယ်။ ဒါ အမေရိကန် ကွန်ကရက်လွှတ်တော်စာကြည့်တိုက်ပါ။ လွှတ်တော်ကိုယ်စားလှယ်ကြီးများ ဥပဒေပြုရာမှာ၊ ဆွေးနွေးရာမှာ ကိုးကားသုံးစွဲဖို့အတွက် စာအုပ်စာတမ်းများ စုစည်းသိုမှီးရင်းကနေပြီးတော့ တဖြည်းဖြည်း ဒီလောက်အထိ ကြီးကျယ်လာတာ ဖြစ်ပါတယ်။ လောလောဆယ်မှာတော့ စာအုပ်စာတမ်းပေါင်း ၃၈ သန်းကျော်ရှိပါတယ်။ ဒီကနေ့ ကမ္ဘာမှာ အကြီးဆုံးစာကြည့်တိုက်ဖြစ်နေပါတယ်။ စာအုပ်အပြင် တခြား စာရွက်စာတမ်း၊ စာချုပ်၊ မြေပုံ၊ ဖလင် စသဖြင့် ဒါက စာကြည့်တိုက်ရဲ့ ပင်မစာဖတ်ခန်းမကြီးဖြစ်ပါ တယ်။ အပေါ်အဆင့်တွေမှာ စာအုပ်ဗီရိုတွေရှိပါတယ်။ ပစ္စည်းပစ္စယအမျိုးအမည်ပေါင်း စုစုပေါင်း ဆိုလို့ရှိရင်တော့ ၁၆၄ သန်းရှိပါတယ်။ တစ်ဆက်တည်းပြောရရင် ကမ္ဘာမှာ ဒုတိယအကြီးဆုံး စာကြည့်တိုက်တစ်ခုရှိပါတယ်။ ဗြိတိသျှစာကြည့်တိုက်ကြီးပါ။ ဒါ စာကြည့်တိုက်ကြီးအပြင်ဘက်က မြင်ရတဲ့မြင်ကွင်းပါ။ တစ်ချိန်ကတော့ ကမ္ဘာမှာ တိုင်းပြည်ရော၊ စာကြည့်တိုက်ပါ နံပါတ်(၁)ဖြစ်ခဲ့တဲ့ စာကြည့်တိုက်နဲ့ တိုင်းပြည်ပါ။ ဒါ စာကြည့်တိုက်ကြီးရဲ့အလယ် ပင်မစာကြည့်ခန်းမကြီးဖြစ်ပါတယ်။ အဲဒီလို ကြီးမားတဲ့စာကြည့်တိုက်ကြီးတွေ ပြရတဲ့အချက်က ဒါပါပဲ။ စောစောကလည်း ကိုယ်စားလှယ် ကြီးတစ်ယောက် ကိုးကားသွားတဲ့စကားပါ။ စာဖတ်တဲ့လူမျိုးတွေ ကြီးပွားကြတယ်။ ကြီးပွားတဲ့လူမျိုး တွေစာဖတ်ကြတယ်ဆိုတဲ့အချက်ကို ထင်ရှားစေချင်လို့ စောစောက ကြီးမားသော၊ ကြီးကျယ်သော စာကြည့်တိုက်များကို ကျွန်တော် ပြသခဲ့တာဖြစ်ပါတယ်။ ကမ္ဘာမှာ အဖွံ့ဖြိုးအတိုးတက်ဆုံးတိုင်းပြည် တွေဟာ ပညာအတတ်ဆုံး၊ စာအဖတ်ဆုံးတိုင်းပြည်များ ဖြစ်ကြပါတယ်။ အင်မတန်မှ စာဖတ်တယ်။ တချို့လူမျိုးတွေ စာကို ဘယ်လောက်သည်းသည်းမဲမဲ စွဲစွဲလမ်းဖတ်တယ်ဆိုတာကို ပြချင်တဲ့အတွက် ကြောင့်မို့လို့ ဒီဓာတ်ပုံတစ်ခုကို ကျွန်တော် ထည့်သွင်းဖော်ပြထားတာဖြစ်ပါတယ်။ ကျွန်တော်တို့ အဖို့ကတော့ ဓာတ်ပုံတစ်ပုံသည် စကားလုံးတစ်ထောင်ထက် စကားပြောတယ်ဆိုတဲ့ ဓာတ်ပုံမျိုး ဖြစ်ပါတယ်။ ၁၉၄၀ ခုနှစ်က လန်ဒန်မြို့ကိုဗုံးကျဲလို့ မြို့ကြီး ဒီလိုပျက်စီးနေတဲ့အချိန်မှာ တိုက်တာ အိမ်ရာတွေ၊ ပျက်စီးတဲ့လူတွေ သေကျေနေတဲ့အချိန်မှာ စာအုပ်သမား စာကိုစွဲစွဲလမ်းလမ်းဖတ်ခဲ့တဲ့ ပုဂ္ဂိုလ်များကတော့ အိမ်ကထွက်လာပြီးကြည့်တဲ့အခါမှာ စာကြည့်တိုက်အပျက်နားကိုရောက်တဲ့အခါ စာကြည့်တိုက်ကမခွာနိုင်ဘဲနဲ့ ကြည့်နေတဲ့ပုံဖြစ်ပါတယ်။ ဆိုတော့ စကားအများကြီးပြောတာပါ။ ကျွန်တော် စောစောကပြောတဲ့ စာဖတ်တဲ့လူမျိုး တိုးတက်ကြီးပွားတာနဲ့ဆက်စပ်ပြီးတော့ စဉ်းစားစေ ချင်ပါတယ်။ ဒီပြာပုံကနေ ပြန်လည်ပြီးတော့ ထူထောင်ကြပါတယ်။ ဒါတွေတင်ပြရခြင်းက ကျွန်တော်တို့ နိုင်ငံသူနိုင်ငံသားတွေကို သတင်းအချက်အလက်ပေးဖို့နဲ့ အသိပညာပေးဖို့ တာဝန်များထမ်းဆောင်

လျက်ရှိတဲ့ ပြန်ကြားရေးဝန်ကြီးဌာနသည်လည်းပဲ ပြည်သူအများ စာအုပ်စာပေဖတ်ရှုရေးနဲ့ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကို လွှတ်တော်ကိုယ်စားလှယ်ကြီးများနည်းတူ အထူးအလေးထား ပါကြောင်း ဖော်ပြချင်လို့ ဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ ဒုတိယပိုင်းဖြစ်တဲ့ စာကြည့်တိုက်များနှင့်ပတ်သက်ပြီးတော့ ပြန်ကြားရေး ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိတဲ့ အစီအစဉ်များကို တင်ပြပါမယ်။ ဒီနေရာမှာ ကြားဖြတ်ပြီး ကျွန်တော့်ကို အပြေးအလွှားလေး ရှင်းလင်းတင်ပြခွင့်ပြုပါ။ အဲဒါကဘာလဲဆိုတော့ ပြီးခဲ့တဲ့အပတ်က ကိုယ်စားလှယ်ကြီး ဦးမြင့်လွင် ပြသခဲ့တဲ့စာကြည့်တိုက်အဟောင်းအပျက်ပုံများဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်ပြီးတော့ တချို့ကိုယ်စားလှယ်ကြီးများလည်း ဆွေးနွေးခဲ့ကြပြီးဖြစ်ပါတယ်။ ဒါက တချိန်က ရှိခဲ့တဲ့ စာကြည့်တိုက်လှုပ်ရှားမှုတစ်ခု အရှိန်ကျသွားတဲ့အချိန်မှာ ကြွင်းကျန်ခဲ့တဲ့အရာတွေဖြစ်တယ်လို့ ကျွန်တော် တင်ပြချင်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးများသိကြတဲ့အတိုင်းပဲ လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်လောက်က ရှိခဲ့တဲ့အစိုးရအဖွဲ့နဲ့ ပြန်ကြားရေးဝန်ကြီးဌာနဟာ ကျေးရွာတိုင်းမှာ စာကြည့်တိုက် တစ်တိုက်ဖွင့်လှစ်မယ်ဆိုတဲ့ ပြင်းပြတဲ့ဆန္ဒနဲ့ဆောင်ရွက်ခဲ့တာရှိပါတယ်။ အဲဒီတုန်းက အစိုးရအဖွဲ့ အကြီးအကဲကိုယ်တိုင်လည်း အားပေးတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ အစိုးရတစ်ရပ်လုံးရဲ့ဆောင်ရွက် ချက်ကဲ့သို့ ဖြစ်ခဲ့ပါတယ်။ အရပ်က ပါဝင်ပူးပေါင်းမှုနှင့် အစိုးရဘတ်ဂျက်နှင့်ပူးပေါင်းပြီး နိုင်ငံအနှံ့မှာ စာကြည့်တိုက်ပေါင်း သောင်းချီပြီးတော့ ဖွင့်လှစ်ခဲ့ပါတယ်။ သို့သော် ဒီကိစ္စမျိုးက အစိုးရရော ပြည်သူ ပါ စွဲစွဲမြဲမြဲစိတ်အားထက်သန်မှုရှိမှသာလျှင် အောင်မြင်နိုင်တဲ့အရာမျိုးဖြစ်ပါတယ်။ ထက်သန်မှု လျော့ပါးသွားတဲ့အခါမှာ အရှိန်သေသွား၊ ရပ်ဆိုင်းသွားတာက ထုံးစံပဲဖြစ်ပါတယ်။ ဒါက ကျွန်တော် ဘယ်သူ့ကိုမှအပြစ်တင်ဖို့ ရည်ရွယ်ပြီးပြောတာမဟုတ်ပါဘူး။ ကျွန်တော်တို့ဆောင်ရွက်တဲ့အခါမှာ အလားတူမဖြစ်စေဖို့ သတိပြုနိုင်ဖို့ တင်ပြခြင်းသာဖြစ်ပါတယ်။ လောလောဆယ်ဆောင်ရွက်နေတာ တွေကတော့ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအောက်မှာ ခရိုင်နှင့် မြို့နယ်ရုံးများမှာ တွဲဖက်ထားတဲ့ စာကြည့်တိုက်ပေါင်း ၄၀၀ နီးပါးရှိပါတယ်။ ဒီရုံးများ၊ စာကြည့်တိုက်များဟာ တစ်ချိန်က အများပြည်သူသုံးစွဲမှု၊ ဝင်ထွက်သွားလာမှု နည်းပါးခဲ့သော်လည်းပဲ ယခုအခါမှာတော့ ဒီရုံးအဆောက်အအုံတွေကို ရပ်ရွာလူထုတွေ့ဆုံနှီးနှောရာနေရာ(Community Centre) များ၊ စာကြည့်တိုက်များကိုလည်း ဒေသအလိုက် ရပ်ရွာလူထုရဲ့လိုအပ်ချက်နှင့်အညီ ဖြည့်တင်းဆောင်ရွက်ပေးမယ့် Community Library များအဖြစ် ပြုပြင်ပြောင်းလဲနိုင်ဖို့ စီစဉ်

ဆောင်ရွက်လျက်ရှိပါတယ်။ ကိုယ်စားလှယ်တော်ကြီးတချို့လည်း Community Centre အကြောင်း ပြောသွားခဲ့တာရှိပါတယ်။

ယခုအခါမှာ ရွှေ့ပြေးနမူနာ Community Centre များအဖြစ်နဲ့ အင်းစိန်၊ မြောင်းမြ၊ နတ်မောက်နဲ့ ပျဉ်းမနားမြို့များမှာ ပြန်ကြားရေးဝန်ကြီးဌာနနဲ့ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးတွဲဖွင့်လှစ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီနေရာတွေမှာ နဂိုမူလစာကြည့်တိုက်အပြင် စာအုပ်မော်တော်ယာဉ်များနဲ့ လှည့်လည်ငှားရမ်းပေးတဲ့ ရွေ့လျားစာကြည့်တိုက်(Mobile Library) များလည်း တွဲဖက်ပေးထားပါတယ်။ ဒီ့အပြင် ရုံးအဆောက်အဦမှာလည်းပဲ သင်တန်းများ၊ ဟောပြောပွဲများ၊ အစည်းအဝေးများ၊ တွေ့ဆုံပွဲများ ကျင်းပနိုင်ဖို့ နေရာထိုင်ခင်းနဲ့လိုအပ်တဲ့ပစ္စည်းကိရိယာများပါ ထားရှိပေးပါတယ်။ ပြီးခဲ့တဲ့လအတွင်းမှာ မြစ်ကြီးနားမြို့မှာ အဆောက်အဦအရရော ဆောင်ရွက်ပေးနိုင်တဲ့လုပ်ငန်းအစီအစဉ်များအရပါ ပိုမိုပြည့်စုံပြီး ပိုပြီးလည်းခေတ်မီတဲ့ Community Centre ။ အခုပုံမှာပြထားတာဖြစ်ပါတယ်။ ဒါကို ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ဒီ Centre များဟာ ပြည်သူလူထု အသိပညာဖွံ့ဖြိုးတိုးတက်ရေး၊ မိမိရပ်ရွာဒေသနှင့် မိမိနိုင်ငံရဲ့အရေးကိစ္စများမှာ ပြည်သူတို့ စိတ်ပါဝင်စားမှုတိုးပွားလာစေရေးနဲ့ ဒီမိုကရေစီနိုင်ငံရေးဖြစ်စဉ်မှာ လူထုသဘောဆန္ဒပါဝင်မှု တိုးတက်ရေးတို့အတွက် အထောက်အကူပြုသွားနိုင်မှာ ဖြစ်ပါတယ်။

ဒီအတွက် ဆက်လက်ပြီးတော့လည်း နိုင်ငံတော်မှ ဘဏ္ဍာငွေရရှိမှုနဲ့ အခြားပုဂ္ဂိုလ်အဖွဲ့အစည်းများရဲ့ ပူးပေါင်းဆောင်ရွက်မှုအပေါ် မူတည်ပြီး လူမှုအခြေပြုဗဟိုဌာန (Community Centre) နဲ့ Community Library များကို ဘဏ္ဍာရေးနှစ်အလိုက် တိုးချဲ့ဆောင်ရွက်ဖို့ ရည်ရွယ်ထားပါတယ်။ ဒါကြောင့်မို့ ဒီကနေ့နဲ့ ပြီးခဲ့တဲ့အပတ်အတွင်းက လွှတ်တော်ကိုယ်စားလှယ်ကြီးများ စိတ်အားထက်သန်စွာ ဆွေးနွေးကြတာတွေကို ကြားသိရတဲ့အခါမှာ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ အထူးပဲ အားတက်မိပါတယ်။ ပြန်ကြားရေးရဲ့ ဆောင်ရွက်နေဆဲ စာကြည့်တိုက်အစီအစဉ်တွေ ပိုမိုကောင်းမွန်စေဖို့နဲ့ ပိုမိုလျင်မြန်စွာဖွံ့ဖြိုးတိုးတက်စေဖို့ ကိုယ်စားလှယ်ကြီးများရဲ့ အကြံဉာဏ်နဲ့ ပံ့ပိုးကူညီမှုများကို ရယူလိုပါတယ်။ လောလောဆယ် Community Centre အဖြစ် ပြောင်းလဲဆဲဖြစ်တဲ့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများ၊ စာကြည့်တိုက်များကို လွှတ်တော်ကိုယ်စားလှယ်ကြီးများကိုယ်တိုင်လည်းပဲ မိမိတို့ရဲ့ မဲဆန္ဒရှင်ပြည်သူများနှင့်တွေ့ဆုံရာနေရာများအဖြစ် အသုံးပြုဖို့အတွက်ကို ကျွန်တော်တို့ ဖိတ်ခေါ်ထားတာတွေ ရှိပါတယ်။ ကိုယ်စားလှယ်ကြီးများကိုယ်တိုင် လာရောက်အသုံးပြုခြင်းအားဖြင့် စာကြည့်တိုက်များဟာ ပိုမိုအသုံးဝင်လာသလို စာကြည့်တိုက်များ တိုးတက်ကောင်းမွန်စေရေးအတွက်

လည်း ကိုယ်စားလှယ်ကြီးများထံက အကြံဉာဏ်နဲ့ အကူအညီများ ရရှိဖို့မျှော်လင့်ပြီး ဆောင်ရွက်တာဖြစ်ပါတယ်။ သို့သော် ဒီကနေ့ ဆွေးနွေးနေတဲ့ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးကို အမျိုးသားလှုပ်ရှားမှုကြီးတစ်ရပ်အသွင်နဲ့ အကောင်အထည်ဖော်ဖို့အစီအစဉ်ကတော့ အင်မတန်မှကြီးကျယ်ပါတယ်။ ဒီကိစ္စမျိုးမှာ ဝန်ကြီးဌာနတစ်ခုလောက်တင်မကဘဲနဲ့ သက်ဆိုင်သူအများ၊ တာဝန်ရှိသူအများဝိုင်းဝန်း ဆောင်ရွက်ရမယ့်ကိစ္စကြီးဖြစ်တယ်လို့ မြင်ပါတယ်။ ဒါကြောင့်မို့လို့ ချုပ်ပြီးပြောရရင်ကျွန်တော်တို့ မြန်မာနိုင်ငံမှာ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအပါအဝင် စိတ်ပါဝင်စားသူအားလုံးနဲ့ ပူးပေါင်းဆောင်ရွက်ဖို့အသင့်ရှိပါတယ်။ တွံတေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင် တင်သွင်းတဲ့ မြို့နယ်တိုင်းမှာအစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများ ပြည်သူများပူးပေါင်းပါဝင်တဲ့ စာကြည့်တိုက်ဖွံ့ဖြိုးတက်ရေးကော်မတီများ ဖွဲ့စည်းထူထောင်နိုင်ရေးအတွက် လိုအပ်သောဦးဆောင်လမ်းညွှန်ကူညီပံ့ပိုးမှုများချမှတ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းဆိုတဲ့ အဆိုနဲ့ပတ်သက်လို့ကတော့ အောင်မြင် အောင်အကောင်အထည်ဖော်ဖို့ နည်းလမ်းနဲ့ လုပ်ငန်းအစီအစဉ်တွေ၊ ဒီ့အတွက်လိုအပ်မယ့်အရာတွေကို ပြည့်ပြည့်စုံစုံဆွေးနွေးညှိနှိုင်းပြီးမှသာလျှင် ဆောင်ရွက်ရန်သင့်တဲ့အတွက်လောလောဆယ်မှာ မှတ်တမ်းတင်ထားသင့်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဟာ ကျောင်းသားဘဝက ကျောင်းသားဆိုးဖြစ်ခဲ့ပါတယ်။ ကျောင်းပြေးတယ်။ အိမ်စာမလုပ်ဘူး။ ရန်ဖြစ်တယ်။ ဆရာဆရာမတွေကို ကလန်ကဆန်လုပ်တယ်။ အဲဒီတော့ ကျွန်တော့်ရဲ့ဆရာအရင်းတစ်ယောက်ကဆိုရင် ဒီကောင်ကလေကချေဘဝနဲ့ ထောင်ထဲမှာ နိဂုံးချုပ်မယ့်ကောင်။ အဲဒီလိုတောင် ကရုဏာဒေါသောနဲ့ ပြောခဲ့ပါတယ်။ ဒါပေမဲ့ အခုချိန်မှာတော့ ဂုဏ်ထူးဝိသေသနဲ့ပြည့်စုံတဲ့၊ အတိုင်ပင်ခံအပ်တဲ့၊ လေးစားဂုဏ်ယူအပ်တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ယောက် ဖြစ်လာခဲ့ပါပြီ။ အဲဒီလိုဖြစ်လာဖို့အတွက် ကျွန်တော့်ကိုအဓိကကူညီပံ့ပိုးခဲ့တာကတော့ စာအုပ်တွေပါပဲ။ အတိအကျပြောရရင်တော့ ကျွန်တော့်တွံတေးမြို့နယ်က ၁၀ ပေ ပတ်လည်လောက်ရှိတဲ့ စာကြည့်တိုက်၊ စာဖတ်ခန်းလေးပဲဖြစ်ပါတယ်။ ကျွန်တော့်လိုပဲ ကမ္ဘာတစ်လွှားမှာ လူသားသန်းပေါင်းများစွာတွေရဲ့ဘဝတွေကို စာအုပ်တွေကပြောင်းလဲတိုးတက်စေခဲ့တယ်ဆိုတဲ့

အရာတွေကိုလည်း ကျွန်တော်လေ့လာသိရှိခဲ့ရပါတယ်။ အိန္ဒိယနိုင်ငံရဲ့ လွတ်လပ်ရေးဖခင်ကြီး မဟတ္တမဂန္ဒီပြောခဲ့တဲ့ နာမည်ကျော်စကားတစ်ခွန်း ရှိပါတယ်။ သူက စာအုပ်မရှိတဲ့အိမ်တစ်အိမ်ဟာ ပြတင်းပေါက်မရှိတဲ့ အိမ်တစ်အိမ်နဲ့တူတယ်တဲ့။ ဒီလိုပြောခဲ့ပါတယ်။ အဲဒီတော့ ကျွန်တော် ဟိုနေ့က Power Point မှာလည်း ပြခဲ့ပါတယ်။ ကျွန်တော် Power Point မှာပြခဲ့တဲ့ စာကြည့်တိုက်ပေါင်းများစွာ မြန်မာပြည်မှာ ရှိပါတယ်။ တစ်နေ့က ကျွန်တော် ကိန်းဂဏန်းနဲ့ပြောခဲ့ပါတယ်။ ၅၀၀၀၀ ကျော်မှာ ၄၀၀၀ ကျော်ပဲ Active ဖြစ်ပါတယ်။ အဲဒီတော့ ကျန်တဲ့စာကြည့်တိုက်တွေက ဘာနဲ့တူလဲဆိုတော့ မဟတ္တမဂန္ဒီရဲ့စကားကို ကျွန်တော်ကိုးကားပြီးပြောမယ်ဆိုရင် ပြတင်းပေါက်ရှိသော်လည်း ပြတင်းပေါက်ကိုပိတ်ထားတဲ့ အိမ်တွေနဲ့တူနေပါတယ်။ စာအုပ်တွေရှိသော်လည်း၊ စာကြည့်တိုက်ဆိုတဲ့ ဆိုင်းဘုတ်တွေ ရှိသော်လည်း Active မဖြစ်တဲ့စာကြည့်တိုက်တွေက အခန်းတံခါးပြတင်းပေါက် ရှိသော်လည်း ပိတ်ထားတဲ့အတွက် လှောင်မြဲလှောင်နေဆဲအိမ်တွေနဲ့ တူပါတယ်။ ဂျာနယ်တစ်ခုတည်း မှာ ကျွန်တော် ဖတ်ရပါတယ်။ ဂျပန်နိုင်ငံကို မိတ်ဆွေတွေသွားပြီးတော့လည်တဲ့အခါ စာကြည့်တိုက် အကြောင်း စကားစပ်မိရင်းနဲ့ ကျွန်တော်တို့ဆီမှာတော့ စာကြည့်တိုက်တွေတော်တော်များများက ဖွင့်ပြီးသိပ်မကြာခင် အဲဒီလိုပဲပိတ်ပိတ်သွားတယ်ဆိုတော့ ဂျပန်နိုင်ငံက အဲဒီမိတ်ဆွေကပြောပါတယ်။ ကျွန်တော်တို့ဆီမှာ စာကြည့်တိုက်တစ်ခုဖွင့်လိုက်ရင် ဘယ်တော့မှမပိတ်တော့ဘူးတဲ့။ စာကြည့်တိုက်က စဖွင့်တဲ့အချိန်ကစပြီး တစ်သက်လုံးရှင်သန်ထက်မြက်သွားတယ်။ ဒါက သူ့စကားမှန်တယ်ဆိုတာကို ဂျပန်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်နေတဲ့အခြေအနေက ဒါကိုသိနိုင်ပါတယ်။ ဒီစကားက ဒါအမှန်တရားပါပဲ။ နောက်တစ်ခုက တရုတ်ပညာရှင်ကြီး ကွန်ဖြူးရှပ်ရဲ့အဆိုအမိန့်တစ်ခုကိုလည်း ကျွန်တော်ဝေမျှချင် ပါတယ်။ သူကဘာပြောလဲဆိုတော့ ဆင်ခြင်မှုမရှိတဲ့လေ့လာသင်ယူမှုဟာ အချည်းနှီးပဲတဲ့။ အဲဒီတော့ လေ့လာသင်ယူမှုမရှိတဲ့ ဆင်ခြင်မှုဆိုတာကလည်း အန္တရာယ်များတယ်တဲ့။ အဲဒီတော့ ကျွန်တော်တို့ အခု Facebook ဆိုတဲ့ဆီကနေ Information တွေရနေပါတယ်။ အဲဒီတော့ ဒီဟာတွေကို ကျွန်တော် တို့က အခြေပြုပြီးတော့ Thinking တွေ ဆင်ခြင်တွေးတောမှုတွေလုပ်နေရင် ကျွန်တော်တို့အင်မတန် အန္တရာယ်များတယ်ဆိုတဲ့အချက်ကို အခုအချိန်မှာသဘောပေါက်နိုင်လိမ့်မယ်လို့ ထင်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့က လေ့လာသင်ယူမှုရှိတဲ့ ဆင်ခြင်တုံတရားကသာလျှင် ကျွန်တော်တို့အတွက် အကျိုးဖြစ်ထွန်းစေမှာ ဖြစ်ပါတယ်။ လေ့လာသင်ယူမှုဆိုတာ ဘယ်ကရမလဲ။ အဓိကကတော့ စာအုပ်တွေက ရပါတယ်။ စာအုပ်ဆိုတဲ့နေရာမှာလည်း လိုချင်တဲ့၊ ဖတ်ချင်တဲ့ စာအုပ်မှန်သမျှကို လူတစ်ယောက်က အကုန်မဝယ်နိုင်ပါဘူး။ ဒါကြောင့်မို့လို့ စာကြည့်တိုက်တွေက မလွဲမသွေ

လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီစာကြည့်တိုက်တွေရဲ့ ဖွံ့ဖြိုးတိုးတက်မှု ဒါကမလွဲမသေလိုအပ်ပါတယ်။ စာကြည့်တိုက်က ကျွန်တော်အပါအဝင် လူသားသန်းပေါင်းများစွာတို့ရဲ့ ကျေးဇူးရှင်ဖြစ်ပါတယ်။ ဒီကျေးဇူးရှင်က အခုအချိန်မှာ ကျွန်တော်တို့နိုင်ငံမှာတော့ ပထမတုန်းကတင်ပြခဲ့သလိုပဲ ဖျားနာနေပါတယ်။ အကြီးအကျယ်နာမကျန်း ဖြစ်နေပါတယ်။ အဲဒီတော့ ကျွန်တော်တို့ရဲ့ ကျေးဇူးရှင်တစ်ယောက်နာမကျန်းဖြစ်နေတာကို ကျွန်တော်တို့က ပြုစုစောင့်ရှောက်ကူညီကယ်မဖို့ တာဝန်ရှိပါတယ်။ ဒီခံစားချက်နဲ့ ကျွန်တော် ဒီအဆိုကိုတင်သွင်းခဲ့တာ ဖြစ်ပါတယ်။ အခု ကျွန်တော်နဲ့ထပ်တူ ကျွန်တော့်လိုခံစားပြီးတော့ စာအုပ်တွေရဲ့တန်ဖိုးကို ခံစားမှုအပြည့်နဲ့ ဆွေးနွေးပေးခဲ့ကြတဲ့လွှတ်တော် ကိုယ်စားလှယ်တွေ၊ ကျွန်တော့်လိုပဲ စိုးရိမ်ပူပန်မှုနဲ့ဆွေးနွေးပေးခဲ့ကြတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ ကျွန်တော်တို့ရဲ့ ခံစားချက်ကို အပြည့်အဝနားလည်မှုရှိတဲ့ ကျွန်တော့်ရဲ့ဆရာအရင်းတစ်ယောက်လည်းဖြစ်တဲ့ ပြန်ကြားရေးဝန်ကြီး ဒေါက်တာဖေမြင့်ကိုလည်း ကျေးဇူးတင်ပါတယ်။ အဲဒီတော့ ကျွန်တော့်အဆိုက ကျယ်ပြန့်တယ်၊ ကြီးမားတယ်။ လုပ်ဖို့၊ ကိုင်ဖို့က အချိန်တွေအများကြီးစောင့်ရမယ်ဆိုတာလည်း ကျွန်တော်သိပါတယ်။ ကျွန်တော်တို့နိုင်ငံတော်အစိုးရရဲ့ လက်ရှိအခြေအနေ၊ အခက်အခဲတွေ ကိုလည်း ကျွန်တော်နားလည်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်အဆိုရှင်တစ်ယောက်အနေနဲ့ကတော့ မိမိရဲ့အဆိုကို အတည်ပြုပေးဖို့ ဆန္ဒရှိသော်လည်း ပြန်ကြားရေးဝန်ကြီးက တင်ပြတဲ့အတိုင်း ကျွန်တော့်ရဲ့အဆိုကို မှတ်တမ်းတင်ပြီးတော့ တစ်ချိန်တည်းမှာ ဒီလုပ်ငန်းတွေကို စောင့်ကြည့်ပေးဖို့အတွက် ကျွန်တော်က ကျွန်တော့်ရဲ့သဘောထားကို တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးမြင့်လွင်၊ တွံတေးမဲဆန္ဒနယ်က တင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ် ၁၃ ဦးကဆွေးနွေးပြီး ပြန်ကြားရေးဝန်ကြီးဌာနက အဆိုအား မှတ်တမ်းတင်သင့်ကြောင်းဆွေးနွေးခဲ့ပါတယ်။ အဆိုရှင်ကလည်း မှတ်တမ်းတင်ပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။ ဒါ့ကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး မှတ်တမ်းတင်ရန်လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးမြင့်လွင် တင်သွင်းတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့ကို ရပ်နားကြောင်းနှင့် အစည်းအဝေး(၄၁)ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့်နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၉ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီမှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၂၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့ကို ၁၂း၂၅ နာရီအချိန်တွင် ရပ်နားပါသည်။

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၁) ရက်မြောက်နေ့
# (၇.၈.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့်
# ပုဂ္ဂိုလ်များ



ဒေါက်တာကြည်မို့မို့လွင်
(စဉ့်ကိုင် မဲဆန္ဒနယ်)



ဦးမြင့်သိန်း
(ဝက်လက် မဲဆန္ဒနယ်)



ဒေါ်သန္တာ
(အိမ်မဲ မဲဆန္ဒနယ်)



ဦးမြင့်ဦး
(သနပ်ပင် မဲဆန္ဒနယ်)



ဦးအောင်ကျော်ဖေ
(ပေါက်တော မဲဆန္ဒနယ်)



ဒေါက်တာရွှေပုံ
(ပဲခူး မဲဆန္ဒနယ်)



ဒေါက်တာမြင့်ထွေး (ပြည်ထောင်စုဝန်ကြီး)
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်